# ကြေးမုံ
The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

၁၃၇၇ ခုနှစ် တပေါင်းလပြည့်ကျော် ၁၃ ရက် အင်္ဂါနေ့ 5, Tuesday April 2016 (၈၅၂၇)



KBZ BANK
STRENGTH OF MYANMAR


## ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့ ကျင်းပ ပြည်ထောင်စုဝန်ကြီး နှစ်ဦး၊ ပြည်ထောင်စုရှေ့နေချုပ်နှင့် ပြည်ထောင်စုစာရင်းစစ်ချုပ်တို့၏ အမည်စာရင်း တင်သွင်း

သတင်း စာမျက်နှာ - ၈ သို့

# ဒေါ်အောင်ဆန်းစုကြည် ပြည်ထောင်စုဝန်ကြီး နှစ်နေရာ တာဝန်ထမ်းဆောင်မည်

**နိုင်လင်းကြည်၊ ကိုမင်း**

ယနေ့ကျင်းပသည့် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးတွင် နိုင်ငံတော်သမ္မတ ဦးထင်ကျော်၏ အစိုးရအဖွဲ့တွင် ပါဝင်မည့် ပြည်ထောင်စုဝန်ကြီး နှစ်နေရာအတွက် ခန့်အပ်တာဝန်ပေးသင့်သည့် ပုဂ္ဂိုလ်နှစ်ဦး၏ အမည်စာရင်းကို လွှတ်တော်သို့ တင်သွင်းခဲ့သည်။

ယင်းပြည်ထောင်စုဝန်ကြီးနှစ်နေရာမှာ ယခင်က ဒေါ်အောင်ဆန်းစုကြည် တာဝန်ယူကိုင်တွယ်သွားမည်ဟုဆိုသည့် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့ဖြစ်ပြီး ဦးဖေဇင်ထွန်းအား လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးအဖြစ်လည်းကောင်း၊ ဒေါက်တာမျိုးသိမ်းကြီးအား ပညာရေးဝန်ကြီးဌာန ဝန်ကြီးအဖြစ်လည်းကောင်း ခန့်အပ်တာဝန်ပေးရန် ပြည်ထောင်စုလွှတ်တော်တွင် အမည်စာရင်းတင်သွင်းခဲ့ခြင်းဖြစ်သည်။

ဒေါ်အောင်ဆန်းစုကြည်သည် ယခင်က နိုင်ငံခြားရေး၊ သမ္မတရုံး၊ ပညာရေးနှင့် လျှပ်စစ်စွမ်းအင်ဝန်ကြီးဌာန စုစုပေါင်းဝန်ကြီးဌာနလေးခုအား တစ်ဦးတည်းတာဝန်ယူကိုင်တွယ်သွားမည်ဟု ဆိုသော်လည်း လက်ရှိတွင် ဝန်ကြီးဌာနလေးခုအနက် ဝန်ကြီးဌာနနှစ်ခုကို အခြားဝန်ကြီးနှစ်ဦးအား

စာမျက်နှာ ၈ ကော်လံ ၄ သို့ ❑

## အုပ်ချုပ်သူနှင့် ပြည်သူတို့အကြား ဆက်သွယ်မှုမီဒီယာလုပ်ငန်းကို ဆောင်ရွက်ခဲ့သော မြန်မာ့ရုပ်စုံသဘင် ပိုမိုထွန်းကားဖွံ့ဖြိုးလာစေရန် မြန်မာနှင့် နိုင်ငံတကာ ရုပ်စုံသဘင်ပွဲတော်ကျင်းပ

**အေးမြ(မန္တလေး)**

ကြိုးဆွဲဆရာ ဆွဲငင်ကပြနေသော ရုပ်သေးရုပ်ကလေးများ၏ လှုပ်ရှားကပြနေဟန်၊ အသံပညာရှင်များက သီဆိုနေသော အဆို၊ အငို၊ အပြောတို့နှင့် လိုက်ဖက်ညီစွာ ပံ့ပိုးပေးနေသည့် တူရိယာပညာရှင်များ၏ ဂီတသံတို့မှာ ပညာရှင်အသီးသီးတို့ထံမှ သီးခြားစီဖန်တီးလိုက်ခြင်း ဖြစ်သော်လည်း တစ်ထပ်တည်းဖြစ်ကာ အောက်မေ့ဖွယ်ရာ... 



ကြိုးဆွဲဆရာ ဆွဲငင်ကပြနေသော ရုပ်သေးရုပ်ကလေးများ၏ လှုပ်ရှားကပြနေဟန်၊ အသံပညာရှင်များက သီဆိုနေသော အဆို၊ အငို၊ အပြောတို့နှင့် လိုက်ဖက်ညီစွာ ပံ့ပိုးပေးနေသည့် တူရိယာပညာရှင်များ၏ ဂီတသံတို့မှာ ပညာရှင်အသီးသီးတို့ထံမှ သီးခြားစီဖန်တီးလိုက်ခြင်း ဖြစ်သော်လည်း တစ်ထပ်တည်းဖြစ်ကာ အောက်မေ့ပရိသတ်များကို ဆွဲဆောင်လျက်ရှိသည်။

မြင်ကွင်းကား မန္တလေးမြို့ အမျိုးသားဇာတ်ရုံတွင် ကျင်းပလျက်ရှိသော မြန်မာနှင့် နိုင်ငံတကာ ရုပ်စုံသဘင်ပွဲတော်တွင် မြန်မာ့ရုပ်စုံသဘင်ဖြင့် ဖျော်ဖြေပေးနေသည့် မြင်ကွင်းဖြစ်သည်။

ပွဲတော်ကို ဧပြီ ၂ ရက်နှင့် ၃ ရက်တို့တွင် နံနက် ၉ နာရီမှ ည ၉ နာရီအထိ ကျင်းပခဲ့ခြင်းဖြစ်သည်။ Swiss Development Cooperation မှ အဓိကပံ့ပိုးပေးပြီး Gothere Institute ရန်ကုန်နှင့် မြန်မာနိုင်ငံ ရုပ်စုံသဘင်အသင်းတို့ ပူးပေါင်းဆောင်ရွက်မှုကို Myanmar Upper Land မှ တာဝန်ယူအကောင်အထည်ဖော်သော “မြန်မာ့ရုပ်စုံသဘင် ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ် (၂၀၁၅-၂၀၁၆)၏ နောက်ဆုံးအပိုင်း ဖြစ်ကြောင်းနှင့်

စာမျက်နှာ ၃ ကော်လံ ၅ သို့ ◆




## ကြေးမုံ

# အဂတိကင်းစင်သည့် အစိုးရပေါ်ပေါက်ရေး

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ခေါင်းဆောင်သော အစိုးရသစ် ပေါ်မလာခင်ကတည်းက 'ငါတို့နိုင်ငံ ဒီမိုကရေစီနိုင်ငံဖြစ်လာလို့ အစိုးရသစ်ပေါ်လာရင် အဂတိကင်းစင်တဲ့အစိုးရဖြစ်ရမယ်' ဆိုသည့် မျှော်လင့်ချက်ကို ပြည်သူတို့ အခိုင်အမာရင်ထဲမှာ စွဲထားခဲ့တာဖြစ်သည်။ ထို့ကြောင့်ပဲ ၂၀၁၁ ဦးသိန်းစိန် အစိုးရအဖွဲ့ ပေါ်လာသည့်အခါ ကောင်းမွန်သောအုပ်ချုပ်ရေး၊ သန့်ရှင်းသောအစိုးရဆိုသော မိန့်ခွန်းနှင့် အာဏာစင်မြင့်ပေါ် တက်လာသည့်အခါ မြန်မာပြည်သူတို့ သံသယများ မယုံကြည်မှုများကြား ဟုတ်လိမ့်နိုးနိုး စိတ်ထားဖြင့် ဝမ်းသာခဲ့ကြသည်။ နှစ်ပေါင်းများစွာ၊ ဆယ်စုနှစ်များစွာ မသန့်မရှင်း အစိုးရများနှင့်နေခဲ့ရသောကြောင့် သန့်ရှင်းသောအစိုးရပေါ်လာတော့မည်ဟူသော စကားသံကြားရုံမျှနှင့်ပင် ပြည်သူတို့မှာ ဝမ်းသာအားရအတော်ဖြစ်ခဲ့ကြရသည်။

သို့သော်လည်း အမှန်တကယ် အစိုးရအလုပ်လုပ်သည့် ကာလတစ်ခုကို ဖြတ်သန်းပြီးချိန်မှာ ဦးသိန်းစိန် အစိုးရအနေဖြင့် အဂတိလိုက်စားမှုကို နိုင်နိုင်နင်းနင်း ကိုင်တွယ်နိုင်စွမ်းမရှိဘူးဟူသောအမြင်က ပြည်သူတို့ရင်ထဲတွင် စွဲမြဲလာခဲ့သည်။

ယခု ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်သော အစိုးရသစ်တစ်ရပ် ပေါ်ပေါက်လာခဲ့ပြီ။ ပြည်သူတင်မြှောက်သော ပြည်သူ့အစိုးရတစ်ရပ် ပေါ်လာခဲ့ပြီ။ ခေါင်းဆောင်ဖြစ်သူ ဒေါ်အောင်ဆန်းစုကြည်ကလည်း ပြည်သူ့အစိုးရအဖွဲ့ဝင်များ အဂတိကင်းစင်ရေးသည် အစိုးရသစ်၏ အဓိကရည်မှန်းချက်အဖြစ် သတ်မှတ်ထားကြောင်း ကြေညာထားသည်။

ပြည်သူလူထုက ဒေါ်အောင်ဆန်းစုကြည်အစိုးရကို ဦးသိန်းစိန် အစိုးရထက် အများကြီးပို၍ အားထားယုံကြည်နေကြသည်ကအမှန်။

အဆိုပါ ပြည်သူ့ယုံကြည်ချက်ကို ခိုင်ခိုင်မာမာ လက်တွေ့ပြရန် သမ္မတဦးထင်ကျော်နှင့် အစိုးရအဖွဲ့များ အပါအဝင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ လွှတ်တော်ကိုယ်စားလှယ် အဖွဲ့ဝင်များအားလုံးက ဆုံးဖြတ်ထားသည်ဟု ယူဆရသည်။ သည်လို ဆုံးဖြတ်ထားနိုင်ကြရန်လည်း ခေါင်းဆောင်ဖြစ်သူ ဒေါ်အောင်ဆန်းစုကြည်က အတိအကျမှုချမှတ်ဆောင်ရွက်ထားပြီးဖြစ်နေသည်။

လက်တွေ့အားဖြင့်လည်း အစိုးရအဖွဲ့ဝင်များ အပါအဝင် လွှတ်တော်ကိုယ်စားလှယ်များအားလုံးအနေဖြင့် သည်လို သန့်ရှင်းစွာ၊ ပင်ပန်းကြီးစွာ၊ ကြိုးစားအားထုတ်မှုကြီးစွာ တာဝန်ယူဆောင်ရွက်ရမည်ဆိုသည်ကို နားလည်ပြီးဖြစ်နေသည်ဟု ယုံကြည်ပါသည်။

ပြည်သူလူထုအဖို့မှာမူ မိမိတို့ ယုံကြည်စွာတင်မြှောက်ခဲ့သည့် အစိုးရဖြစ်သည့်အားလျော်စွာ အားပေးကူညီထောက်ခံကြရန် ဆုံးဖြတ်ထားကြပြီးဖြစ်သည်။ သည်လို ပြည်သူ့ယုံကြည်မှုအပြည့်အဝရရှိသည့် အစိုးရအဖွဲ့ဝင်များကလည်း ပြည်သူလူထု၏ ယုံကြည်မှုနှင့် အားပေးထောက်ခံမှုကို လေးစားရိုသေစွာဖြင့် မိမိတို့ကိုယ်ကိုသန့်ရှင်းအောင်၊ အဂတိကင်းစင်အောင် ထိန်းသိမ်းရင်း ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ အားထုတ်ဆောင်ရွက်ကြလိမ့်မည်ဟု ယုံကြည်မျှော်လင့်မိပါကြောင်း။ ။




# နိုင်/ကျဉ်းများ လွတ်မြောက်ရန် ငှက်လွှတ်ဆုတောင်း

**ရန်ကုန် မေ ၄**

ဖမ်းဆီးခံထားရသော နိုင်ငံရေးအကျဉ်းသားများ အစိုးရသစ်လက်ထက်တွင် အမြန်ဆုံးလွတ်မြောက်ရန်အတွက် ရန်ကုန်မြို့ မဟာဗန္ဓုလပန်းခြံရှေ့၌ နိုင်ငံရေးအကျဉ်းသားဟောင်းများက မေ ၄ ရက်တွင် ငှက်လွှတ်ဆုတောင်းပွဲ ပြုလုပ်ခဲ့သည်။

"အခုတက်လာတဲ့ နိုင်ငံတော်သမ္မတ ဦးထင်ကျော်အတွက်လေးစား ဂုဏ်ယူပါတယ်။ ဒီရက်ပိုင်းအတွင်းမှာ မတရားဖမ်းဆီးခံထားရတဲ့ နိုင်ငံရေးအကျဉ်းသားတွေလွှတ်ဖို့ သမ္မတကြီးနဲ့ ကာလုံအဖွဲ့ကို မေတ္တာရပ်ခံတိုက်တွန်းချင်ပါတယ်"ဟု ငှက်လွှတ်ပွဲတွင် ပါဝင်ခဲ့သော ဒီမိုကရေစီအင်အားစုမှ ဦးဘမြင့်က ပြောသည်။

အဆိုပါ နိုင်ငံရေးအကျဉ်းသားများ လွတ်မြောက်ရေးအတွက် ငှက်လွှတ်ပွဲတွင် ခေတ်အဆက်ဆက် ဒီမိုကရေစီရေးတွင် ကျဆုံးသွားသော သူရဲကောင်းများအား ဂုဏ်ပြုသည့်အနေဖြင့် တစ်မိနစ်ငြိမ်သက်ခြင်း၊ ဗုဒ္ဓဘာသာ၊ ခရစ်ယာန်ဘာသာ၊ အစ္စလာမ်ဘာသာနှင့် ဟိန္ဒူဘာသာတို့မှ နိုင်ငံရေးအကျဉ်းသားများ လွတ်မြောက်ရေးအတွက် ဆုတောင်းမေတ္တာပို့ခဲ့ကြသည်။




ပြည်သူတွေကို နိုင်ငံရေးအကျဉ်းသားတွေလွှတ်ဖို့နဲ့ ပတ်သက်ပြီး သိပ်ဆန္ဒမစောကြပါနဲ့လို့ ပြောချင်ပါတယ်"ဟု နိုင်ငံရေးလှုပ်ရှားမှုများကြောင့် အကျဉ်းကျခံနေရပြီး လက်ရှိအချိန်ထိ ပုဒ်မ (၁၈)ဖြင့်တရားရင်ဆိုင်နေရဆဲ ဒေါ်နော်အုန်းလှက ကျောက်တံတားမြို့နယ်တွင် ရုံးထုတ်လာစဉ် ပြောသည်။ ၎င်းက နိုင်ငံရေးအကျဉ်းသားများကို လွတ်ငြိမ်းချမ်းသာခွင့်ပေးသည်ဆိုသည်ကို ယခင်အစိုးရလက်ထက်က မကြာခဏကြုံခဲ့ဖူးကြောင်း၊ လွတ်ငြိမ်းချမ်းသာခွင့်ဆိုသည်မှာ ဥပဒေအရ သမ္မတတစ်ဦးတည်း၏ သဘောနှင့်မရဘဲ ကာလုံ၏ သဘောတူညီချက်ပါ ရယူရမည်ဖြစ်သောကြောင့် ရုတ်တရက် လွတ်ငြိမ်းချမ်းသာခွင့်ပေးရန် မလွယ်ကူကြောင်း ပြောကြားခဲ့သည်။ **ရိုး(ဘူမိ)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် မေ ၄**

ရန်ကုန်(ရွှေဈေး) ၇၇၀၀၀၀ - ၇၇၀၀၀၀၊ မန္တလေး(ရွှေဈေး) ၇၆၉၅၀၀ - ၇၆၉၅၀၀

**စက်သုံးဆီဈေးနှုန်း**

| | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၄၈၀/၅၀၀ ကျပ်၊ | ၅၂၀/၅၃၀ ကျပ် |
| (ခ) အောက်တိန်း 95 | တစ်လီတာ | ၆၃၀/၆၅၀ ကျပ်၊ | ၇၃၀/၇၄၀ ကျပ် |
| (ဂ) အောက်တိန်း 92 | တစ်လီတာ | ၅၃၀/၅၅၀ ကျပ်၊ | ၆၀၀/၆၁၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၅၁၀/၅၄၀ ကျပ်၊ | ၅၇၀/၅၉၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၄၀၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၄၄၀ ကျပ်၊

အောက်တိန်း 92 တစ်လီတာ ၄၆၀ ကျပ်

**၂၈-၃-၂၀၁၆ ရက်နေ့မှ ၁-၄-၂၀၁၆ ရက်နေ့အတွင်း ပြည်ပမှ မှာယူတင်သွင်းသည့် စက်သုံးဆီများ၏ ဆိပ်ကမ်း အရောက်ပျမ်းမျှအရင်းဈေးမှာ အောက်တိန်း 92 တစ်လီတာ ၄၉၄ ကျပ်နှင့် ဒီဇယ် တစ်လီတာ ၄၂၈ ကျပ် ဖြစ်ပါသည်။** *(လက်လီဆိုင်များ ရောင်းဈေးအနေဖြင့် သိုလှောင်စရိတ်၊ သယ်ပို့စရိတ် ခရီးအကွာအဝေး ပေါ် မူတည်၍ ဈေးနှုန်းကွာခြားနိုင်ပါသည်။)*

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၂၁၀. ၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၃၇၉. ၉ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၁၈၆. ၇၇ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၃၄. ၄၂၄ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၁၁. ၂၉ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၁၈. ၂၃၂ |
| (ဆ) ဂျပန် | တစ်ရာယန်း | = | ၁၀၈၅. ၄ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၀၅. ၃၇ |
| (ဈ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၉၂၇. ၅၉ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၈၉၇. ၂၆ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း**

ကြေးမုံ
နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးငွေအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေးဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှုံသင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ ခင်စုစုလှိုင်၊ အေးအေးမြင့်
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလှိုဲ

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

၁၉၅၇ မေ ၁၆ တွင် စတင်တည်ထောင်သည်။ ကြေးမုံ Mirror Established in 1957

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂၊ မန်နေဂျာ ၀၁-၈၆၁၀၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# မျှော်လင့်ချက်တွေကို သတိတရားနဲ့ ဆုပ်ကိုင်ကြမယ်

## ကိုဝ


လူထုအစိုးရသစ်တက်လာလို့ ပြည်သူတွေရွှင်မြူးနေတာတွေ့ရတော့ စိတ်ထဲမှာ ဝမ်းသာကြည်နူးမိပါတယ်။ ဒါပေမယ့် တစ်ဖက်မှာလည်း နှစ်ပေါင်းများစွာ စုပုံလာခဲ့တဲ့ ပြဿနာတွေကြောင့် ပြည်သူလူထုရဲ့ မျှော်လင့်ချက်တွေကို အချိန်တိုအတွင်း ဖြေရှင်းပေးဖို့မလွယ်တဲ့အခြေအနေကိုတွေးမိပြီး စိတ်လေးမိပါတယ်။ လူ့သဘာဝကလည်း ကိုယ်မျှော်လင့်သလိုမဖြစ်တဲ့အခါ စိတ်ပျက်တတ်ပါတယ်။ ပြည်သူလူထုရဲ့ အပြည့်အဝပူးပေါင်းလက်တွဲမှု လိုအပ်နေချိန်မှာ အဲဒီလိုသာ စိတ်ပျက်နေခဲ့ရင် လူထုအစိုးရသစ်ရဲ့ခြေလှမ်းတွေကို နှေးကွေးသွားစေနိုင်ပါတယ်။ တိုင်းပြည်ရဲ့ အချိန်ယူဖြေရှင်းဖို့လိုတဲ့ ပြဿနာတွေရဲ့သဘောသဘာဝကို ကြည့်ရအောင်ပါ။

တိုင်းပြည်ရဲ့ စီးပွားရေးနဲ့ပတ်သက်ပြီး ပြောဆိုဝေဖန်ကြတဲ့အခါ လယ်ယာစိုက်ပျိုးရေးကဏ္ဍမှာ ရင်းနှီးမြှုပ်နှံမှုလုံလုံလောက်လောက်မရှိဘူး။ အသေးစား၊ အလတ်စား စက်မှုကုန်ထုတ်လုပ်ငန်းတွေ အားပျော့နေတယ်ဆိုတာတွေက စီးပွားရေးပညာရှင်တိုင်းက သဘောတူထားတဲ့ အချက်တွေပါ။ ဒီပြဿနာနှစ်ရပ်စလုံးမှာ ချေးငွေလုံလုံလောက်လောက်မပံ့ပိုးပေးနိုင်တာက အဓိကအကြောင်းရင်းတစ်ရပ်ပါ။ ပြည်တွင်းဘဏ်တွေကလည်း မြေယာပိုင်ဆိုင်မှုကို အာမခံချက်မပေးနိုင်ရင် ချေးငွေထုတ်မပေးတာကြောင့် ဒီကဏ္ဍနှစ်ရပ်ရဲ့ ချေးငွေလိုအပ်ချက်ကို ထိထိရောက်ရောက် မပံ့ပိုးနိုင်ပါဘူး။ ပြည်ပဘဏ်တွေကို မြန်မာ့စီးပွားရေးမှာ ပါဝင်ဆောင်ရွက်ခွင့်ပြုထားတယ်ဆိုပေမယ့် ဒီကဏ္ဍနှစ်ရပ်မှာ ပြည်သူလူထုနဲ့ တိုက်ရိုက်ထိတွေ့ပြီး ချေးငွေထုတ်ပေးခွင့်ကိုတော့ ခွင့်ပြုမပေးထားသေးပါဘူး။ ဒီလို ခွင့်ပြုမပေးသေးတာက ပြည်ပဘဏ်တွေရဲ့ ယှဉ်ပြိုင်မှုကြောင့် ပြည်တွင်းဘဏ်တွေ ယိုင်လဲမသွားအောင် ကာကွယ်ပေးတာဖြစ်သလို တစ်ဖက်မှာလည်း နိုင်ငံတော်ဗဟိုဘဏ်က

**ပြည်ပဘဏ်တွေကို မြန်မာ့စီးပွားရေးမှာ ပါဝင်ဆောင်ရွက်ခွင့်ပြုထားတယ်ဆိုပေမယ့် ဒီကဏ္ဍနှစ်ရပ်မှာ ပြည်သူလူထုနဲ့တိုက်ရိုက်ထိတွေ့ပြီး ချေးငွေထုတ်ပေးခွင့်ကိုတော့ ခွင့်ပြုမပေးထားသေးပါဘူး။**

သူ့ရဲ့လုပ်ငန်းဆောင်တာတွေကို အပြည့်အဝထမ်းဆောင်နိုင်တဲ့ အခြေအနေမရှိသေးလို့ပါ။ နိုင်ငံတော်ဗဟိုဘဏ်ရဲ့ လုပ်ငန်းဆောင်တာတွေ အပြည့်အဝမထမ်းဆောင်နိုင်သေးရင် ပြည်ပဘဏ်တွေကို တိုင်းပြည်ရဲ့ လိုအပ်ချက်နဲ့အညီ မူဝါဒချမှတ်ထိန်းကျောင်းနိုင်မှာ မဟုတ်ပါဘူး။ ဒီလိုအခြေအနေမှာ ပြည်တွင်းဘဏ်တွေက ချေးငွေထုတ်ပေးရာမှာ မြေယာလိုပိုင်ဆိုင်မှုအာမခံကို အားမပြုဘဲ လုပ်ငန်းရဲ့အလားအလာအပေါ် အားပြုပြီး ချေးငွေထုတ်ပေးနိုင်အောင် အရည်အသွေးမြှင့်တင်ပေးနိုင်ဖို့ လိုပါတယ်။ ဒါကလည်း အချိန်ယူအကောင်အထည်ဖော်ရမယ့်ကိစ္စပါ။ ဒီချေးငွေပြဿနာတစ်ခုတည်းကြည့်ရင်ကို အပြန်အလှန်အဆင့်ဆင့် ချိတ်ဆက်နေတဲ့ ကွင်းဆက်တွေကို တွေ့ရမှာပါ။ ကွင်းဆက်တစ်နေရာမှာ ချို့ယွင်းနေရင်ကိုပဲ ပြဿနာကို ဖြေရှင်းကိုင်တွယ်ရာမှာ အားနည်းသွားမှာပါ။

တိုင်းပြည်ကရင်ဆိုင်ရတော့မယ့် အာဆီယံစီးပွားရေးရိပ်မြုံ (ASEAN Economic Community- AEC) ကိုကြည့်ရအောင်ပါ။ မြန်မာနိုင်ငံအနေနဲ့ အာဆီယံစီးပွားရေးရိပ်မြုံ (AEC) နဲ့ပတ်သက်ပြီး ဘာကိုမှ ထိထိရောက်ရောက် မပြင်ဆင်ရသေးပါဘူး။ တခြားအာဆီယံနိုင်ငံတွေက မြန်မာနိုင်ငံသူနိုင်ငံသားတွေကို ရောင်းချမယ့် ကုန်ပစ္စည်းတွေ ကဏ္ဍတိုင်း ကဏ္ဍတိုင်းမှာ အသင့်ရှိနေပါတယ်။ မြန်မာနိုင်ငံက ကျန်အာဆီယံနိုင်ငံတွေကို ရောင်းချဖို့ ဘယ်လိုကုန်ပစ္စည်းတွေ အဆင်သင့်ဖြစ်နေပြီလဲ။ အမှန်အတိုင်းပြောရရင် မြန်မာနိုင်ငံက ရောင်းချနိုင်မယ့်ကုန်ပစ္စည်း မည်မည်ရရမရှိသေးပါဘူး။ ကိုယ့်ဈေးကွက်ထဲကို ကျန်အာဆီယံနိုင်ငံတွေ စိတ်ကြိုက်ဝင်ခွင့်ပေးရပြီး ကိုယ်ကတော့ ကျန်အာဆီယံနိုင်ငံတွေကို ရောင်းချရမယ့် ကုန်ပစ္စည်း မည်မည်ရရမရှိခဲ့ရင် တိုင်းပြည်ရဲ့စီးပွားရေး အချုပ်အခြာအာဏာကို အကြီးအကျယ်ထိပါးတော့မှာပါ။ ဒီကိစ္စက ချက်ချင်းအရေးယူဆောင်ရွက်ရမယ့်ကိစ္စဖြစ်ပေမယ့် အချိန်ယူဆောင်ရွက်မှ ဖြစ်မြောက်အောင်မြင်နိုင်တဲ့ကိစ္စပါ။ ထိုင်းနိုင်ငံဆို ထိုင်း-မြန်မာ နယ်စပ်ဒေသတွေမှာ ထိုင်းပြည်သူတွေကို မြန်မာစာ သင်ကြားပေးနေပါပြီ။ မြန်မာဈေးကွက်ထဲဝင်ရောက်ဖို့ ကြိုတင်ပြင်ဆင်တဲ့ ခြေလှမ်းတစ်လှမ်းပါ။ တက်ကြွနေတဲ့ ပြည်သူလူထုရဲ့ မျှော်လင့်ချက်တွေကို ချိုးနှိမ်ဖို့ ဒီပြဿနာတွေကို တင်ပြနေတာမဟုတ်ပါဘူး။ တိုင်းပြည်ကရင်ဆိုင်နေရတဲ့ နက်ရှိုင်းတဲ့ ပြဿနာတွေရဲ့ သဘောသဘာဝကို နှလုံးသွင်းပြီး ပြည်သူလူထုက လူထုအစိုးရကို စိတ်ရှည်လက်ရှည် အားတက်သရော အပြည့်အဝလက်တွဲပူးပေါင်းဆောင်ရွက်နိုင်ဖို့ပါ။ ဒါမှသာ လူထုအစိုးရက တိုင်းပြည်ရဲ့ ရွှေရောင်နောင်အနာဂတ်ကို ဖန်တီးနိုင်မှာပါ။



### ◆ မြန်မာ့ရုပ်စုံမှ

အကျိုးပြုရုပ်စုံသဘင်အဖွဲ့များ ပိုမိုထွန်းကားလာစေရန်၊ ရုပ်စုံသဘင်ပညာရပ်များ ပြန်လည်ထိန်းသိမ်းမြှင့်တင် ပြန့်ပွားလာစေရန်၊ ဖန်တီးနိုင်မှုစွမ်းအားဖြင့် သဘင်ပညာရပ်များ သင်ကြားမှုတွင် အထောက်အကူပြုစေရန်၊ နိုင်ငံတကာမှ ရုပ်စုံပညာရှင်များ၊ ရုပ်စုံအဖွဲ့အစည်းများနှင့် ဆက်သွယ်မှု ဖွံ့ဖြိုးတိုးတက်လာစေရန် ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

ပွဲတော်တွင် မြန်မာနိုင်ငံမှ ရုပ်စုံသဘင်နှင့် ဆက်နွယ်သည့်ကဏ္ဍများမှ ပညာရှင် ၁၃ ဦးတို့က "မြန်မာ့ရုပ်စုံသဘင်၏ အနာဂတ်"၊ "မြန်မာ့မူပိုင် မြန်မာ့ရုပ်စုံသဘင်"၊ "ရုပ်စုံသဘင်ဆိုင်ရာ ဆိုင်းတီးချက် တီးလက်များ"၊ "ကလေးတို့ပညာရေး ရုပ်သေးပညာဖြင့် ဆွဲဆောင်ပေး"၊ "အစဉ်အလာကြီးမားခဲ့သော မြန်မာ့ရုပ်စုံသဘင်"၊"မြန်မာ့ရုပ်စုံ အရုပ်ပြင်ဆင်မှုနှင့် ဝတ်စားဆင်ယင်မှု"၊ "မြန်မာ့ရုပ်စုံသဘင် ပျောက်ကွယ်လာရခြင်း အကြောင်းအရင်းနှင့် အနာဂတ်"၊ "ရုပ်စုံသဘင်ဆိုင်ရာ ကပြဖျော်ဖြေမှု"၊"ရုပ်စုံသဘင်ဆိုင်ရာ ဇာတ်စာနှင့် ဇာတ်စကား"၊ "ကျွန်မနှင့် မြန်မာ့ရုပ်စုံသဘင်"နှင့် "မြန်မာရိုးရာ ရုပ်စုံနှင့် လူအကတို့၏ ဆက်နွယ်မှုတွင် ကွဲပြားခြားနားသော ဟန်များ" ခေါင်းစဉ်များဖြင့် စာတမ်းများဖတ်ကြားခြင်း၊ ကမ္ဘာ့ရုပ်စုံသဘင်အဖွဲ့ချုပ်မှ (President of UNIMA)Mr. Dadi Pudumjee က ကမ္ဘာ့ရုပ်စုံသဘင်အဖွဲ့ချုပ်အကြောင်း၊ အင်ဒိုနီးရှားနိုင်ငံ (Paper Moon) ရုပ်စုံသဘင်အဖွဲ့နှင့် ထိုင်းနိုင်ငံ (Baby Mime) ရုပ်စုံသဘင်တို့မှ သူတို့၏အနုပညာအကြောင်းများ ဟောပြောခဲ့ကြပြီး Project Coordinator ဦးကျော်မျိုးကိုက အနာဂတ်ရည်မှန်းချက်အတွက် ပြန်လည်သုံးသပ်ပြောကြားသည်။

**ပညာရှင်များ ဆက်လက်သုတေသနပြုလေ့လာချက်များအရ အင်းဝခေတ်ထက်စော၍ ရုပ်စုံသဘင်ရှိခဲ့သည့် အထောက်အထားများ တွေ့ရှိရကြောင်း ရှေးအခါက ရုပ်စုံသဘင်သည် ပြည်သူတို့အား ဖျော်ဖြေမှုပြုရုံသာမက လောကီ၊ လောကုတ္တရာ နှစ်ဖြာသော ပညာရပ်များ ဖြန့်ဝေပေးခဲ့သော အနုပညာရပ်ဖြစ်**

ဖျော်ဖြေရေးအစီအစဉ်များအဖြစ် မေ ၂ ရက် ညနေပိုင်းတွင် မြန်မာ့ဆိုင်းဝိုင်း၊ ရုပ်စုံသဘင်အဖွဲ့(ရန်ကုန်)နှင့် အင်ဒိုနီးရှားနိုင်ငံ ရုပ်စုံအဖွဲ့မှ လည်းကောင်း၊ မေ ၃ ရက် ညနေပိုင်းတွင် မြန်မာ့ဆိုင်း၊ ရုပ်စုံသဘင်အဖွဲ့ (မန္တလေး)၊ ထိုင်းရုပ်စုံအဖွဲ့၊ သင်တန်းဆင်းကျောင်းသူ ကျောင်းသားများ၏ ဖျော်ဖြေတင်ဆက်မှုနှင့် ဦးရဲဒွေး၏ ကမ္ဘာ့ခေတ်ပေါ် ရုပ်စုံဖျော်ဖြေတင်ဆက်မှုများကို တင်ဆက်ခဲ့ကြောင်း သိရသည်။

မြန်မာ့ယဉ်ကျေးမှု အနုပညာရပ်များအတွက် ရုပ်စုံသဘင်သည် သဘင်အရပ်ရပ်တို့၏ ဦးဆောင်အနုပညာရပ်ဖြစ်ကြောင်း၊ စာပေအထောက်အထားများအရ အင်းဝခေတ်တွင် ရုပ်သေးစင်၊ ရုပ်ကြီးစင် စသည့်ရုပ်စုံသဘင်များ ရှိနေပြီဖြစ်ကြောင်း၊ ပညာရှင်များ ဆက်လက်သုတေသနပြုလေ့လာချက်များအရ အင်းဝခေတ်ထက်စော၍ ရုပ်စုံသဘင်ရှိခဲ့သည့် အထောက်အထားများ တွေ့ရှိရကြောင်း၊ ရှေးအခါက ရုပ်စုံသဘင်သည် ပြည်သူတို့အား ဖျော်ဖြေမှုပြုရုံသာမက လောကီ၊ လောကုတ္တရာ နှစ်ဖြာသော ပညာရပ်များ ဖြန့်ဝေပေးခဲ့သော အနုပညာရပ်ဖြစ်သည်။ အုပ်ချုပ်သူဘုရင်နှင့် ပြည်သူတို့အကြား ဆက်သွယ်မှုမီဒီယာလုပ်ငန်းကိုပါ ဆောင်ရွက်ပေးခဲ့သော အနုပညာရပ်တစ်ခုဖြစ်ခဲ့ကြောင်း Myanmar Upper Land မှ မန်နေဂျာ ကိုဘိုသင်းက ပြောသည်။

# နိုင်ငံရေးသမားနှင့် ကျောင်းသားများ လွတ်မြောက်ရေးအတွက် ကြိုးပမ်းသွားမည်

**သတင်း - မင်းသစ်**
**ဓာတ်ပုံ - ကျော်စွာမြင့်-ဖေ့ဘွတ်**

မြန်မာနိုင်ငံအနှံ့အပြားရှိ အကျဉ်းထောင်များတွင် အကျဉ်းကျခံနေရသည့် နိုင်ငံရေးအကျဉ်းသားများနှင့် တရားရုံးများတွင် အမှုရင်ဆိုင်နေရသည့် နိုင်ငံရေးသမားနှင့်ကျောင်းသားများ လွတ်မြောက်ရေးအတွက် ကြိုးပမ်းသွားမည်ဖြစ်ကြောင်း နိုင်ငံရေးအကျဉ်းသားဟောင်းများ အဖွဲ့မှ သိရသည်။

"ဒီမိုကရေစီအစိုးရသစ်လက်ထက်မှာ နိုင်ငံရေးအကျဉ်းသားတွေအားလုံး ခြွင်းချက်မရှိ လွှတ်ပေးခြင်းအားဖြင့် အမျိုးသားရင်ကြားစေ့ရေးအတွက် ခြေလှမ်းတစ်လှမ်းဖြစ်ပါတယ်။ အခုအချိန်မှာ နိုင်ငံရေးအကျဉ်းသားအားလုံး ခြွင်းချက်မရှိလွတ်မြောက်ရေးကို ဆက်လက်ပြီး စွမ်းဆောင်သွားမယ်"ဟု နိုင်/ကျဉ်းရေးရာကော်မတီ အတွင်းရေးမှူး ဦးထွန်းကြည်က ပြောသည်။

မြန်မာနိုင်ငံအနှံ့အပြားရှိ အကျဉ်းထောင်များတွင် နိုင်ငံရေးအကျဉ်းသား ၁၀၀ ခန့်ရှိပြီး တရားရုံးများတွင် အမှုရင်ဆိုင်နေရသည့် နိုင်ငံရေးသမားနှင့်ကျောင်းသားဦးရေ ၄၂၀ ခန့်ရှိကြောင်း နိုင်ငံရေး အကျဉ်းသားဟောင်းများ အဖွဲ့မှ သိရသည်။

"နိုင်ငံရေးအကျဉ်းသားတွေ လွတ်မြောက်ဖို့ အစိုးရသစ်ကို ဖိအားပေးတောင်းဆိုတာမျိုး လုပ်မှာမဟုတ်ဘူး။ အစိုးရသစ်ကလည်း ဒီကိစ္စကို ဦးစားပေးကိုင်တွယ်မယ်လို့ ပြောထားတာရှိတယ်။ ဘယ်လို အကောင်းဆုံးကိုင်တွယ်မယ်ဆိုတာ နည်းလမ်းရှာနေတယ်လို့ယူဆတယ်။ အချိန်အတိုင်းအတာတစ်ခုထိ စောင့်ကြည့်သွားမယ်။ မကြာခင်ကာလမှာ အားလုံးဝမ်းသာမယ့် ကိစ္စတစ်ခုကို အစိုးရသစ်အနေနဲ့ လုပ်ဆောင်သွားမယ်လို့ ယုံကြည်တယ်"ဟု နိုင်ငံရေးအကျဉ်းသားဟောင်းများ အဖွဲ့ ဦးဆောင်ကော်မတီဝင် ဦးတင်မောင်ဦးက ပြောသည်။



၂၀၁၁ ခုနှစ်မှ ၂၀၁၅ ခုနှစ်အတွင်း မြန်မာနိုင်ငံအနှံ့အပြားရှိ အကျဉ်းထောင်များတွင် အကျဉ်းကျခံနေရသည့် နိုင်ငံရေးအကျဉ်းသား ၁၅၀၀ ခန့်ကို လွတ်ငြိမ်းချမ်းသာခွင့် ပေးခဲ့ကြောင်း နိုင်ငံရေးအကျဉ်းသားဟောင်းများအဖွဲ့မှ သိရသည်။

# ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်း ရေကြီးရေလျှံမှုကြောင့် အနည်းဆုံး လူ ၅၃ ဦးသေဆုံး

**အစ္စလာမ္မာဘတ် မေ ၄**

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်းတွင် မိုးအဆက်မပြတ်ရွာသွန်းမှုများကြောင့် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ကာ ယင်းနှင့်ဆက်စပ်သည့် မတော်တဆမှုများကြောင့် အနည်းဆုံး လူ ၅၃ ဦးသေဆုံးခဲ့ပြီး အများအပြား ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ဒေသန္တရမီဒီယာများအရ သိရသည်။

ခေဘာပက်ထွန်ခွာခရိုင်၊ ကက်ရှ်မားနှင့် ဂေဂျစ်ဘာတီစတန်ခရိုင်နယ်မြေများတွင် မေ ၂ ရက်ကစပြီး မိုးအဆက်မပြတ်ရွာသွန်းမှုများကြောင့် ရေကြီးရေလျှံမှုများ ဖြစ်ပွားလျက်ရှိသည်။

ခေဘာပက်ထွန်ခွာခရိုင်တွင် ရေကြီးရေလျှံမှုကြောင့် လူနေအိမ် ၄၉ လုံးကျော် ပြိုကျပျက်စီးပြီး မြေပြိုမှုများကြောင့် လူပေါင်း ၃၇ ဦးသေဆုံးကာ ၂၇ ဦးထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ဘေးအန္တရာယ်ထိန်းချုပ်ရေးအာဏာပိုင်အဖွဲ့က ဆိုသည်။

မိုးပြင်းထန်စွာရွာသွန်းပြီး ဘာရာမြစ်ရေလျှံမှုကြောင့် ခရိုင်မြို့ပက်ရှ်ဝါရှိ ဈေးဆိုင် ၇၀ ကျော်နှင့် လူနေအိမ်များ ပျက်စီးခဲ့သည်။ အခြားခရိုင်များရှိ တံတားနှင့်လမ်းများလည်း ရေကြီးရေလျှံမှုများကြောင့် ပျက်စီးခဲ့ရပြီး မော်တော်ယာဉ်များ လမ်းမများပေါ်တွင် ပိတ်ဆို့သောင်တင်လျက်ရှိသည်။ မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် သစ်သီးခြံများနှင့် ကောက်ပဲသီးနှံများ ပျက်စီးဆုံးရှုံးခဲ့ရသည်။

ဂေဂျစ်ဘာတီစတန်ခရိုင်တွင် ရေကြီးမှုကြောင့် အနည်းဆုံး လူလေးဦးသေဆုံးခဲ့ပြီး အများအပြားထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သည်ရေဒီယိုပါကစ္စတန်သတင်းဌာနကဆိုသည်။

မိုးရေလျှံမှုများကြောင့် ချီလာစ်နှင့် ဂေဂျစ်မြို့များအကြား ကာရာကိုရမ်အဝေးပြေးလမ်းမပေါ်တွင် မြေပြိုမှုများဖြစ်ပွားကာ ခရီးသည်များသောင်တင်လျက်ရှိသည်။



ကက်ရှ်မားဒေသတွင် ရေကြီးရေလျှံမှုကြောင့် အိမ်တစ်လုံးပြိုကျပျက်စီးခဲ့ရာ မိသားစုဝင် ရှစ်ဦးစလုံး သေဆုံးခဲ့ကြောင်း သိရသည်။

ပါကစ္စတန်ဝန်ကြီးချုပ် နာဝပ်ရှာရစ်ဖ်က ရေကြီးရေလျှံမှုများကြောင့် လူများသေဆုံးခဲ့ခြင်းအပေါ် အလွန်ပင်ဝမ်းနည်းကြောင်းနှင့် အမျိုးသားဘေးအန္တရာယ်ကာကွယ်ထိန်းသိမ်းရေး အာဏာပိုင်အဖွဲ့နှင့် အခြားသောအာဏာပိုင်အဖွဲ့အစည်းများကို ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ရန်နှင့် အချိန်မီဆေးကုသမှုများ၊ အစားအစာနှင့် နေစရာအိမ်များ အမြန်ဆုံးထောက်ပံ့ပေးနိုင်ရန် ညွှန်ကြားထားကြောင်း ဝန်ကြီးချုပ်ရုံး၏ သတင်းထုတ်ပြန်ကြေညာချက်တွင် ဖော်ပြထားသည်။

ပါကစ္စတန်နိုင်ငံတွင် မုတ်သုံရာသီအကြိုမိုးရွာသွန်းမှုသည် နှစ်စဉ်ပြင်းထန်လျက်ရှိပြီး အပျက်အစီးအများအပြားကိုဖြစ်စေကြောင်း သိရသည်။ ယခင်နှစ်မုတ်သုံရာသီအကြိုမိုးရွာသွန်းမှုများကြောင့် ရေကြီးရေလျှံမှုများဖြစ်ပေါ်ကာ လူအများအပြား သေဆုံးခဲ့ရသည်။ **ဆင်ဟွာ။**

# တုန်ကင်ပင်လယ်ကွေ့တွင် တရုတ်သင်္ဘောတစ်စင်းကို

## ဗီယက်နမ်ကမ်းခြေစောင့်တပ်ဖွဲ့က ဖမ်းဆီး

**ဟန္နိုင်း မေ ၄**

ဗီယက်နမ်ရေပြင်ပိုင်နက်အတွင်းသို့ ဝင်ရောက်လာသော တရုတ် သင်္ဘောတစ်စင်းကို ဗီယက်နမ်ကမ်းခြေစောင့်တပ်ဖွဲ့က ဖမ်းဆီးခဲ့ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက မေ ၄ ရက်တွင် သတင်းထုတ်ပြန်သည်။

ဒီဇယ်ဆီများ တင်ဆောင်လာသည့် တရုတ်သင်္ဘောတစ်စင်းကို ဗီယက်နမ်နိုင်ငံမြောက်ပိုင်း ဟိုင်ဖုန်ဆိပ်ကမ်းမြို့ရှိ ကမ်းခြေစောင့်တပ်ဖွဲ့က တုန်ကင်ပင်လယ်ကွေ့အတွင်း ဖမ်းဆီးရမိခြင်းဖြစ်သည်။ ဗီယက်နမ်အာဏာပိုင်များက တရုတ်သင်္ဘောတစ်စင်းကို ဖမ်းဆီးခြင်းမှာ ကြုံတောင့်ကြုံခဲဖြစ်ရပ်ဖြစ်သည်။

ဗီယက်နမ်ရေပိုင်နက်အတွင်းသို့ ကျူးကျော်ဝင်ရောက်ခဲ့ကြောင်း ဖမ်းဆီးခံတရုတ်သင်္ဘော၏ ရေယာဉ်မှူးက ဗီယက်နမ်တာဝန်ရှိသူများအား ဝန်ခံပြောကြားခဲ့သည်။ သင်္ဘောပေါ်ရှိ ဒီဇယ်ဆီများသည် ဗီယက်နမ်ပိုင်နက်ရေပြင်အတွင်း ငါးဖမ်းနေသည့် တရုတ်ငါးဖမ်းရေယာဉ်များကို ထောက်ပံ့ပေးရန် သယ်ယူလာခြင်းဖြစ်သည်ဆို၏။

တရုတ်၊ ဗီယက်နမ်နှင့် တောင်တရုတ်ပင်လယ်ဒေသမှ အခြားနိုင်ငံအချို့တို့သည် ကျွန်းစုများနှင့် ကျွန်းများအနီးရှိ ရေပြင်များအား ပိုင်ဆိုင်မှုအတွက် အငြင်းပွားမှုများ ဖြစ်ပွားလျက်ရှိသည်။

**ကျိုဒို။**

# အမေရိကန်နှင့် ဖိလစ်ပိုင်တပ်ဖွဲ့များ နှစ်ပတ်လည်ပူးတွဲစစ်ရေးလေ့ကျင့်မှု စတင်

**မနီလာ မေ ၄**

အမေရိကန်နှင့် ဖိလစ်ပိုင်နိုင်ငံတို့မှ တပ်ဖွဲ့ဝင် ၈၀၀၀ ခန့်သည် နှစ်ပတ်လည်ပူးတွဲစစ်ရေးလေ့ကျင့်မှုကို မေ ၄ ရက်တွင် စတင်လိုက်ကြောင်း ဖိလစ်ပိုင်ကာကွယ်ရေး တာဝန်ရှိသူများက ပြောကြားသည်။

တောင်တရုတ်ပင်လယ်အတွင်း တရုတ်နိုင်ငံက ရေကြောင်းပိုင်နက် ကြေညာမှုများရှိနေခြင်းကြောင့် တင်းမာမှုများ မြင့်မားနေချိန်တွင် အမေရိကန်နှင့် ဖိလစ်ပိုင်တို့ ပူးတွဲစစ်ရေးလေ့ကျင့်ကြခြင်းဖြစ်သည်။ သို့ရာတွင် ယင်းတင်းမာမှုများကို အကြောင်းပြု၍ စစ်ရေးလေ့ကျင့်ရခြင်းမဟုတ်ကြောင်း ဖိလစ်ပိုင်တပ်မှူးတစ်ဦးက ပြောကြားသည်။

စစ်ဦးစီးကွပ်ကဲရေး၊ ဆက်သွယ်ရေး၊ ထောက်ပံ့နှင့်ပို့ဆောင်ရေး၊ တပ်ဖွဲ့များရွှေ့လျားနိုင်ရေးတို့နှင့်ပတ်သက်၍ ရက်သတ္တနှစ်ပတ်ကြာ ပူးတွဲလေ့ကျင့်ကြမည်ဖြစ်ကြောင်း၊ လူသားချင်းစာနာထောက်ထားမှုနှင့် ပင်လယ်ရေကြောင်းလုံခြုံရေးတို့အတွက် ရည်ရွယ်လေ့ကျင့်ခြင်းဖြစ်ကြောင်း ဖိလစ်ပိုင်ကာကွယ်ရေး တာဝန်ရှိသူများက ပြောကြားကြသည်။

စစ်ရေးလေ့ကျင့်မှုအတွင်း တပ်ဖွဲ့ဝင်များက ရေနံနှင့် ဓာတ်ငွေ့တူးဖော်ရေး စခန်းတစ်ခုအား ပြန်လည်သိမ်းပိုက်မှုကို အသွင်ယူလေ့ကျင့်ရန်လည်း စီစဉ်ထားသည်။ ဖိလစ်ပိုင် ပင်လယ်ကမ်းခြေတစ်ခုပေါ်သို့ ကုန်း၊ ရေ နှစ်သွယ်သွားနိုင်သောယာဉ်ဖြင့် ကမ်းတက်သည့် လေ့ကျင့်ခန်းကိုလည်း စစ်သည်များ လေ့ကျင့်ကြမည်ဖြစ်သည်။

ဘာလီကာတန်အမည်ရှိ စစ်ရေးလေ့ကျင့်မှုသည် စစ်မြေပြင်ဆိုင်ရာ စွမ်းရည်အမျိုးမျိုးမြှင့်တင်နိုင်ရန် ရည်ရွယ်ကြောင်း၊ မည့်သည် နိုင်ငံတစ်နိုင်ငံကိုမျှ ရည်ရွယ်၍ လေ့ကျင့်ခြင်း မဟုတ်ကြောင်း ဖိလစ်ပိုင်စစ်ဘက်ဆိုင်ရာလေ့ကျင့်ရေးညွှန်ကြားရေးမှူး ဒုတိယရေတပ်ဗိုလ်ချုပ် အလက်ဇန်းဒါးလိုပက်က သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။ **ရိုက်တာ။**






# ဥရောပသမဂ္ဂအစီအစဉ်တစ်ရပ်အရ ဂရိမှ တူရကီသို့ ဒုက္ခသည်များပြန်ပို့

**ဒီကီလီ မေ ၄**

ဂရိနိုင်ငံသည် လက်စ်ဘော့ကျွန်းမှ ရွှေ့ပြောင်းအခြေစိုက်နေထိုင်သူများကို တူရကီနိုင်ငံသို့ ပြန်လည်ပို့ဆောင်မှု စတင်ပြီဖြစ်ကြောင်း၊ ဒုတိယကမ္ဘာစစ်နောက်ပိုင်း ဥရောပတိုက်၏ အဆိုးရွားဆုံးသော ဒုက္ခသည်ပြဿနာအား ဖြေရှင်းရန်ရည်ရွယ်သော အစီအစဉ်တစ်ရပ်ကို ဥရောပသမဂ္ဂ(အီးယူ) အာဏာပိုင်များက စတင်အကောင်အထည်ဖော်လျက်ရှိကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက မေ ၄ ရက်တွင် သတင်းထုတ်ပြန်သည်။

ရွှေ့ပြောင်းအခြေစိုက် နေထိုင်သူ ၂၀၂ ဦး ပါရှိသော မော်တော်ဘုတ်သုံးစင်းသည် တူရကီနိုင်ငံ အနောက်ပိုင်း ပင်လယ်ဆိပ်ကမ်းမြို့ဖြစ်သော ဒီကီလီမြို့သို့ ဆိုက်ရောက်လာသည်။ လုံခြုံရေးတင်းကျပ်စွာဖြင့် ဒုက္ခသည်များကို တူရကီနိုင်ငံသို့ ပြန်လည်ပို့ဆောင်ခြင်းဖြစ်သည်။

ဂရိနိုင်ငံ လက်စ်ဘော့ကျွန်းနှင့် ချီယော့ကျွန်းတို့မှ ဒုက္ခသည်များအနက် ပထမသုတ်အဖြစ် ပြန်လည်ပေးပို့ခြင်းဖြစ်သည်။

ဒီကီလီ ပင်လယ်ဆိပ်ကမ်းသို့ ဆိုက်ရောက်လာခဲ့ပြီးနောက် ဒုက္ခသည်များကို ဘတ်စ်ကားများပေါ် တင်ဆောင်ကာ အမည်ဖော်ပြခြင်းမရှိသည့် နေရာတစ်နေရာသို့ ခေါ်ဆောင်သွားကြောင်း သတင်းတွင် ဖော်ပြသည်။

ဒုက္ခသည်များ လိုက်ပါမည့် ဒုတိယမြောက်ရေယာဉ်တစ်စင်း မကြာမီဆိုက်ရောက်လာမည်ဟု မျှော်လင့်ရသည်။ ပထမအသုတ် ရောက်ရှိလာသော ဒုက္ခသည်အများစုမှာ ပါကစ္စတန်နိုင်ငံသားများ ဖြစ်ကြသည်။

တူရကီနှင့် ဥရောပသမဂ္ဂတို့ လွန်ခဲ့သည့်လက ရရှိခဲ့သော သဘောတူညီချက်တစ်ရပ်အရ မတ် ၂၀ ရက်နောက်ပိုင်း တူရကီနိုင်ငံမှ ဂရိနိုင်ငံသို့ ဥပဒေမဲ့ရောက်ရှိလာသော ဒုက္ခသည်များသည် ဒုက္ခသည် အဆင့်အတန်း သတ်မှတ်ခံရခြင်းမရှိပါက တူရကီနိုင်ငံသို့ ပြန်လည်ပို့ဆောင်မည်ဖြစ်သည်။

**ရိုက်တာ။**





# နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများထံမှ ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို ဩဝါဒခံယူ

**နေပြည်တော် ဧပြီ ၄**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုသည် ဧပြီ ၄ ရက် မွန်းလွဲ ၁ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ကမ္ဘာအေးကုန်းမြေ နိုင်ငံတော်သံဃမဟာနာယက ကျောင်းဆောင်၌ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော်ကြီးအမှူးပြုသော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများအား ဖူးမြော်ကြည်ညိုပြီး ဆရာတော်ကြီးများထံမှ ဩဝါဒခံယူသည်။

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသက ဩဝါဒကထာမိန့်ကြားရာတွင် "ဒကာတော်အပါအဝင် အုပ်ချုပ်မင်းလုပ်ကြသည့် ဒကာကြီးများ၊ ဒကာမကြီးများ စိတ်ချမ်းသာ ကိုယ်ချမ်းသာစွာဖြင့် သာသနာပြုလုပ်နိုင်ကြပါစေ။ မင်းကောင်းမင်းမြတ်များဖြစ်ကြ၍ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ပါစေ။ နိုင်ငံသူနိုင်ငံသားများလည်း စိတ်ချမ်းသာ ကိုယ်ကျန်းမာစွာဖြင့် သာသနာ့အကျိုး၊ နိုင်ငံ့အကျိုးများကို ဆောင်ရွက်နိုင်ကြပါစေကြောင်း ဆုမွန်ကောင်းပေးအပ်ပါကြောင်း" မိန့်ကြားသည်။

ယင်းနေ့ နံနက် ၉ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် အင်းစိန်ရွာမ ပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော် နိုင်ငံတော်ဩဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တတိလောကာဘိဝံသအား ဖူးမြော်ကြည်ညိုပြီး ဩဝါဒခံယူခဲ့သည်။ အလားတူ နံနက် ၁၁ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး သံဃနာယကအဖွဲ့ဥက္ကဋ္ဌ သဃ်န်းကျွန်းမြို့နယ် မူလဆယ်တောင်ပြည့်ကျောင်းတိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တက္ကဒ္ဓိဗလထံမှလည်း ဩဝါဒခံယူခဲ့ကြောင်း သိရသည်။ **(ကြေးမုံ)**

# (၄) ကြိမ်မြောက် အာဆီယံ တရားသူကြီးချုပ်များ အစည်းအဝေးကျင်းပ ဟိုချီမင်းကြေညာချက်ထုတ်ပြန်

**နေပြည်တော် ဧပြီ ၄**

(၄)ကြိမ်မြောက် အာဆီယံတရားသူကြီးချုပ်များ အစည်းအဝေးကို ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့တွင် ဧပြီ ၁ ရက်က ကျင်းပရာ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးနှင့်အတူ အာဆီယံနိုင်ငံများမှ တရားသူကြီးချုပ်များနှင့် ကိုယ်စားလှယ်အဖွဲ့များ တက်ရောက်ခဲ့ကြသည်။

အစည်းအဝေးတွင် အာဆီယံတရားသူကြီးချုပ်များက "အာဆီယံ တရားသူကြီးချုပ်များကောင်စီ"အား အသိအမှတ်ပြုရေးအတွက် အာဆီယံအဖွဲ့အစည်းသို့ တင်ပြရန်နှင့် ကျင်းပခဲ့သည့် အစည်းအဝေးများ၏ ရည်ရွယ်ချက်များ အောင်မြင်ရေးအတွက် အကောင်းဆုံးလုပ်ဆောင်သွားကြရန် သဘောတူညီခဲ့ကြသည်။

ထို့ပြင် "ဟိုချီမင်းမြို့ ကြေညာချက်"ကို သဘောတူထုတ်ပြန်ခဲ့ပြီး ၎င်းကြေညာချက်တွင် အာဆီယံမူဘောင်အတွင်း အုပ်ချုပ်ရေးနှင့် ဥပဒေပြုရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများနည်းတူ တရားစီရင်ရေး အဖွဲ့အစည်းများအကြား ထိရောက်ခိုင်မာသည့် တရားဝင်ပူးပေါင်း ဆောင်ရွက်မှုအတွက် အာဆီယံတရားသူကြီးချုပ်များ အစည်းအဝေးအား "အာဆီယံ တရားသူကြီးချုပ်များကောင်စီ"ဟု အမည်ပြောင်းလဲရန်၊ အာဆီယံ တရားသူကြီးချုပ်များ ကောင်စီအား အာဆီယံပဋိညာဉ်စာတမ်းနှင့်အညီ သီးခြားရပ်တည်မှုဖြစ်ပေါ်ရေးအတွက် ဆောင်ရွက်ရန်၊ အာဆီယံတရားသူကြီးချုပ်များကောင်စီ၏ အနာဂတ်လုပ်ငန်းများအတွက် ကိုယ်စားလှယ်အသီးသီးပါဝင်သည့် လေ့လာရေးအဖွဲ့ ဖွဲ့စည်း၍ အစီရင်ခံစာတင်ပြရေး ဆောင်ရွက်ရန် စသည်ဖြင့် ပါဝင်သည်။

အာဆီယံတရားသူကြီးချုပ်များ အစည်းအဝေးသည် အာဆီယံဒေသတွင်း တရားစီရင်ရေး ပူးပေါင်းဆောင်ရွက်မှု ပိုမိုခိုင်မာစေရေးအတွက် ၂၀၁၃ ခုနှစ်မှစ၍ နှစ်စဉ်ကျင်းပသည့် အစည်းအဝေးဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ မိုဘိုင်းငွေရေးကြေးရေး ဝန်ဆောင်မှုလုပ်ငန်းများဆိုင်ရာ စည်းမျဉ်းထုတ်ပြန်

**နေပြည်တော် ဧပြီ ၄**

မြန်မာနိုင်ငံတွင် မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုလုပ်ငန်းများ စွမ်းရည်ပြည့်ဝစွာနှင့် ထိရောက်လုံခြုံစွာ ဆောင်ရွက်နိုင်ရန်နှင့် မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုလုပ်ငန်းကို ဘဏ်နှင့်ငွေရေးကြေးရေး အဖွဲ့အစည်းများအပြင် မိုဘိုင်းကွန်ရက်ဆောင်ရွက်သူများ (Mobile Network Operator-MNO)ကပါ ဝန်ဆောင်မှုပေးနိုင်ရန်ရည်ရွယ်၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုလုပ်ငန်းများဆိုင်ရာ စည်းမျဉ်းကို မတ် ၃၀ ရက်က ထုတ်ပြန်လိုက်သည်။ စည်းမျဉ်းအပြည့်အစုံနှင့် အင်္ဂလိပ်ဘာသာပြန်ဆိုချက် (Unofficial Translation)တို့ကို မြန်မာနိုင်ငံတော်ဗဟိုဘဏ် Website (www.cbm.gov.mm)တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ရန်ကုန်မဟာသင်္ကြန်ပွဲတော် ရေပေးဝေချိန်(ရေကစားချိန်)လျှော့စေချင်

**ရန်ကုန် ဧပြီ ၄**

ရန်ကုန်တိုင်းဒေသကြီးမှာ ယခုနှစ် မဟာသင်္ကြန်အတွင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန(ရေနှင့်သန့်ရှင်းမှု)က ရေပေးချိန်(ရေကစားချိန်)ကို မနက်ပိုင်း နံနက် ၈ နာရီကနေ မွန်းတည့် ၁၂ နာရီထိ တစ်ကြိမ်၊ ညနေပိုင်း ညနေ ၃ နာရီ ကနေ ၆ နာရီထိ တစ်ကြိမ် တစ်နေ့ကို နှစ်ကြိမ်(တစ်နေ့ရေပေးချိန် စုစုပေါင်း ၇ နာရီ)ရေပေးဝေသွားမယ်လို့ ဆိုပါတယ်။

မနှစ်က ရန်ကုန်တိုင်းဒေသကြီး မဟာသင်္ကြန်ရေပေးချိန်က မနက် ၇ နာရီမှ မွန်းတည့် ၁၂ နာရီထိတစ်ကြိမ်၊ မွန်းလွဲ ၂ နာရီကနေ ညနေ ၆ နာရီထိ တစ်ကြိမ်(တစ်နေ့ကို ရေပေးချိန် နှစ်ကြိမ် စုစုပေါင်း ၉ နာရီ) ရေပေးဝေခဲ့ပါတယ်။ ဒါ့ကြောင့်မနှစ်ကထက်စာရင် ဒီနှစ်မှာ ရေပေးချိန်ကို မနက် ၁ နာရီ၊ ညနေပိုင်းတစ်နာရီ (တစ်နေ့နှစ်နာရီ)လျှော့ချ ရေပေးဝေမှာ ဖြစ်တယ်လို့ သိရပါတယ်။

မနှစ်က သင်္ကြန်ရက်က (အကြို၊ အကျ၊ အကြတ်၊ အတက်)လေးရက်ထဲ ရှိခဲ့ပါတယ်။ လေးရက်မှာ ရေပေးချိန် (တစ်ရက် ၉ နာရီ × ၄ ရက်)၃၆ နာရီ ရေပေးဝေခဲ့ပါတယ်။ အခုနှစ် သင်္ကြန်ရက်က (အကြို၊ အကျ၊ ပထမအကြတ်၊ ဒုတိယအကြတ်၊ အတက်)ငါးရက်ဖြစ်တာကြောင့် ရေပေးချိန်(တစ်ရက် ၇ နာရီ × ၅ ရက်) ၃၅ နာရီ ရေပေးမှာဖြစ်ပါတယ်။ ဒါ့ကြောင့် ဒီနှစ် ရန်ကုန်မဟာသင်္ကြန်ကာလအတွင်း ရေပေးချိန်ကို တစ်နေ့နှစ်နာရီလျှော့ချမယ်ဆိုတာဟာ (ရေချိုအရင်းအမြစ်ကိုပိုမိုထိန်းသိမ်း စုဆောင်းနိုင်ရေး) ရေကစားသူများ၏ ကျန်းမာရေးစတဲ့ ဦးတည်ချက်က သိပ်ပြီးထိရောက်လှတယ်လို့ မဆိုနိုင်ဘူးလို့ထင်ပါတယ်။

ရန်ကုန်မြို့တော်နေ ပြည်သူများအတွက် ရေချိုရေကောင်းရေသန့်ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန(ရေနှင့်သန့်ရှင်းမှု)က ဖူးကြီး၊ လှော်ကား၊ ဂျိုးဖြူ၊ ငမိုးရိပ်ဆည်စတဲ့ သဘာဝရေလှောင်ကန်တွေက တစ်ဆင့် ပို့လွှတ် ဖြန့်ဖြူးပေးနေပါတယ်။ ဒီနှစ်အတွက် ရန်ကုန်သင်္ကြန်ရေကစားသူတွေ ရေမလုံလောက်မှာကို စိုးရိမ်စရာမရှိ ရေလုံလောက်အောင် သတ်မှတ်ချိန်အတွင်း ပေးဝေမှာဖြစ်ကြောင်း အသိပေးထားပါတယ်။

အတိအကျ ကိန်းဂဏန်း မဟုတ်ပေမယ့် အတိုင်းအတာတစ်ခုအထိ ဖြစ်နိုင်တဲ့ စကားတစ်ခွန်းက "မဟာသင်္ကြန်ရက်အတွင်း ရန်ကုန်တစ်မြို့လုံးရဲ့ တစ်နေ့တာ ရေကစားလိုက်တဲ့ ရေချိုရေသန့် ဂါလန်သန်းပေါင်းများစွာဟာ ရန်ကုန်လူထုရဲ့ တစ်ပတ်ရေသုံးစွဲမှုနဲ့ညီပါတယ်။ တစ်နည်းပြောရရင် ရန်ကုန်သင်္ကြန်လေးရက် ရေကစားလိုက်တဲ့ ရေချိုရေကောင်းတွေဟာ ရန်ကုန်လူထုရဲ့တစ်လစာ ပြန်ပြီး ဖြန့်ပေးနိုင်လောက်တဲ့ ရေပမာဏဖြစ်တယ်". . . ဟူ၍ပင် ဖြစ်သည်။

ဒါကို ကြည့်ခြင်းဖြင့် ရေချို ရေကောင်းရေသန့်များကို ဘယ်လောက်အထိ အရေးတကြီး တန်ဖိုးထား စုဆောင်းထိန်းသိမ်းသင့်သလဲဆိုတာကို မြင်နိုင်ပါတယ်။ ဒါ့ကြောင့် ရန်ကုန်မဟာသင်္ကြန်ကာလ ရေပေးချိန် (ရေကစားချိန်)ကို ကျန်းမာရေးရှုထောင့်၊ ရေချို ရေသန့်ရေကောင်းများ မဆုံးရှုံးစေလိုသောရှုထောင့်အား သက်ဆိုင်ရာများ ညှိနှိုင်းပြီး ထပ်မံလျှော့ချသင့်သလောက် လျှော့ချစေလိုပါတယ်။

စာရေးသူ၏ဆန္ဒအရ အယ်နီညို ရာသီဥတု၏ ရှေ့ပြေးအပူဒဏ်က နံနက် ၁၁ နာရီကနေ မွန်းတည့် ၁၂ နာရီထိ အလွန်အစွမ်းပြချိန်မို့ အဲဒီအချိန်ကို (မနက် ၈ နာရီကနေ ၁၂ နာရီထိအစား မနက် ၈ နာရီကနေ ၁၁ နာရီထိ ၁ နာရီကို ထပ်မံ) ရေပေးချိန် လျှော့ချစေချင်ပါတယ်။

ရန်ကုန်မြို့ ကန်တော်ကြီးကန်ပတ်လမ်းမှာ ရေကစားမဏ္ဍပ် ဆောက်လုပ်ရေကစားခွင့်မပြုတာကို လက်ခံရမှာပါ။ ကန်တော်ကြီးရေကို စုဆောင်းထိန်းသိမ်းထားလို့ အဆင့်မြင့်မင်္ဂလာဈေးကြီး ပြာပုံမကျသွားတာကလက်တွေ့ပါ။ ပြီးခဲ့တဲ့ ဧပြီ ၁ ရက်က ကန်တော်ကြီး ရေအတိုင်းအတာထက် ဒီနှစ် ဧပြီ ၁ ရက် ကန်တော်ကြီးရေတည်ရှိမှုအတိုင်းအတာက အလွန့်အလွန်နည်းပါးနေတာ တွေ့ရပါတယ်။

ရေကစားသူတွေလည်း နေ့ခင်းအပူဒဏ်ကိုရှောင်ပြီး ခေတ္တနားချိန် (နံနက် ၁၁ နာရီမှ ညနေ ၃ နာရီထိ၊ စုစုပေါင်းနားချိန် ၄ နာရီ)ရမှာ ဖြစ်ပါတယ်။ အဲဒီလို လျှော့ချခြင်းဖြင့် အခုနှစ် သင်္ကြန်ငါးရက်မှာ ငါးနာရီ ရေပေးချိန် လျှော့သွားပြီးဖြစ်သလို ရေဂါလန် သန်းပေါင်းများစွာ စုဆောင်းပြီးဖြစ်ပါမယ်။ စုဆောင်းမိပြီး ရေချိုရေသန့် ရေကောင်းကို ရန်ကုန်လူထုအတွက် သာမကပတ်ဝန်းကျင်မှ ပြည်သူတွေအတွက် အရေးပေါ်အသုံးဝင်မှာဖြစ်ပါတယ်။ ရေကစားချိန် လျှော့သွားခြင်းကြောင့် ရေကစားလိုသူ လူငယ် လူရွယ်များ နားလည်သဘောပေါက်အောင် အားလုံးက ဝိုင်းဝန်းအသိပညာပေးဖို့လိုပါတယ်။ လူငယ်တွေကလည်း အသိစိတ်ဓာတ်ပြောင်းလဲလာမယ်လို့ ယုံပါတယ်။ **ကိုချစ်**

လျှပ်စစ်သုံးလျှင် သတိယှဉ် ဝန်အားမမျှမသုံးရ

# အမြန်ချောပို့လုပ်ငန်း ပိတ်ရက်မရှိ ဖွင့်လှစ်မည်

**နေပြည်တော် ဧပြီ ၄**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့စာတိုက်လုပ်ငန်းမှ မြန်မာသက္ကရာဇ် ၁၃၇၇ ခုနှစ် နှစ်သစ်ကူး မဟာသင်္ကြန်ရက်များအတွင်း မဟာသင်္ကြန်အကြတ်နေ့ဖြစ်သော ဧပြီ ၁၄ ရက်(ကြာသပတေး နေ့)နှင့် နှစ်သစ်ကူး ရုံးပိတ်ရက်ဖြစ်သော ဧပြီ ၁၈ ရက် (တနင်္လာနေ့)တို့တွင် အများပြည်သူတို့၏ အကျိုးစီးပွားအလို့ငှာ စာဝေလုပ်ငန်းနှင့် ကြေးနန်းစာဝေလုပ်ငန်းများကို နားရက်မယူဘဲ ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။ အမြန်ချောပို့ လုပ်ငန်းကိုလည်းနှစ်သစ်ကူး မဟာသင်္ကြန် ရုံးပိတ်ရက်များတွင် ပိတ်ရက်မရှိ နေ့စဉ်ဖွင့်လှစ်ဆောင်ရွက်ပေးမည်ဖြစ်သည်။

အဆိုပါရက်များအတွင်း ဝတ်စုံပြည့်ဖြင့် တာဝန်ထမ်းဆောင်နေကြ သည့် စာပို့လုလင်၊ ကြေးနန်းပို့လုလင်များကို ရေပက်ကစားခြင်းမပြုကြရန် မြန်မာ့စာတိုက်လုပ်ငန်းမှ မေတ္တာရပ်ခံထားကြောင်း သိရသည်။ **(ကြေးမုံ)**

# ထူးခြားမြစ်ရေ အခြေအနေ

**နေပြည်တော် ဧပြီ ၄**

ဧရာဝတီမြစ်အထက်ပိုင်းတွင် မတ်လကုန်ခန့်တွင် မြင့်တက်ခဲ့သော မြစ်ရေများသည် ဧပြီ ၄ ရက် မွန်းလွဲ ၁၂ နာရီခွဲအချိန်တိုင်းထွာချက်များအရ မန္တလေးမြို့နှင့် စစ်ကိုင်းမြို့တို့တွင် နှစ်ရက်အတွင်း နှစ်ပေမှ နှစ်ပေခွဲခန့်နှင့် မြင်းမူမြို့တွင် တစ်ရက်အတွင်း တစ်ပေခန့် မြင့်တက်ခဲ့သည်။

ဧရာဝတီအထက်ပိုင်းတွင် မြင့်တက်ခဲ့သော မြစ်ရေများသည် နောက်တစ်ရက်အတွင်း မန္တလေးမြို့နှင့် စစ်ကိုင်းမြို့တို့တွင် တစ်ပေခန့်၊ နောက်တစ်ရက်မှ နှစ်ရက်အတွင်း မြင်းမူမြို့၊ ပခုက္ကူမြို့နှင့် ညောင်ဦးမြို့တို့တွင် နှစ်ပေမှ နှစ်ပေခွဲခန့်၊ နောက်နှစ်ရက်မှ ရှစ်ရက်အတွင်း ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် တစ်ပေခွဲမှ နှစ်ပေခွဲခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။

သို့ဖြစ်ပါ၍ မြစ်ကြောင်းများအတွင်း သွားလာနေကြသည့် ရေယာဉ်၊ လှေ၊ သင်္ဘောများအနေဖြင့် ဂရုပြုသင့်ပါကြောင်းနှင့် မြစ်ရေနည်းစဉ်သဲသောင်ခုံများတွင် စိုက်ပျိုးနေထိုင်ကြသူများအနေဖြင့်လည်း မြစ်ရေတိုးလာနိုင်မှုကို ဂရုပြုနေထိုင်သင့်ပါကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ အကြံပြုထားသည်။ **(ကြေးမုံ)**

# ပြည်သူ့ဝန်ထမ်းတို့တာဝန်

**သောင်းလွင်ဦး**

ယနေ့ အချိန်အခါသည် နိုင်ငံတော်ကို ဒီမိုကရေစီ နိုင်ငံတော်သစ်အဖြစ်သို့ ကူးပြောင်းတည်ဆောက်လျက်ရှိရာတွင် ရှန်းကန်မှုများစွာဖြင့် ဒီမိုကရေစီအစိုးရအဖွဲ့သစ်တစ်ခု ပေါ်ထွန်းလာခဲ့ပြီဖြစ်ပါသည်။ ပြည်သူအများစု၏ တစ်ခဲနက်ထောက်ခံမှုများဖြင့် အောင်ပွဲရယူခဲ့သော အစိုးရအဖွဲ့သစ်၏ ဦးဆောင်မှုဖြင့် နိုင်ငံတော်နှင့် ပြည်သူတို့၏ အကျိုးစီးပွားကို တိုးတက်မြင့်မားလာအောင် ဖော်ဆောင်ကြတော့မည်ဖြစ်ရာ ပြည်သူ့ဝန်ထမ်းတို့၏ အခန်းကဏ္ဍသည် အရေးပါသောကဏ္ဍတစ်ရပ်ဖြစ်သဖြင့် ဤသို့ ရေးသားလိုက်ရပါသည်။

ပြည်သူ့ဝန်ထမ်းဆိုသည်မှာ ပြည်သူ့အခွန်ဘဏ္ဍာငွေမှ လစာ စရိတ် ရိက္ခာရယူခံစားနေသူမျိုးဖြစ်၍ မည်သည့်အစိုးရတက်တက် ပြည်သူတို့အတွက် ပေးအပ်သည့် တာဝန်ဝတ္တရားများကို ထမ်းရွက်ရခြင်း၊ ပြည်သူ့အတွက် မိမိ၏လုပ်ပိုင်ခွင့်နှင့်တာဝန်ကို မှန်မှန်ကန်ကန် အသုံးချ၍ အလုပ်အကျွေးပြုရခြင်း၊ ပြည်သူလူထုအပေါ် ဝန်ထုပ်ဝန်ပိုးမဖြစ်စေဘဲ ပြည်သူ၏ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးရခြင်း၊ ပေးအပ်သောတာဝန်ကို ကျေပွန်စွာထမ်းဆောင်ခြင်း၊ ဝန်ထမ်းကျင့်ဝတ်စည်းကမ်းသိက္ခာတို့နှင့်အညီ နေထိုင်ထမ်းရွက်သွားကြရမည့်သူများဖြစ်ပါသည်။

ယနေ့အချိန်အခါသည် အစိုးရအဖွဲ့သစ်၏ ဦးဆောင်မှုဖြင့် ပြည်သူ ပြည်သားအားလုံး၏ ဒီမိုကရေစီ နိုင်ငံတော်သစ်ဖြစ်စေလိုသော သဘောဆန္ဒကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ကျွန်တော်တို့ပြည်သူ့ဝန်ထမ်းများအနေဖြင့် တာဝန်များစွာရှိလာပါသည်။ ပြည်သူ့ရေးရာများကို ဖြည့်ဆည်း ဆောင်ရွက်ပေးကြရာတွင် ပြည်သူများ အလေးအနက်ထားသည့် အပြောင်းအလဲများကို တက်ညီလက်ညီဖော်ဆောင်ကြရမည့် အချိန်အခါလည်းဖြစ်ပါသည်။ ပြည်သူများမည်သည်တို့ကို လိုလားတောင့်တနေကြသည်ဆိုသည်ကို သိရှိသဘောပေါက်နားလည်ကြဖို့လိုပါမည်။

> **ရုံးဌာနလုပ်ငန်းခွင်တချို့တွင် လုပ်ပေးလျှင်ရနိုင်ပါလျက်နှင့် ခက်ခဲသည့်သဘော၊ အများက ဟာသနှော၍ ပြောကြရာတွင် "ပုဒ်မလေး" "ပေးမှလုပ်" ဟူ၍လည်းကောင်း၊ ကိုယ့်အတွက် အကျိုးအမြတ် "မရနိုင်"သည့်အခါ ယဉ်ယဉ်လေးဖြင့် မူဘောင်နှင့်မညီသလိုမျိုး "မရလို့"ပါဟု ငြင်းဆိုသည့် သဘောတို့သည်လည်းကောင်း ဝန်ထမ်းလောကကို အကျည်းတန်စေသည့်လုပ်ရပ်များပင် ဖြစ်ပါသည်။ ဤသည်များကို ပြုပြင်သွားကြရပါမည်။**

ပြည်သူ့အကျိုးစီးပွားကို ဖော်ဆောင်မည့် ဂုဏ်သိက္ခာမြင့်မားသော အစိုးရယန္တရားတစ်ခု ပီပီပြင်ပြင် ပေါ်ပေါက်လာရန် တာဝန်ယူသော ပြည်ထောင်စုဝန်ကြီးဌာနများ၏ ဝန်ကြီးသစ်များ၊ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ဝန်ကြီးများကိုယ်တိုင် ပြည်သူလူထုအတွက် တာဝန်ယူဆောင်ရွက်ကြရာတွင် အဂတိလိုက်စားမှုကင်းရှင်းစေရေး၊ မလိုအပ်သော အသုံးစရိတ်များစိစစ်လျှော့ချရေး၊ တာဝန်နှင့်လုပ်ပိုင်ခွင့်ကို မှန်မှန်ကန်ကန်ဖြင့် ဆောင်ရွက်သွားကြရေး၊ သတင်းများကို မီဒီယာများမှတစ်ဆင့် ကြားသိမြင်တွေ့နေရပါသည်။ ကျွန်တော်တို့ဝန်ထမ်းများသည် နိုင်ငံပိုင်ပစ္စည်း၊ ငွေကြေးတို့ကို လေလွင့်ဆုံးရှုံးမှုမရှိစေရန် ဝိုင်းဝန်းထိန်းသိမ်းကြရပါမည်။ ဘတ်ဂျက်များကို ပိုလျှံအောင်တောင်းခံပြီး အသုံးမပြုနိုင်ခြင်းမျိုးမဖြစ်ရအောင် စနစ်တကျ တွက်ချက်ခန့်မှန်းစိစစ်မှုများပြုလုပ်ပြီး အမှန်တကယ်လိုအပ်သည့် နေရာများတွင် သုံးစွဲစေရန် တင်ပြသွားနိုင်ကြရပါမည်။ အသေးအဖွဲဖြစ်သည့် စာရွက်စာတမ်းသုံးခြင်းကိစ္စများတွင်ပင် အကြမ်းရေးလျှင် တစ်ဖက်လွတ်ကို သုံး၍ လျှပ်စစ်မီးများ မလိုအပ်လျှင် ပိတ်ပေးသကဲ့သို့ အလေ့အထမျိုးကို ဆောင်ရွက်သွားကြရပါမည်။ ဝန်ထမ်းများအနေဖြင့် ခေတ်စနစ်၏အပြောင်းအလဲကို လိုချင်ကြသည်နှင့်အညီ ဝန်ထမ်းတစ်ဦးချင်းမှသည် ဌာနများအလိုက် ကောင်းသောအကျင့်၊ ကောင်းသောအကြံ၊ ကောင်းသောလုပ်နည်းလုပ်ဟန်များကိုချန်၍ မမှန်သောအတွေး၊ မမှန်သောလုပ်ရပ်များကို ယတိပြတ် စတင်ဖယ်ရှားရမည့်အချိန်အခါလည်းဖြစ်မည်ဟု သုံးသပ်မိပါသည်။

ကျွန်တော့်အတွေးအမြင်ကိုပြောရလျှင် ဝန်ထမ်းများအနေဖြင့် စိတ်ဓာတ်ပိုင်းဆိုင်ရာ ပြုပြင်ပြောင်းလဲခြင်းသည် အဓိကကျသည်ဟု ယူဆမိပါသည်။ စိတ်ဓာတ်ကို ကောင်းအောင် ပြုပြင်ထိန်းသိမ်းနိုင်ရန် စိတ်ကောင်းထားခြင်းဓလေ့ကို မွေးမြူလေ့ကျင့်ရပါမည်။ ဝန်ထမ်းတိုင်းသည် ကိုယ်ချင်းစာနာစိတ် ထားရှိနိုင်အောင် လေ့ကျင့်ရပါမည်။ မိမိကိုယ်တိုင်အခြားရုံးဌာနတစ်ခုသို့ အလုပ်ကိစ္စတစ်ခုဖြင့် သွားရောက်ရာတွင် အဆင်မပြေဖြစ်ခဲ့ပါက စိတ်ထဲတွင် ခံစားရသကဲ့သို့ ကိုယ်ချင်းစာစိတ်ဖြင့် မိမိဌာနသို့ လာရောက်သူများအားလည်း အဆင်ပြေအောင် ဆောင်ရွက်ကူညီလိုသောစိတ် ထားရှိရပါမည်။ ရုံးဌာန လုပ်ငန်းခွင်တချို့တွင် လုပ်ပေးလျှင် ရနိုင်ပါလျက်နှင့် ခက်ခဲသည့်သဘော၊ အများကဟာသနှော၍ ပြောကြရာတွင် **"ပုဒ်မလေး" "ပေးမှလုပ်"** ဟူ၍လည်းကောင်း၊ ကိုယ့်အတွက် အကျိုးအမြတ် **"မရနိုင်"**သည့်အခါ ယဉ်ယဉ်လေးဖြင့် မူဘောင်နှင့် မညီသလိုမျိုး **"မရလို့ပါ"**ဟု ငြင်းဆိုသည့် သဘောတို့သည်လည်းကောင်း ဝန်ထမ်းလောကကို အကျည်းတန်စေသည့် လုပ်ရပ်များပင်ဖြစ်ပါသည်။ ဤသည်များကို ပြုပြင်သွားကြရပါမည်။ တာဝန်ရှိနေပါလျက် တာဝန်မဲ့နေတတ်သည့် အကျင့်ဆိုးများကြောင့် အစိုးရယန္တရားကို ထိပါးစေသည့် ဖြစ်ရပ်များမဖြစ်စေရအောင် ကြိုးကြပ်ထိန်းသိမ်းသွားကြဖို့ လိုအပ်ပါလိမ့်မည်။

ပြုပြင်ပြောင်းလဲရေးအတွက် အရာရှိပိုင်းက ဦးစွာပြုပြင်သွားနိုင်ပါမှ နောက်လိုက်ဝန်ထမ်းများက လိုက်ပါကျင့်ကြံကြမည်ဖြစ်ပါသည်။ အတင်းအဓမ္မ ပြုပြင်လိုခြင်းထက် ကိုယ်တိုင် မိဘကသားသမီးကို ကြင်နာစွာစောင့်ရှောက်သကဲ့သို့ သူတို့၏အခြေခံလိုအပ်ချက်များ၊ သက်သာချောင်ချိရေးကိစ္စနှင့် လူမှုရေးလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခြင်းများ ရှိရပါမည်။ ပြုပြင်နိုင်သောအပြစ်တွေ့လျှင် စေတနာဆန္ဒအမှန်ဖြင့် အမှားကိုပြ သွန်သင်ပေးခြင်း၊ တာဝန်ယူခြင်း၊ စည်းလုံးညီညွတ်မှုရှိစေခြင်း၊ တစ်ဦးပေါ်တစ်ဦး အနစ်နာခံ၊ သည်းခံတတ်သော အလေ့အကျင့်များ ပြုစုပျိုးထောင်စည်းရုံးသွားသင့်ပါသည်။

ဝန်ထမ်းများသည် မိမိ၏လစာ ခံစားပိုင်ခွင့် အခြေအနေကိုသုံးသပ်၍ အသုံးနှင့်အဖြုန်း၊ မိမိဝင်ငွေနှင့် ထွက်ငွေ မျှတအောင် နေထိုင်ကျင့်ကြံပြီး ခြိုးခြံချွေတာကြရပါမည်။ အဂတိလိုက်စားမှုကင်းရှင်းအောင် ကြိုးစားရပါမည်။ လုပ်ငန်းကိုဆောင်ရွက်ရင်း လျှာတတ် ယူတတ်ပါလျှင် ကုသိုလ်ရကြပါလိမ့်မည်။ မိမိရုံးဌာနသို့ နေပူကျဲကျဲ မိုးသည်းသည်းတွင် ပြည်သူတစ်ဦး ရောက်လာခြင်းသည် သူ၏လိုအပ်ချက်ရှိ၍သာဖြစ်ပါလိမ့်မည်။ ထိုလိုအပ်ချက်ကို စေတနာထား၍ မူဘောင်လုပ်ထုံးလုပ်နည်းနှင့် ညီညွတ်ပါက အမြန်ပြီးပြတ်အောင် ဆောင်ရွက်ပေးလိုက်ပါလျှင် စေတနာမှန်ကန်သော လုပ်ရပ်ကြောင့် သူတစ်ပါးစိတ်ချမ်းသာလျှင် ကိုယ်ပါစိတ်ချမ်းသာ၍ မုဒိတာပီတိခံစားရပါလိမ့်မည်။

ဒီမိုကရေစီနိုင်ငံတော်သစ်သို့ ချီတက်ရာတွင် ဒီမိုကရေစီအစိုးရသစ်က ပြည်သူ့တို့၏ မျက်နှာကိုကြည့်၍ အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်ပေးကြမည်ဟု ယုံကြည်မိပါသည်။ ကျွန်တော်တို့ ပြည်သူ့ဝန်ထမ်းများကလည်း ပြည်သူများ စိတ်ချမ်းသာမှုရရှိအောင် ယခုအချိန်အခါမှစ၍ အစိုးရသစ်၊ စိတ်သစ်၊ ခွန်အားသစ်၊ အတွေးသစ်၊ အမြင်သစ်များဖြင့် ပြည်သူတို့၏ ချစ်ခြင်းတရားများကို ရယူနိုင်ကြစေရန် တိုက်တွန်းရင်း **"ပြည်သူ့ဝန်ထမ်းတို့တာဝန်"**ကို ကျေပွန်နိုင်ကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။ ။



## "သမ္မတစကား"

**"ကျွန်တော် အာဏာရတာ မဟုတ်ပါဘူးဗျာ။ ပြည်သူခိုင်းတာ ကြိုးစားပြီးလုပ်ပေးရမယ့် ဝန်ထမ်းလက်မှတ်ပါ"**

**ဦးထင်ကျော်**
**(နိုင်ငံတော်သမ္မတ)**



# ကိုယ်ထူကိုယ်ထ လျှပ်စစ်မီးလင်းရေးဆောင်ရွက်

**ညောင်လေးပင် ဧပြီ ၄**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ရန်ပုံငွေဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်နေသည့် စမ်းကလေးကျေးရွာအုပ်စု ကောက်ကွေ့ကျေးရွာတွင် ကိုယ်ထူကိုယ်ထ လျှပ်စစ်မီးလင်းရေးလုပ်ငန်းကို ဆောင်ရွက်ခဲ့ရာ ဧပြီ ၄ ရက်က ဖွင့်လှစ်နိုင်ခဲ့ကြောင်း သိရသည်။

မီးလင်းရေးဆိုင်းဘုတ်ကို ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းမှ ဦးဇင်မင်း၊ မြို့နယ်အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးသိန်းနိုင်၊ မြို့နယ်ကျေးလက်ဦးစီးမှူး ဦးသန်းလွင်၊ မြို့နယ်လျှပ်စစ်မှူး ဦးကြည်သိန်း၊ မီးလင်းရေးကော်မတီဥက္ကဋ္ဌ ဦးကြည်ဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အဆိုပါမီးလင်းရေးအတွက် ဒေသခံပြည်သူများက ဓာတ်တိုင်ကြိုးဆက်စပ်ပစ္စည်းအပါအဝင် ငွေကျပ် ၃၂၈ သိန်းထည့်ဝင်နိုင်ခဲ့ပြီး လိုအပ်နေသော ထရန်စဖော်မာကို ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းက လှူဒါန်းခဲ့ခြင်းဖြစ်သည်။ ကောက်ကွေ့ကျေးရွာရှိ အိမ်ခြေ ၁၆၁ လုံး၊ လူဦးရေ ၅၉၉ ဦးတို့ လျှပ်စစ်မီးသုံးစွဲနိုင်ပြီဖြစ်ကြောင်း သိရသည်။

**နေလင်း(ညောင်လေးပင်)**



ခနုဖြူမြို့နယ် မီးသတ်ဦးစီးဌာနမှ မီးသတ်ဆေးဘူး အသုံးပြုနည်းနှင့် လက်တွေ့ မီးငြိမ်းသတ်မှုလေ့ကျင့်နည်းများကို ဧပြီ ၁ ရက်က ထောက်ရှာရိုးကျေးရွာရှိ ထွန်းစက်သုံးဆီအရောင်းဆိုင်၌ ဆိုင်ဝန်ထမ်းများနှင့်အတူ ပူးပေါင်းလေ့ကျင့်ဆောင်ရွက်ခဲ့ကြစဉ်။
(သပြေထွန်း)

# လက်ဆောင်ပစ္စည်း လက်ခံခြင်းနှင့်ပတ်သက်သည့် နိုင်ငံတော်သမ္မတရုံး၏ လမ်းညွှန်ချက်ထုတ်ပြန်

**နေပြည်တော် မေ ၄**

လက်ဆောင်ပစ္စည်းလက်ခံခြင်းနှင့် ပတ်သက်သည့် နိုင်ငံတော်သမ္မတရုံး၏ လမ်းညွှန်ချက်ကို မေ ၁ ရက် ရက်စွဲဖြင့် ထုတ်ပြန်ထားကြောင်း သိရသည်။

အဆိုပါ လမ်းညွှန်ချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

**လက်ဆောင်ပစ္စည်းလက်ခံခြင်းနှင့် ပတ်သက်သည့် လမ်းညွှန်ချက်**

**ရည်ရွယ်ချက်**

၁။ မြန်မာနိုင်ငံသည် အဂတိလိုက်စားမှု၊ အကျင့်စာရိတ္တပျက်ပြားမှု (Corruption)များ ထင်ရှားစွာရှိနေပါသဖြင့် အချိန်တိုကာလအတွင်း လုံးဝ ပပျောက်ရေးဆောင်ရွက်ရန်မှာ ကြီးမားသော စိန်ခေါ်မှုဖြစ်ပါသည်။ မည်သို့ပင်ဖြစ်စေ လာဘ်စားမှု၊ အကျင့်စာရိတ္တပျက်ပြားမှုသည် လူမှုရေး၊ စီးပွားရေး၊ တရားဥပဒေစိုးမိုးရေးတို့ကို ထိခိုက်စေနိုင်သောကြောင့် အဘက်ဘက်မှ ထိရောက်စွာ ကိုင်တွယ်ရန် လိုအပ်ပါသည်။

၂။ လာဘ်ပေးလာဘ်ယူမှုသည် ကနဦးအဆင့်တွင် လက်ဆောင်ပစ္စည်းပေးရာမှစတင်နိုင်ပြီး လူမှုရေးအရပေးသည့် လက်ဆောင်ပစ္စည်း သို့မဟုတ် တံစိုးလက်ဆောင်အဖြစ် ပေးအပ်သည့် ပစ္စည်းခွဲခြားသတ်မှတ်ရန် လမ်းညွှန်ချက် ထုတ်ပြန်ခြင်းဖြစ်ပါသည်။

**အဓိပ္ပာယ်ဖွင့်ဆိုချက်**

၃။ လက်ဆောင်ပစ္စည်းတွင် ငွေကြေးနှင့်တန်ဖိုးရှိသည့်ပစ္စည်းအပါအဝင် ရွှေ၊ ငွေ၊ လေယာဉ်လက်မှတ်၊ အခမဲ့တည်းခိုခ၊ အခမဲ့စားသောက်ခ၊ ဧည့်ခံကျွေးမွေးခြင်း၊ ဂေါက်သီးအသင်းဝင်ကြေး စသည်တို့သည် လက်ဆောင်ပစ္စည်းတွင် အကျုံးဝင်သည်။

**အခြေခံမူ**

၄။ အစိုးရအဖွဲ့ဝင်၊ အစိုးရမှ ဖွဲ့စည်းထားသော ကော်မရှင်/အဖွဲ့အစည်း အဖွဲ့ဝင်၊ ပြည်သူ့ဝန်ထမ်းတို့သည် မိမိ၏ရာထူးကြောင့် ပေးအပ်သည်ဟု ယူဆသည့် အဖွဲ့အစည်း/လူပုဂ္ဂိုလ်ထံမှ ပေးအပ်သော လက်ဆောင်ပစ္စည်းများကို လက်ခံခြင်းမပြုရန် ပိတ်ပင်ထားမြစ်သည်။

**ပိတ်ပင်တားမြစ်သည့်အဖွဲ့အစည်း/လူပုဂ္ဂိုလ်**

၅။ အောက်ဖော်ပြပါ လက်ဆောင်ပစ္စည်းများလက်ခံခြင်းမပြုရ-

(က) မိမိရာထူးလုပ်ပိုင်ခွင့်၏ အကျိုးခံစားနိုင်သည့် လုပ်ရပ်တစ်ရပ်ကို လိုလားတောင်းခံသော အဖွဲ့အစည်း/လူပုဂ္ဂိုလ်။

(ခ) မိမိတာဝန်ယူရသော အဖွဲ့အစည်း၊ ကြီးကြပ်ကွပ်ကဲရသော အဖွဲ့အစည်းနှင့် စီးပွားရေးလုပ်ငန်းလုပ်ကိုင်သော၊ လုပ်ကိုင်ရန်ကြိုးပမ်းနေသော အဖွဲ့အစည်း/လူပုဂ္ဂိုလ်။

(ဂ) မိမိရာထူးတာဝန်အရ လုပ်ဆောင်ရမည့် ကိစ္စရပ်တစ်ခုကို လုပ်ဆောင်ခြင်းကြောင့် အကျိုးခံစားမှုရှိသွားမည့် အဖွဲ့အစည်း/လူပုဂ္ဂိုလ်။

(ဃ) မိမိရာထူးတာဝန်အရ လုပ်ဆောင်ရမည့် ကိစ္စရပ်တစ်ခုကို လုပ်ဆောင်ခြင်းမပြုသဖြင့် အကျိုးခံစားခွင့်ရှိသွားမည့် အဖွဲ့အစည်း/လူပုဂ္ဂိုလ်။

**ခြွင်းချက်**

၆။ အောက်ပါတို့ကို ခြွင်းချက်ဖြင့် လက်ခံခွင့်ပြုသည်-

(က) လက်ဆောင်ပစ္စည်းတန်ဖိုး ကျပ်ငွေ ၂၅၀၀၀/- မပိုသော လက်ဆောင်ပစ္စည်း၊ (အဖွဲ့အစည်းတစ်ခု /လူပုဂ္ဂိုလ်တစ်ဦးထံမှ လက်ခံရယူသည့် လက်ဆောင်ပစ္စည်းသည် တစ်နှစ်လျှင် ကျပ် ၁၀၀၀၀၀/- တန်ဖိုးထက် မပိုစေရ။)

(ခ) မိမိ၏ တရားဝင်ရာထူးကြောင့်မဟုတ်ဘဲ မိသားစုဆက်ဆံရေး (family relationship)၊ ပုဂ္ဂိုလ်ရေးခင်မင်မှု (Personal relationship)အရ ပေးအပ်သော လက်ဆောင်ပစ္စည်း။ (ပေးအပ်သော လက်ဆောင်ပစ္စည်းများသည် အပိုဒ်(၅)ပါ တားမြစ်ချက်များနှင့် အကျုံးဝင်သော လက်ဆောင်ပစ္စည်းများ မဖြစ်စေရ။)

(ဂ) အခါကြီးရက်ကြီးများတွင် တစ်နှစ်တစ်ခါ ဂါရဝပြုပေးအပ်သည့် ကျပ်ငွေ ၁၀၀၀၀၀/- ထက် မပိုသော လက်ဆောင်ပစ္စည်း။ (ဥပမာ သီတင်းကျွတ်ကန်တော့သော ပစ္စည်း၊ ခရစ္စမတ် လက်ဆောင်)

**လက်ခံခွင့်မရှိသော လက်ဆောင်ပစ္စည်းများ**

၇။ လက်ခံခွင့်မရှိသော လက်ဆောင်ပစ္စည်းများ ပေးအပ်လာပါက အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) ပေးအပ်သော လက်ဆောင်ပစ္စည်းကို ပြန်လည်ပေးအပ်ရမည်။

(ခ) ပေးအပ်သော လက်ဆောင်ပစ္စည်းကို လက်ခံလိုပါက ထိုလက်ဆောင်ပစ္စည်း၏ ကာလပေါက်ဈေးကို ပေးအပ်သူထံ ပြန်လည်ပေးအပ်ရမည်။

(ဂ) ကြာရှည်အထားမခံသော ပစ္စည်း (သစ်သီး၊ ပန်း) စသည်တို့ဖြစ်ပါက ဌာနတွင်းဝန်ထမ်းများအား ဖြန့်ဝေပေးရမည်။

**နိုင်ငံခြားအစိုးရမှပေးအပ်သော လက်ဆောင်ပစ္စည်း**

၈။ နိုင်ငံခြားအစိုးရမှ ပေးအပ်သော အောက်ပါလက်ဆောင်ပစ္စည်းတို့ကို ခြွင်းချက်အနေဖြင့် လက်ခံခွင့်ပြုသည်-

(က) ငွေတန်ဖိုးကျပ် ၄၀၀၀၀၀/- မပိုသော လက်ဆောင်ပစ္စည်း။

(ခ) တရားဝင်ကိစ္စအတွက် ခရီးသွားလာစရိတ် (လေယာဉ်ခ၊ နေထိုင်စားသောက်ခ)။

(ဂ) ပညာသင်ဆု။

(ဃ) ဆေးဝါးကုသစရိတ်။

(င) နိုင်ငံခြားအစိုးရမှ ပေးအပ်သော လက်ဆောင်ပစ္စည်းသည် အထက်ပါအချက်နှင့် မကိုက်ညီသော်လည်း ပေးအပ်သည့် လက်ဆောင်ကို ငြင်းဆန်ခြင်းဖြင့် နှစ်ဖက်မျက်နှာပျက်ရမည့် ကိစ္စများတွင် အဆိုပါ လက်ဆောင်ပစ္စည်းကို လက်ခံနိုင်ပြီး ယင်းပစ္စည်းအား ဝန်ကြီးဌာန၊ ဌာနသို့ ပေးအပ်ရမည်။

**အထွေထွေ**

၉။ လက်ဆောင်ပစ္စည်းနှင့်ပတ်သက်၍ အောက်ပါအတိုင်း လိုက်နာကျင့်သုံးရမည်-

(က) လက်ဆောင်ပစ္စည်းကို သွယ်ဝိုက်၍သော်လည်းကောင်း၊ တိုက်ရိုက်သော်လည်းကောင်း တောင်းခံခြင်းမပြုရ။

(ခ) မိမိရာထူးတာဝန်လုပ်ဆောင်မှုအပေါ် ဩဇာလွှမ်းမိုးစေမည်ဟု ယူဆရသော ကိစ္စရပ်များအတွက် မည်သည့်လက်ဆောင်ပစ္စည်းမျှ လက်ခံခြင်းမပြုရ။

(ဂ) လက်ခံခွင့်ရှိသော လက်ဆောင်ပစ္စည်းကိုပင် အကြိမ်ကြိမ် လက်ခံခြင်းမပြုရ။

(ဃ) လက်ဆောင်ပစ္စည်းပေးအပ်လာပါက လက်ခံသည်ဖြစ်စေ၊ ငြင်းပယ်သည်ဖြစ်စေ အထက်အကြီးအကဲထံ အမြန်ဆုံးတင်ပြရမည်။

(င) အထက်ပိုဒ် (ဃ)နှင့်ပတ်သက်၍ နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများအား ပေးအပ်သည့် လက်ဆောင်ပစ္စည်းများကိစ္စကို ဦးစီးရုံးများ၏ ဒုတိယညွှန်ကြားရေးမှူးချုပ်များက နိုင်ငံတော်သမ္မတရုံးဝန်ကြီးထံ အမြန်ဆုံးတင်ပြရမည်။

# မီဒီယာကဏ္ဍဖွံ့ဖြိုးရေးအစီအစဉ်များနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး

**နေပြည်တော် မေ ၄**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒေါက်တာဖေမြင့်သည် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး မစ္စတာ တာတဲရှိုဟီဂူချီနှင့်အဖွဲ့အား ယနေ့ ညနေ ၃ နာရီတွင် ပြန်ကြားရေးဝန်ကြီးဌာန ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြန်ကြားရေးကဏ္ဍနှင့်ပတ်သက်၍ ဂျပန်-မြန်မာ ပူးပေါင်းဆောင်ရွက်လျက်ရှိသော မီဒီယာကဏ္ဍဖွံ့ဖြိုးရေးအစီအစဉ်များနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်မည့် အခြေအနေကိစ္စရပ်များကို ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ အမြဲတမ်းအတွင်းဝန် ဦးတင့်ဆွေနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

(သတင်းစဉ်)



ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒေါက်တာဖေမြင့်နှင့် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး မစ္စတာ တာတဲရှိုဟီဂူချီတို့ တွေ့ဆုံဆွေးနွေးကြစဉ်။ (သတင်းစဉ်)

# ပါဠိပထမပြန် စာမေးပွဲကျင်းပ

**နေပြည်တော် မေ ၄**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကျင်းပလျက်ရှိသည့် ၂၀၁၆ ခုနှစ် ပါဠိပထမပြန်စာမေးပွဲကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ စာဖြေဌာန ၂၃၉ ဌာနတို့၌ ဖြေဆိုကြရာ ပထမငယ်၊ ပထမလတ်၊ ပထမကြီး စာရင်းသွင်းသံဃာ၊ သီလရှင် စုစုပေါင်း ၅၃၁၄၆ ပါးအနက် ၄၁၁၄၉ ပါး ဖြေဆိုကြသဖြင့် ၇၇ ဒသမ ၄၃ ရာခိုင်နှုန်းဖြေဆိုကြကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။

(ကြေးမုံ)



# ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့ ကျင်းပ
# ပြည်ထောင်စုဝန်ကြီး နှစ်ဦး၊ ပြည်ထောင်စုရှေ့နေချုပ်နှင့် ပြည်ထောင်စုစာရင်းစစ်ချုပ်တို့၏အမည်စာရင်း တင်သွင်း

**နေပြည်တော် မေ ၄**

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေး (၁၆) ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံသို့ နိုင်ငံတကာအကြီးအကဲများထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်းသဝဏ်လွှာများနှင့် သတင်းထုတ်ပြန်ချက်များကို မှတ်တမ်းတင်ခြင်း၊ နိုင်ငံတော်သမ္မတထံမှပေးပို့သည့် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များနှင့် တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများ ခန့်အပ်ခြင်းကိုမှတ်တမ်းတင်ခြင်း၊ နိုင်ငံတော်သမ္မတအဆိုပြုတင်ပြသော ပြည်ထောင်စုဝန်ကြီး နှစ်ဦး၊ ပြည်ထောင်စုရှေ့နေချုပ်နှင့် ပြည်ထောင်စုစာရင်းစစ်ချုပ်တို့၏ အမည်စာရင်း လွှတ်တော်သို့တင်ပြခြင်းတို့ကို ဆောင်ရွက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော်နာယက မန်းဝင်းခိုင်သန်းက နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံသို့ ဆွီဒင်နိုင်ငံဘုရင်၊ မော်ရိုကိုဘုရင့်နိုင်ငံ ဆဋ္ဌမမြောက်ဘုရင်၊ ကမ္ဘောဒီးယားနိုင်ငံဘုရင်မင်းမြတ်နှင့် ထိုင်းနိုင်ငံဝန်ကြီးချုပ်တို့မှပေးပို့သည့် ဝမ်းမြောက်ကြောင်းသဝဏ်လွှာများ၊ ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့ လက်ထောက်အထွေထွေအတွင်းရေးမှူးချုပ်နှင့် အမှုဆောင်အရာရှိချုပ်၊ ဘရာဇီးအစိုးရတို့ထံမှဝမ်းမြောက်ကြောင်းပေးပို့စာများ၊ ဥရောပပါလီမန် အာဆီယံနိုင်ငံဆက်ဆံရေးဆိုင်ရာဥက္ကဋ္ဌထံမှ ပေးပို့သည့် သတင်းထုတ်ပြန်ချက်တို့ကို လွှတ်တော်က မှတ်တမ်းတင်ကြောင်းကြေညာသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက က နိုင်ငံတော်သမ္မတထံမှပေးပို့သည့် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများခန့်အပ်ခြင်းကို လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယက က မွန်ပြည်နယ် မော်လမြိုင်ခရိုင် မုဒုံမြို့နယ် ဆက်သွယ်ကျေးရွာအုပ်စုတွင် အဘစ်ကျေးရွာ တစ်ရွာတိုးချဲ့ပြင်ဆင်ဖွဲ့စည်းခြင်းနှင့် ကျိုက်မရောမြို့နယ် ကွန်းရွာကျေးရွာအုပ်စုတွင် ကွန်းရွာကျေးရွာ၏ နယ်နိမိတ်ဧရိယာပြင်ဆင်ဖွဲ့စည်းခြင်းကို လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက က နိုင်ငံတော်သမ္မတထံမှ အဆိုပြုတင်ပြသော လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအဖြစ် ဦးဖေဇင်ထွန်းနှင့် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအဖြစ် ဒေါက်တာမျိုးသိမ်းကြီးတို့ကိုလည်းကောင်း၊ ပြည်ထောင်စုရှေ့နေချုပ်အဖြစ် ဦးထွန်းထွန်းဦးနှင့် ပြည်ထောင်စုစာရင်းစစ်ချုပ်အဖြစ် ဦးမော်သန်းတို့ကိုလည်းကောင်း ခန့်အပ်တာဝန်ပေးအပ်ရန် လွှတ်တော်သို့တင်ပြပြီး အဆိုပါကိစ္စများနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေး (၁၇) ရက်မြောက်နေ့ကို မေ ၅ ရက် နံနက်ပိုင်းတွင် ကျင်းပမည်ဖြစ်ပြီး အဆိုပါအစည်းအဝေး၌ ပြည်ထောင်စုဝန်ကြီး နှစ်ဦး၊ ပြည်ထောင်စုရှေ့နေချုပ်နှင့် ပြည်ထောင်စုစာရင်းစစ်ချုပ်တို့ကို ခန့်အပ်တာဝန်ပေးအပ်နိုင်ရန်အတွက် လွှတ်တော်၏အဆုံးအဖြတ်ရယူသွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**



## နိုင်ငံတော်သမ္မတထံမှ ပြည်ထောင်စုလွှတ်တော်သို့ပေးပို့သော တိုင်းဒေသကြီးနှင့် ပြည်နယ် တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများ ခန့်အပ်တာဝန်ပေးခြင်း

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | ခန့်အပ်တာဝန်ပေးသည့် ဝန်ကြီးများ | တိုင်းဒေသကြီး/ပြည်နယ် တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဌာနများ |
|---|---|---|---|
| ၁ | ကချင်ပြည်နယ် | ဦးခင်မောင်မြင့် (ခ) ဦးဒိတ် | ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဌာန |
| ၂ | | ဦးစိုင်းစိန်လင်း | ရှမ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဌာန |
| ၃ | | ဦးအားတီယောဟန် | လီဆူတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဌာန |
| ၄ | | ဦးရန်နမ်းဖုန် | ရဝမ်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဌာန |
| ၅ | ကယားပြည်နယ် | ဦးလှမျိုးဆွေ | ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဌာန |
| ၆ | ကရင်ပြည်နယ် | ဦးတေဇထွန်းလှိုင်ထွေး | ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဌာန |
| ၇ | | ဦးမင်းတင်ဝင်း | မွန်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဌာန |
| ၈ | | ဦးခွန်မျိုးတင့် | ပအိုဝ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဌာန |
| ၉ | စစ်ကိုင်းတိုင်းဒေသကြီး | ဒေါ်မွေးမွေးခင် | ရှမ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဌာန |
| ၁၀ | | ဦးလာလ်ထောင်ထန်း | ချင်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဌာန |
| ၁၁ | တနင်္သာရီတိုင်းဒေသကြီး | ဦးစောလုကာ | ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဌာန |
| ၁၂ | ပဲခူးတိုင်းဒေသကြီး | ဒေါ်နော်ပွယ်ဆေး | ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဌာန |
| ၁၃ | မကွေးတိုင်းဒေသကြီး | ဦးလှထွန်း | ချင်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဌာန |
| ၁၄ | မန္တလေးတိုင်းဒေသကြီး | ဦးစိုင်းကျော်ဇော | ရှမ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဌာန |
| ၁၅ | မွန်ပြည်နယ် | ဦးရွှေမြင့် | ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဌာန |
| ၁၆ | | ဒေါ်စံဝင့်ခိုင် | ပအိုဝ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဌာန |
| ၁၇ | | ဦးအောင်မြင့်ခိုင် | ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဌာန |
| ၁၈ | ရခိုင်ပြည်နယ် | ဦးပုန်ဘွေ | ချင်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဌာန |
| ၁၉ | ရန်ကုန်တိုင်းဒေသကြီး | ဒေါ်ပန်းသဥ္ဇာမျိုး | ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဌာန |
| ၂၀ | | ဦးဇော်အေးမောင် | ရခိုင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဌာန |
| ၂၁ | ရှမ်းပြည်နယ် | ဒေါက်တာ အောင်သန်းမောင် | ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဌာန |
| ၂၂ | | ဦးဇုတ်ဒေါင် | ကချင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဌာန |
| ၂၃ | | ဦးဂူဆာ | လီဆူတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဌာန |
| ၂၄ | | ဦးယောသပ် | လားဟူတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဌာန |
| ၂၅ | | ဦးအာဗေလှ | အာခါတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဌာန |
| ၂၆ | | ဒေါက်တာထွန်းလှိုင် | အင်းသားတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဌာန |
| ၂၇ | | ဦးခွန်အေးမောင် | ကယန်း(ခ)ပဒေါင်တိုင်းရင်းသား လူမျိုးရေးရာဝန်ကြီးဌာန |
| ၂၈ | ဧရာဝတီတိုင်းဒေသကြီး | ဂျူမိုးမြတ်မြတ်သူ | ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဌာန |
| ၂၉ | | ဦးတင်စော | ရခိုင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဌာန |

**❑ ရှေ့ဖုံးမှ**

တာဝန်ပေးခန့်အပ်မည် ဖြစ်သောကြောင့် ဒေါ်အောင်ဆန်းစုကြည်သည် နိုင်ငံခြားရေးနှင့် သမ္မတရုံးဝန်ကြီး နှစ်နေရာသာ တာဝန်ယူကိုင်တွယ်တော့မည်ဖြစ်သည်။ ယင်းမှာ နိုင်ငံတော်သမ္မတ ဦးထင်ကျော်၏ အစိုးရသစ်သက်တမ်း တစ်ပတ်မပြည့်ခင်ကာလ အပိုင်းအခြားအတွင်း ဝန်ကြီးနေရာများကို ထပ်မံဖြည့်တင်းခဲ့ခြင်းလည်းဖြစ်သည်။

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအဖြစ် အမည်စာရင်းတင်သွင်းခံခဲ့ရသူ ဒေါက်တာမျိုးသိမ်းကြီးမှာ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ် ပါမောက္ခချုပ်ဖြစ်ပြီး လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအဖြစ် အမည်စာရင်းတင်သွင်းခံခဲ့ရသူ ဦးဖေဇင်ထွန်းမှာ စွမ်းအင်ဝန်ကြီးဌာန၏ အမြဲတမ်းအတွင်းဝန်ဖြစ်သည်။

ဒေါ်အောင်ဆန်းစုကြည်သည် ဥပဒေအတည်ပြုပြီးပါက နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ရာထူးကို လက်ခံရမည် ဖြစ်သောကြောင့် ၎င်းတာဝန်ယူကိုင်တွယ်မည့် ဝန်ကြီးဌာနလေးခုအနက် ပညာရေးဝန်ကြီးဌာနနှင့် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနတို့ကို ရက်ပိုင်းအတွင်း လွှဲပြောင်းပေးရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်းလည်း သိရသည်။

ယနေ့ကျင်းပသော ပြည်ထောင်စုလွှတ်တော်အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး နှစ်နေရာအတွက် ခန့်အပ်တာဝန်ပေးမည့် အမည်စာရင်းကို လွှတ်တော်သို့ တင်သွင်းခဲ့သောကြောင့် ဝန်ကြီးဌာန ၂၁ ခုတွင် ပြည်ထောင်စုဝန်ကြီး ၂၀ ဦးအထိ ရှိလာတော့မည်ဖြစ်သည်။

"ဒီနေ့ ပြည်ထောင်စုလွှတ်တော်မှာ ပညာရေးဝန်ကြီးဌာနနဲ့ လျှပ်စစ်နဲ့ စွမ်းအင်ဝန်ကြီးဌာနတို့အတွက် ပြည်ထောင်စုဝန်ကြီးသစ် နှစ်ဦးခန့်ဖို့ အမည်စာရင်းတင်သွင်းခဲ့တာနဲ့ ပတ်သက်ပြီးပြောရရင် သူတို့နှစ်ဦးရဲ့ ကိုယ်ရေးအချက်အလက်ကို ကြည့်တဲ့အခါမှာ တကယ်တော်တဲ့သူတွေကို ရွေးချယ်ခန့်အပ်ထားတာကို တွေ့ရပါတယ်။ နှစ်ဦးလုံးကလည်း အရည်အချင်းပြည့်ဝတဲ့သူတွေပါ။ သာမန်အရည်အချင်းနဲ့ဆိုရင် နိုင်ငံတော်အတွက် ကောင်းကျိုးမလုပ်ပေးနိုင်ဘူး။ ကိုယ်ကျိုးအတွက်ပဲဆိုရင် အဲဒီလိုလူကို ရွေးချယ်မှာမဟုတ်ပါဘူး။ ဘာဖြစ်လို့လဲဆိုရင် တစ်နိုင်ငံလုံးအတွက် အလုပ်လုပ်မှာဖြစ်တဲ့အတွက်ကြောင့် အစ်မအနေနဲ့ သဘောကျပါတယ်။ အကောင်းဆုံးဖြစ်တဲ့သူတွေကိုပဲ ရွေးချယ်ခန့်အပ်ခဲ့တယ်လို့ ယုံကြည်ပါတယ်"ဟု ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းမိုးက ဆိုသည်။



ဒေါ်နန်းမိုး



ဦးတိုးသောင်

ဆက်လက်ပြီး ပညာရေးဝန်ကြီး ခန့်အပ်တာဝန်ပေးရန် ပြည်ထောင်စုလွှတ်တော်သို့ အမည်စာရင်းတင်သွင်းပြီးချိန်မှာ လာမည့်အနာဂတ် ပညာရေး အပြောင်းအလဲနှင့် ပတ်သက်၍ မိုးမိတ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတိုးသောင်ကလည်း "ပညာရေးကဏ္ဍပြောင်းလဲမှုအနေနဲ့ အခုသင်ကြားနေတဲ့ ပညာရေးစနစ်က အားလုံးသိကြတဲ့အတိုင်း ဒါကျက်၊ ဒါမှတ်၊ ဒါဖြေဆိုတဲ့ စနစ်ကြီးကတော့ အစိုးရသစ်လက်ထက်ကစပြီး လုံးဝရှိတော့မှာမဟုတ်ဘူးလို့ ယုံကြည်ပါတယ်"ဟု ပြောကြားခဲ့သည်။

ပညာရေးကဏ္ဍနှင့် စပ်လျဉ်း၍ အခြေခံအားဖြင့် သာမန်မျက်စိဖြင့် ကြည့်လျှင်ပင် ခန့်မှန်းလို့ရနိုင်ပြီး အထူးသဖြင့် တောင်ပေါ်ဒေသများတွင် ပညာရေးကို ဆင်းရဲနွမ်းပါးစွာ လေ့လာဆည်းပူးခဲ့ရသည်ကို တွေ့နိုင်မည်ဖြစ်သည်။ တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် ပညာရေးအခြေအနေကိုလေ့လာကြည့်ပါက မြန်မာနိုင်ငံ၏ ပညာရေးအသုံးစရိတ်သည် အနိမ့်ကျဆုံးဖြစ်နေသည်ကို တွေ့နိုင်မည်ဖြစ်သည်။

"အရင်တုန်းကလိုသာ ဆက်သွားနေမယ်ဆိုရင်တော့ မြန်မာနိုင်ငံရဲ့ မျိုးဆက်သစ်တွေအနေနဲ့ ပညာရေးနဲ့ နိုင်ငံဖွံ့ဖြိုးတိုးတက်အောင် ဘယ်လိုမှ စွမ်းဆောင်နိုင်မှာ မဟုတ်ပါဘူး။ အဲဒီအခြေအနေကို ကြည့်ခြင်းအားဖြင့် ပညာရေးကိုမြှင့်တင်ဖို့ ဘာတွေလိုအပ်သလဲဆိုတဲ့ အဓိကလိုအပ်ချက်ကိုရှာပြီး ရှေ့ဆက်လုပ်ဆောင်သွားရမှာဖြစ်ပါတယ်။ သမ္မတကိုယ်တိုင်ကလည်း ပြောတယ်။ ရလာတဲ့ဘတ်ဂျက်ပေါ်မှာမူတည်ပြီး မလိုအပ်တဲ့နေရာတွေမှာ ဘတ်ဂျက်သုံးစွဲမှု လျှော့ချပြီး ပညာရေးကဏ္ဍတွေမှာ အသုံးစရိတ်မြှင့်တင်ပေးမှာဖြစ်ပါတယ်။

**စာမျက်နှာ ၉ ကော်လံ ၁ သို့ ◆**

# နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လေ့လာတွေ့ရှိချက်အစီရင်ခံစာ ဖတ်ကြားတင်သွင်း

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့ ကျင်းပ

**နေပြည်တော် မေ ၄**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး (၁၇) ရက်မြောက်နေ့ကို ယနေ့နံနက် ၁၁နာရီတွင်ကျင်းပပြီး **နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ဆိုင်ရာဥပဒေကြမ်း** လက်ခံရရှိကြောင်း လွှတ်တော်သို့တင်ပြခြင်းနှင့် ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ တင်သွင်းခြင်းတို့ကို ဆောင်ရွက်ကြသည်။

အစည်းအဝေးတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်က အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်မရှိ အတည်ပြုပြီး ပေးပို့လာသော **နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဆိုင်ရာ ဥပဒေကြမ်း**ကိုလက်ခံရရှိကြောင်း ကြေညာသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက်အစီရင်ခံစာကို ကော်မတီဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်က ဖတ်ကြားတင်သွင်းရာတွင် ယခုဥပဒေကြမ်းသည် ပါတီစုံဒီမိုကရေစီစနစ်ထွန်းကားရေး၊ ဈေးကွက်စီးပွားရေးစနစ်ပီပြင်ရေး၊ ဖက်ဒရယ်ပြည်ထောင်စု နိုင်ငံတော်တည်ဆောက်ရေး၊ ပြည်ထောင်စုငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့ကို အကောင်အထည်ဖော်နိုင်ရန် ရည်ရွယ်ချက်ဖြင့် ရေးဆွဲတင်ပြလာခြင်းဖြစ်သည်ကို တွေ့ရှိရပါကြောင်း။

ယခုဥပဒေကြမ်းကို အမျိုးသားလွှတ်တော်သို့ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၁၇ ပါ ပြဋ္ဌာန်းချက်နှင့်အညီ တင်သွင်းခဲ့ခြင်းဖြစ်ပြီး လွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများနှင့်အညီ အတည်ပြုခဲ့ကြောင်း စိစစ်တွေ့ရှိရသဖြင့် ပြည်သူ့လွှတ်တော်ဥပဒေကြမ်း ကော်မတီဝင်



ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး (၁၇) ရက်မြောက်နေ့ ကျင်းပစဉ်။ (သတင်းစဉ်)

အများစုသည် အမျိုးသားလွှတ်တော်၏အတည်ပြုချက်အတိုင်း ပြင်ဆင်ချက်မရှိ အတည်ပြုသင့်သည်ဟု သဘောတူညီပါကြောင်း။

ယခုဥပဒေကြမ်းနှင့်ပတ်သက်၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ အတွင်းရေးမှူး ဦးစတီဖန်ကလည်း ဥပဒေကြမ်း အခန်း ၁၊ အပိုဒ် ၂၊ အပိုဒ်ခွဲ(က)၏ အဓိပ္ပာယ်ဖွင့်ဆိုချက်သည် ၂၀၀၈ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်မှုရှိစေရန်အတွက် ပြန်လည်စိစစ်ရန်၊ အခန်း ၄၊ အပိုဒ် ၅၊ အပိုဒ်ခွဲ(င)တွင်ပါရှိသော အတိုင်ပင်ခံပုဂ္ဂိုလ်၏ ချီးမြှင့်ငွေ၊ စရိတ်၊ အဆောင်အယောင်နှင့်စပ်လျဉ်း၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် လက်ရှိပြည်ထောင်စုဝန်ကြီးဖြစ်ရာ ပြည်ထောင်စုအဆင့်ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များကို ခံစားပြီးဖြစ်သည့်အတွက် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေဟု တိကျစွာ ညွှန်ပြထားခြင်းမရှိသည့်အတွက် ဝန်ကြီးဌာနတစ်ခုခုကို သတ်မှတ်ဖော်ပြနိုင်ရန် ပြန်လည်စိစစ်ရန်လိုအပ်သည်ဟု ဆွေးနွေးခဲ့ကြောင်း။

ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီအဖွဲ့ဝင် ဗိုလ်မှူးချုပ်မောင်မောင်က နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ဆိုင်ရာ ဥပဒေ၏အမည်တွင် နိုင်ငံတော်၏ဟူသော စကားရပ်နေရာ၌ အခြားသင့်လျော်သည့်စကားရပ် ဥပမာ- နိုင်ငံတော်သမ္မတ၏ဟု ပြင်ဆင်ရန်၊ နိုင်ငံတော်အတွက် အရေးကြီးသော ဤဥပဒေကြမ်းကို စိစစ်ရန်အတွက် အချိန်လုံလောက်မှုမရှိခြင်း၊ အုပ်ချုပ်ရေးမဏ္ဍိုင်နှင့် ဥပဒေပြုရေးမဏ္ဍိုင် နှစ်ရပ်ရောထွေးနေခြင်း၊ လက်ရှိကျင့်သုံးနေသည့် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုနိုင်ငံတော်ဟူသော စကားရပ်သုံးနှုန်းထားခြင်းမရှိသည်ကို ဆွေးနွေးခဲ့ကြောင်း ဖတ်ကြားတင်ပြသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက် အဆိုတင်သွင်းဆွေးနွေးလိုသူများသည် ပြင်ဆင်လိုသည့်ဥပဒေကြမ်း၏ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာကို တိတိကျကျဖော်ပြ၍ ၂၀၁၆ ခုနှစ် မေ ၅ ရက် နံနက်(၉)နာရီ နောက်ဆုံးထား၍ ပြည်သူ့လွှတ်တော်ရုံးခေတ္တညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး (၁၈) ရက်မြောက်နေ့ကို မေ ၅ ရက် မွန်းလွဲပိုင်းတွင် ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပမည်ဖြစ်ပြီး **နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဆိုင်ရာဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ ဆွေးနွေးအတည်ပြုသွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

◆ **စာမျက်နှာ ၈ မှ**

"နောက်ပြီးတော့ ပညာရေးဘက်မှာ ကျောင်းသား ကျောင်းသူနဲ့ ဆရာ ဆရာမ မမျှတမှုကိုလည်း ကွာဟမှုမရှိအောင် ဆရာ ဆရာမ အင်အားတိုးမြှင့်သွားဖို့လည်း အစီအစဉ်ရှိပါတယ်။ ပညာရေးဌာနမှာ ဘယ်ဝန်ကြီးကိုပဲ ခန့်အပ်ခန့်အပ် အစိုးရသစ်ရဲ့ ချမှတ်ထားတဲ့ မူဝါဒလမ်းစဉ်အတိုင်း အကောင်အထည်ဖော်သွားလိမ့်မယ်ဆိုတာလည်း ယုံကြည်ပါတယ်"ဟု ဒေါ်နန်းမိုးက ဆက်လက်ပြောကြားခဲ့သည်။

လက်ရှိတွင် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးရန် ယနေ့ကျင်းပပြုလုပ်သည့် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးတွင် ခန့်အပ်တာဝန်ပေးသင့်သည့် ဝန်ကြီးအမည်စာရင်းကို လွှတ်တော်သို့ တင်ပြခဲ့ပြီးနောက် လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍနှင့် ပတ်သက်၍"အစိုးရသစ်လက်ထက်မှာ လျှပ်စစ်နဲ့ စွမ်းအင်ကဏ္ဍအနေနဲ့ ကျေးရွာတိုင်းမီးလင်းဖို့ ဆောင်ရွက်သွားမယ်လို့ ယုံကြည်ပါတယ်။ ကျွန်တော်တို့ မိုးမိတ်မှာဆိုရင် ခတ်အားလိုင်းအတွက် ခတ်တိုင်တွေ၊ ခတ်ကြိုးတွေသာ ကျေးရွာတွေပေါ်က ဖြတ်သာသွားတယ်။ ရွာတွေက မီးမလင်းဘူး။ တချို့ လျှပ်စစ်မီးလင်းတဲ့ နေရာတွေမှာဆိုလည်း တစ်နေ့ကို ၁၅ မိနစ်လောက်ပဲ မီးရတဲ့အခြေအနေတွေရှိတယ်။ တစ်နိုင်ငံလုံးအတိုင်းအတာအနေနဲ့ ကျေးရွာတိုင်းမီးလင်းဖို့ဆိုရင် အားလုံးကို တစ်ပြိုင်နက်တည်း လုပ်ဆောင်ဖို့ အချိန်တော်တော်ယူရဦးမှာ ဖြစ်ပါတယ်။ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ဖို့ဆိုရင် ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးတွေ ကောင်းဖို့လည်း လိုပါသေးတယ်။ နောက်ပြီး လျှပ်စစ်စွမ်းအင်ကဏ္ဍကလည်း တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ဖို့ မရှိမဖြစ်လိုအပ်ပါတယ်။ ကျွန်တော့်အမြင်ပြောရရင် တခြားနိုင်ငံတွေက မြန်မာနိုင်ငံမှာ ဆည်တွေဆောက်ပြီး သူတို့ရဲ့ လျှပ်စစ်စွမ်းအင်လိုအပ်ချက်ကိုပဲဖြည့်ဆည်းတယ်။ နောက်ပြီး ဥပမာ လျှပ်စစ်စွမ်းအင် ၁၀၀ ရာခိုင်နှုန်းမှာ ၉၀ ရာခိုင်နှုန်းက သူတို့အကျိုးစီးပွားအတွက်လုပ်ပြီး ၁၀ ရာခိုင်နှုန်းက မြန်မာနိုင်ငံအတွက်ဆိုရင် ဘယ်လိုမှ လက်မခံနိုင်တဲ့အနေအထားတစ်ခုပါ။ အဲဒီအခြေအနေတွေကိုလည်း အစိုးရသစ်လက်ထက်မှာ ပြုပြင်ပြောင်းလဲသွားမှာပါ။ အခုဆိုရင် လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍအတွက် မိုးမိတ်မှာရှိတဲ့ မြစ်ဆုံဆည်ကို ပြင်သစ်က ပညာရှင်တွေနဲ့ပူးပေါင်းပြီး ပြည်တွင်း၌ ရာနှုန်းပြည့် အသုံးပြုဖို့ ဆောင်ရွက်နေပါတယ်"ဟု ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတိုးသောင်က ဆိုသည်။

မေ ၄ ရက်တွင် ကျင်းပပြုလုပ်ခဲ့သော ပြည်ထောင်စုလွှတ်တော်အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး နှစ်နေရာအပြင် ပြည်ထောင်စုရှေ့နေချုပ်အဖြစ် ဒုတိယရှေ့နေချုပ်(ငြိမ်း) ဦးထွန်းထွန်းဦးကိုလည်းကောင်း၊ ပြည်ထောင်စုစာရင်းစစ်ချုပ်အဖြစ် မြန်မာနိုင်ငံ စာရင်းကောင်စီအဖွဲ့ဝင် ဦးမော်သန်းကိုလည်းကောင်း အမည်စာရင်းတင်သွင်းခဲ့ကြောင်း သိရသည်။

# ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ တွေ့ဆုံမှာကြား



**နေပြည်တော် မေ ၄**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းနှင့်အဖွဲ့ဝင်များသည် ယနေ့ မွန်းလွဲ ၁ နာရီတွင် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ရုံး အစည်းအဝေးခန်းမ၌ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ရုံးမှ ဝန်ထမ်းများနှင့် တိုင်းဒေသကြီး/ပြည်နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲများမှ ရွေးကောက်ပွဲ အရာရှိများအားတွေ့ဆုံ၍ ရှေ့ဆက်လက်ဆောင်ရွက်ရမည့် ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များနှင့်စပ်လျဉ်းပြီး ရှင်းလင်းမှာကြားခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

# သင်္ကြန်ပွဲတော်ကာလအတွင်း ယာဉ်မောင်းသူများ လိုက်နာရန်

၂၀၁၅ ခုနှစ် မဟာသင်္ကြန်ကာလအတွင်း တစ်နိုင်ငံလုံးအနေဖြင့် ယာဉ်မတော်တဆမှု ၃၈၃ မှုဖြစ်ပွားခဲ့ပြီး ဒဏ်ရာရရှိသူ ၉၂၈ ဦး၊ သေဆုံးသူ ၁၀၅ ဦးရှိခဲ့ပါသည်။ ဧရာဝတီတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် ယာဉ်မတော်တဆမှု အများဆုံးဖြစ်ပွားခဲ့ကြောင်း တွေ့ရှိခဲ့ရပါသည်။

သို့ဖြစ်ပါ၍ ၂၀၁၆ ခုနှစ် မဟာသင်္ကြန်ကာလအတွင်း မိဘပြည်သူများ ယာဉ်မတော်တဆမှုကြောင့် ထိခိုက်နစ်နာမှုမရှိစေရေး၊ ယာဉ်အန္တရာယ်မဖြစ်ပွားစေရေးတို့အတွက် ယာဉ်မောင်းသူများအနေဖြင့် အောက်ပါစည်းကမ်းချက်များအား တိကျစွာလိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်-

၁။ မူးယစ်သောက်စား၍ ယာဉ်မောင်းနှင်ခြင်း မပြုရ။
၂။ အပျော်လွန်ကျူး စည်းကမ်းမဲ့ပြိုင်မောင်းခြင်း၊ လုမောင်းခြင်း၊ အရှိန်ပြင်းမောင်းခြင်း မပြုရ။
၃။ ယာဉ်နံပါတ်ပြားမပါဘဲ မောင်းနှင်ခြင်း မပြုရ။
၄။ ယာဉ်၏ဘေးတံခါးများ၊ နောက်ဖုံးများဖြုတ်၍ မောင်းနှင်ခြင်း မပြုရ။
၅။ ဖျက်သိမ်းထားသော ယာဉ်အို၊ ယာဉ်ဟောင်းများနှင့် ပြုပြင်ဆဲယာဉ်များအား မောင်းနှင်ခြင်း မပြုရ။
၆။ ယာဉ်ကြောပြောင်းပြန်စီးနင်း မောင်းနှင်ခြင်း မပြုရ။
၇။ ထော်လာဂျီကဲ့သို့ အနှေးယာဉ်များကို အသုံးပြု၍ ရေကစားခြင်း မပြုရ။
၈။ မော်တော်ယာဉ်များ၊ မော်တော်ဆိုင်ကယ်များအား အိတ်ဇောပိုက်ဖြုတ်၍စီးခြင်း၊ အသံကျယ်လောင်စွာစီးခြင်း၊ နံပါတ်မမြင်အောင် တွန့်ခေါက်၍စီးခြင်း၊ ရှေ့၊ နောက် နံပါတ်ပြား မပါဘဲစီးခြင်း၊ နှစ်ဦးထက်ပို၍စီးခြင်း၊ ဆိုင်ကယ်စီးဦးထုပ်မပါဘဲ စီးခြင်းများ မပြုရ။
၉။ သံစုံဟွန်းများ တပ်ဆင်ကာ အသုံးမပြုရ။
၁၀။ မော်တော်ယာဉ်များတွင် ညစ်ညမ်းသောစာသားများ၊ ဆိုင်းဘုတ်၊ ပန်းချီ၊ ရုပ်ပုံ၊ အခြား မသင့်လျော်သော ပစ္စည်းများ ရေးသားချိတ်ဆွဲ၍မောင်းနှင်ခြင်း မပြုရ။

**မြန်မာနိုင်ငံရဲတပ်ဖွဲ့**

❖ ကျောဖုံးမှ

ဒီသင်္ကြန်ရက်လေးနဲ့ မဏ္ဍပ် ဆောက်/ဖျက်တဲ့ ရက်တွေအပါအဝင်ကို သိန်းရာဂဏန်းတောင်းကြတယ်။ နေရာကောင်း၊ မကောင်းဆိုတဲ့အပေါ်လည်း မူတည်တာပေါ့။ ဆင်ခြေဖုံး တချို့မြို့နယ်တွေမှာတောင်မှ သိန်း ၅၀-၆၀ လောက်ရှိတယ်"ဟု ၎င်းက ရှင်းပြသည်။ လွန်ခဲ့သည့်နှစ်က မဏ္ဍပ်ထိုင်၍ ရေကစားရန်လက်မှတ်ခမှာ တစ်ရက်လျှင် ကျပ် ၁၅၀၀၀ မှ ၂၀၀၀၀ ကြားရှိပြီး သင်္ကြန်ရက်အားလုံးအတွက် လက်မှတ်ဝယ်ပါက ဈေးလျှော့လေ့ရှိသော်လည်း တစ်ရက်တာအတွင်းဝယ်ပါက ဈေးများကာ သင်္ကြန်အတက်နေ့တစ်ရက်တည်းအတွက်ကိုမူ အခြားရက်များထက် သုံးပုံနှစ်ပုံစာပို၍ ဈေးပိုမိုမြင့်မားလေ့ရှိကြောင်း သိရသည်။ "ဒီနှစ်တော့ ကန်ပတ်လမ်းမှာ ခွင့်မပြုဘူးဆိုတော့ ပြည်လမ်းတို့၊ ကမ္ဘာအေးဘုရားလမ်းတို့မှာ ဆောက်ဖို့စီစဉ်နေတယ်။ ဒါပေမယ့် ကမ္ဘာအေးဘုရားလမ်းမှာလည်း ခွင့်မပြုဘူးကြားလို့ နေရာကိစ္စဟာ တော်တော်လေးအခက်အခဲဖြစ်ရတယ်။ အခုထိတော့ လက်မှတ်မရောင်းရသေးပါဘူး။ လက်မှတ်ရောင်းရရင်လည်း ကိုက်အောင်တော့ဈေးသတ်မှတ်မှ ရနိုင်မှာဖြစ်လို့ ဈေးနှုန်းက မနှစ်ကထက် ပိုဖို့ပဲရှိမှာပါ"ဟု DJ ဝိုင်းများငှားရမ်း၍ မဏ္ဍပ်ဆောက်ရန် စီစဉ်နေသူတစ်ဦးက ပြောသည်။

ထိုရေကစားမဏ္ဍပ်များတွင် မဏ္ဍပ်ပေါ်တက်ရောက်၍ ရေကစားရန် ခွင့်ပြုချိန်နည်းပါးခြင်း၊ နာမည်ကြီး တီးဝိုင်းဖြင့် အစပိုင်းတွင် ဖျော်ဖြေသော်လည်း နောက်ပိုင်းတွင် သာမန်သာဖြစ်သွားခြင်း၊ ပက်ဖျန်းနိုင်သော ရေပိုက်အရေအတွက်ထက် အဆမတန်ပိုများသော သူများကိုတင်ခြင်း၊ အကျွေးမွေးဧည့်ခံဝန်ဆောင်မှုပိုင်း၌ လျော့ပါးလာခြင်း စသည့် ယခင်နှစ်က အတွေ့အကြုံများကြောင့်လည်း ယခုနှစ်တွင် မဏ္ဍပ်ထိုင်မည့်သူများအတွက် သတိထားရွေးချယ်စရာဖြစ်ခဲ့သည်။

"လက်တစ်လုံးခြားလုပ်တာမျိုး မရှိစေအောင် သင်္ကြန်ကာလမှာလည်း လိုက်လံစစ်ဆေးဆောင်ရွက်သင့်ပါတယ်။ ဒါမှလည်း မိသားစုမဏ္ဍပ်စစ်စစ်တွေဖြစ်လာစေနိုင်မှာဖြစ်ပါတယ်"ဟု အထက်ပါမိသားစုမဏ္ဍပ်ဆောက်ရန် စီစဉ်သူတစ်ဦးက ပြောကြားခဲ့သည်။

ထိုသို့ ယခုနှစ်တွင် စီးပွားဖြစ်လုပ်ကိုင်မည့် မဏ္ဍပ်များခွင့်မပြုတော့သည့်အတွက် ရပ်ကွက်မဏ္ဍပ်ငယ်များ၌ ပြန်လည်စည်ကားရန် ဆင်ခြေဖုံးဒေသမှ ဒေသခံများက မျှော်လင့်လာခဲ့ကြသည်။ "စီးပွားဖြစ်မဏ္ဍပ်တွေဟာ ဝင်ငွေတိုးအောင် အပြိုင်အဆိုင်ဆွဲဆောင်ကြတော့ ရေပက်ခံထွက်တဲ့သူတွေကလည်း သူတို့တွေဆီကိုပဲ တိုးနေကြတော့ ရပ်ကွက်တွေမှာဆိုရင် ခြောက်ကပ်နေတာ သင်္ကြန်လို့တောင်ထင်စရာမရှိတော့ဘူး။ မဏ္ဍပ်ထိုးတဲ့သူအားလုံးလိုလိုကလည်း သောက်စားထားကြတဲ့သူတွေဖြစ်လို့ မလိုလားအပ်တဲ့ ရန်ပွဲတွေဖြစ်လာနိုင်တယ်။ အခုဆိုရင် ကျွန်တော်တို့တိုင်းပြည်ဟာ အသွင်ကူးပြောင်းခြင်းနဲ့ ပြန်လည်တည်ဆောက်ခြင်းဆိုတဲ့ အထိခိုက်မခံတဲ့ Critical Period ကို ရောက်နေပြီး အပြောင်းအလဲကို ကြွေးကြော်တဲ့ ပြည်သူတွေလည်း တိုင်းပြည်ရဲ့ပြောင်းလဲမှုနဲ့အတူ ကိုယ်တိုင်လည်း စည်းကမ်းလိုက်နာပြီး ပြောင်းလဲသင့်ပါတယ်။ ကားအကောင်းစားစီးချင်ရင် စီးလို့ရတဲ့ခေတ်မှာတောင် တိုင်းပြည်ဆင်းရဲလို့ စီးရမှာရှက်တဲ့အတွက်ဆိုပြီး မစီးခဲ့တဲ့ ဒေါ်အောင်ဆန်းစုကြည်ရဲ့စိတ်ထားမျိုးကို လေးစားအတုယူရမှာဖြစ်ပါတယ်။ မဏ္ဍပ်ပေါ်မှာ ပျော်နေ၊ မူးနေ၊ ရေတွေကို ဒလဟောသုံးစွဲတဲ့ အခြေအနေရဲ့ တစ်ဖက်မှာ သောက်သုံးရေတောင် အခက်ခဲဖြစ်တဲ့သူတွေ၊ ဆင်းရဲငတ်မွတ်တဲ့ ပြည်သူတွေအပေါ် ကိုယ်ချင်းစာပြီး ဆင်ခြင်သင့်ပါတယ်။ ဒါမှလည်း ကျွန်တော်တို့ငယ်ငယ်က ဆော့ကစားခဲ့တဲ့ တိုင်ကီတွေချပြီး အုန်းလက်တွေနဲ့ လုပ်ထားတဲ့ရပ်ကွက်မဏ္ဍပ်တွေ ပြန်လည်အသက်ဝင်လာဖို့ မျှော်လင့်မိပါတယ်"ဟု စီးပွားရေးကုမ္ပဏီလုပ်ငန်းတစ်ခု၏မန်နေဂျာက သုံးသပ်ပြောကြားခဲ့သည်။

❑ မြန်မာ့ရုပ်ရှင်ထူးချွန်ဆုမှ

ရည်ညွှန်းရေးသားထားသည်ကို တွေ့ရမည်ဖြစ်သည်။

သရုပ်ဆောင်၊ ဒါရိုက်တာ ဦးဇင်ဝိုင်းက" ကိုဗေလုဝနဲ့ မဂွမ်းက ဤအရာကိုအချစ်ဟုခေါ်သလား ဇာတ်ကားမှာ အဓိကသရုပ်ဆောင်တွေပါ။ ကိုနိုင်းနိုင်းတို့ မိုးဟေကိုတို့က ဒီဇာတ်ကားမှာ မေတ္တာနဲ့ပါဝင်တဲ့ အထူးသရုပ်ဆောင်တွေပါ။ ကိုခင်လှိုင်က ဒီဇာတ်ကားမှာ ဇာတ်ပို့ပါ။ ကျွန်တော်တို့နိုင်ငံမှာက လွဲချော်မှုတွေ တော်တော်ရှိခဲ့ဖူးတယ်။ အဓိကသရုပ်ဆောင်ဆိုတာ ဘာလဲ။ ဇာတ်ပို့သရုပ်ဆောင်ဆိုတာ ဘာလဲဆိုတဲ့ ကွဲလွဲတဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်တွေ မရှိခဲ့ဘူး။ တစ်ချိန်တုန်းကလည်း ဒီလိုမျိုးတွေဖြစ်ခဲ့ဖူးတယ်"ဟု ပြောသည်။

"၁၉၉၄ ခုနှစ် အကယ်ဒမီဆုပေးပွဲတုန်းကလည်း ဒီလိုမျိုးဖြစ်ခဲ့ဖူးတယ်။ ဦးဇော်လင်းက ဇာတ်ပို့ဆုနဲ့ တစ်ကြိုပြေးနေတဲ့အချိန် တကယ်တမ်းပေးခဲ့တော့ ဦးကျော်ဟိန်းကို ဝေလည်းမွှေး ကြွေလည်းမွှေး ဇာတ်ကားနဲ့ ဇာတ်ပို့ဆုပေးလိုက်တယ်။ တကယ်တမ်း ဦးကျော်ဟိန်းက အဲဒီဇာတ်ကားမှာ ဇာတ်ပို့မဟုတ်ဘူး။ အဓိကသရုပ်ဆောင်ပါ။ အဲဒီလို ပေးလိုက်တဲ့အတွက် အဲဒီတုန်းက ဦးကျော်ဟိန်းလည်း အဓိကသရုပ်ဆောင်ဆုမရဘဲ ဇာတ်ပို့ဆုရသွားတဲ့အတွက် သူ့အတွက်နစ်နာပါတယ်။ ဒီလိုပဲ တစ်ဖက်က တကယ်ရသင့်ရထိုက်တဲ့ ဦးဇော်လင်းလည်းမရဘဲ နောင်နှစ် သူကွယ်လွန်ပြီးမှ ရသွားတယ်။ ကျွန်တော်တို့လောကအတွက် နစ်နာမှုတွေများခဲ့တယ်"ဟု ဦးဇင်ဝိုင်းက သုံးသပ်သည်။

ရုပ်ရှင်သရုပ်ဆောင် ဦးကျော်ထူးက "ကိုယ့်လောကသားတွေ ဘယ်သူတွေဘာရရ ဝမ်းသာပါတယ်။ ဒီနှစ်မှာ ထူးထူးခြားခြား ကျွန်တော်တို့လောကသားထဲက ဇာတ်ပို့ဇာတ်ရံ အစစ်ဖြစ်တဲ့ မဂွမ်းပုံရသွားတာ ဝမ်းသာတယ်။ ဒီနှစ်အကယ်ဒမီပေးပွဲနဲ့ပတ်သက်ပြီး ပြောရရင် အကဲဖြတ်လူကြီးတွေ၊ စိစစ်တဲ့သူတွေက ဇာတ်ပို့ဇာတ်ရံနဲ့ အဓိကဇာတ်ဆောင်ကို ခွဲခြားတတ်ဖို့လိုတယ်လို့မြင်တယ်။ မရတဲ့သူတွေအတွက် စိတ်မကောင်းဘူး" ဟုပြောသည်။

အဆိုပါ မြန်မာ့ရုပ်ရှင်ထူးချွန်ဆုရွေးချယ်မှုနှင့် စပ်လျဉ်းပြီး မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ဒုတိယဥက္ကဋ္ဌ ဦးအေးကြူလေးက "အကဲဖြတ်တွေအကုန်လုံးက အနုပညာတစ်ခုတည်းပဲ ကြည့်တယ်။ ကျန်တာဘာမှမကြည့်ဘူး။ ဘယ်ဇာတ်ကားကကောင်းတယ်။ ဘယ်သရုပ်ဆောင်က ကောင်းတယ်။ အပြိုင်ဖြစ်နေရင် မဲနဲ့ရွေးတာ။ အရင်လိုမဟုတ်ဘူး၊ အရင်တုန်းက ၁၇ ယောက်လုံးက ပေးတာ။ အခုပေးတယ်ဆိုတာက သရုပ်ဆောင်ကို အကဲဖြတ်တဲ့သူ ခုနစ်ယောက်က မဲပေးတာ။ ကျန်တဲ့သူက ဘာမှလုပ်လို့မရဘူး။ သွားပြောလို့လည်းမရဘူး။ ရုပ်ရှင်အစည်းအရုံးကလည်း သူတို့အပေါ် ချုပ်ကိုင်တာမရှိဘူး။ လွတ်လပ်စွာမဲပေးကြတာ"ဟု ပြောသည်။

တာမွေမြို့နယ်နေ မဖြိုးဖြိုးက "အမျိုးသားဇာတ်ပို့ဆုကို ဦးခင်လှိုင်ကို ထင်ထားခဲ့တာ။ ရမသွားတဲ့အတွက် စိတ်မကောင်းဖြစ်မိတယ်။ အကယ်ဒမီကသာပြီးသွားတယ်။ လူမှုကွန်ရက်စာမျက်နှာတွေပေါ်မှာ အကယ်ဒမီက မပြီးသေးဘူး။ ဝေဖန်မှုတွေကို တွေ့နေရတယ်။ အကယ်ဒမီပေးပွဲပြီးတိုင်း ကြားနေရတဲ့စကားသံတွေပေါ့။ နောင်နှစ်တွေတော့ မပြောတတ်ဘူး"ဟု ပြောသည်။

ယခုနှစ် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးက ကျင်းပသည့် ၂၀၁၄ ခုနှစ်နှင့် ၂၀၁၅ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲတွင် ချီးမြှင့်သည့်ဆုများထဲမှ ၂၀၁၅ ခုနှစ်အတွက် အကောင်းဆုံး အမျိုးသားဇာတ်ဆောင်ဆုကို သရုပ်ဆောင်နေတိုးကလည်းကောင်း၊ ၂၀၁၄ ခုနှစ်အတွက် အမျိုးသားဇာတ်ဆောင်ဆုကို ပြေတီဦးကလည်းကောင်း ရရှိခဲ့ပြီး ၂၀၁၅ ခုနှစ်အတွက် အကောင်းဆုံးအမျိုးသားဇာတ်ပို့ဆုကို ရုပ်ရှင်သရုပ်ဆောင် ဗေလုဝက လည်းကောင်း၊ ၂၀၁၄ ခုနှစ်အတွက် အကောင်းဆုံးအမျိုးသားဇာတ်ပို့ဆုကို ရုပ်ရှင်သရုပ်ဆောင် ဇင်ဝိုင်းကလည်းကောင်း အသီးသီးရရှိခဲ့သည်။

# မြန်မာနိုင်ငံ၌ လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၃၀၀၀ ခန့်ထုတ်လုပ်နိုင်မည့် ဓာတ်အားပေးစက်ရုံများတည်ဆောက်ရန် ထိုင်းကုမ္ပဏီစီစဉ်

**သုတ**

ထိုင်းစွမ်းအင်ထုတ်လုပ်ရေးကုမ္ပဏီ Global Power Synergy Co (GPSC) က မြန်မာနိုင်ငံ၌ လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၃၀၀၀ နီးပါး ထုတ်လုပ်နိုင်မည့် ဓာတ်အားပေးစက်ရုံများတည်ဆောက်ရန် စီစဉ်လျက်ရှိကြောင်း ကုမ္ပဏီဥက္ကဋ္ဌနှင့် အမှုဆောင်ချုပ် တွမ်ချိုင်းဘမ်နတ်ဂ်က ပြောကြားသည်။

အဆိုပါအစီအစဉ်မှာ အာဆီယံစီးပွားရေးအသိုက်အဝန်း (AEC) ပေါင်းစပ်မှုနှင့်အတူ လျှပ်စစ်ဓာတ်အားလိုအပ်ချက် သိသာစွာမြင့်မားလာမည်ဟု မျှော်မှန်းထားရသည့် အာဆီယံဒေသတွင်း၌ GPSC ကုမ္ပဏီက တိုးချဲ့လုပ်ကိုင်မည့် ငါးနှစ်စီမံချက် (၂၀၁၅-၂၀၁၉) ၏ တစ်စိတ်တစ်ဒေသဖြစ်သည်။ GPSC က မြန်မာအစိုးရနှင့် နားလည်မှုစာချွန်လွှာ (MoU) တစ်ရပ်လက်မှတ်ရေးထိုးခဲ့ပြီး လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၂၀၀၀ ထုတ်လုပ်နိုင်မည့် ကျောက်မီးသွေးသုံးဓာတ်အားပေးစက်ရုံတစ်ရုံအပြင် လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၅၀၀ နှင့် မဂ္ဂါဝပ် ၄၀၀ ထုတ်လုပ်နိုင်မည့် ဓာတ်ငွေ့သုံးဓာတ်အားပေးစက်ရုံနှစ်ရုံတည်ဆောက်ရန် ဖြစ်တန်ခြေလေ့လာမှုတစ်ရပ်ကို လုပ်ဆောင်လျက်ရှိသည်။

"ဓာတ်ငွေ့သုံးဓာတ်အားပေးစက်ရုံတွေ တည်ဆောက်မယ့်အစီအစဉ်ကို ပထမဆုံးလုပ်ဆောင်ဖွယ်ရှိပါတယ်" ဟု တွမ်ချိုင်းက ဆိုသည်။ GPSC ကုမ္ပဏီမှာ အင်ဒိုနီးရှားနိုင်ငံ၌ ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများရှာဖွေနေသလို အာဆီယံဒေသတွင်း ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်ရန် ထိုင်းဘတ် ၁၈ ဘီလီယံ ရင်းနှီးမြှုပ်နှံမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

# မကွေးအသင်း နိုင်ပွဲရယူပြီး အဆင့် (၅) နေရာရောက်ရှိ

**ရန်ကုန် ဧပြီ ၄**

၂၀၁၆ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် ၁၁ နောက်ဆုံးနေ့ပွဲစဉ်များကို ယနေ့ညနေပိုင်းက ဆက်လက်ကျင်းပသည်။

**(သုဝဏ္ဏကွင်း)**
**မကွေး -နှစ်ဂိုး**
**ဟံသာဝတီ-တစ်ဂိုး**

ယခုရာသီတွင် ပုံစံကောင်းရရှိရန် ရုန်းကန်နေရသည့် မကွေးအသင်းမှာ ပထမအကျော့ နောက်ဆုံးရက်သတ္တပတ် တွင် နိုင်ပွဲရယူပြီး အဆင့် (၅)နေရာအထိ တက်လှမ်းလာနိုင်သည်။ ဟံသာဝတီအသင်းမှာ နှစ်ပွဲဆက်ရှုံးပွဲကြုံတွေ့ခဲ့သောကြောင့် ထိပ်ဆုံးမှ ရတနာပုံအသင်းနှင့် အမှတ်ပိုပြတ်သွားခဲ့သည်။

ဘရာဇီးလ်တိုက်စစ်မှူး အီဗန်စ်ပွဲပယ်ခံထားရပြီး လိုင်ဘေးရီးယားကွင်းလယ်လူ ဂျော့ဂျီ လက်ရွေးစင်အသင်းအတွက် ပြန်လည်ကစားပေးရင်း အချိန်မီ မရောက်ရှိသေးခြင်းကြောင့် ဟံသာဝတီအသင်းမှာ ပွဲထွက်လူစာရင်းတွင် ဘမ်ဘာ တစ်ဦးတည်းသာ နိုင်ငံခြားသားကစားသမားပါဝင်ခဲ့ပြီး ပုံမှန်ခြေစွမ်းရရန် ရုန်းကန်ခဲ့ရသည်။ နိုင်ငံခြားသားကစားသမား သုံးဦးအပါအဝင် အမာခံကစားသမား အစုံအလင်ပါဝင်လာသည့် မကွေးအသင်းမှာ ဟံသာဝတီထက် ကစားပုံပိုကောင်းခဲ့သောကြောင့် ဖိအားပေးကစားနိုင်ခဲ့သည်။ ၂၃ မိနစ်တွင် ဟံသာဝတီအသင်း နောက်ခံလူ အောင်ဖြိုးမြင့်ကိုယ့်ဂိုးကိုယ်သွင်းမိခဲ့သောကြောင့် မကွေးအသင်း ဂိုးစရခဲ့သည်။ ဟံသာဝတီအသင်းမှာ ချေပဂိုးရရန် ကြိုးပမ်းခဲ့သော်လည်း ကစားကွက်တည်မရဖြစ်ခဲ့ပြီး ပထမပိုင်း ပြီးခါနီးတွင် ဆယ်လာက ခေါင်းတိုက်ကာ မကွေးအတွက် ဒုတိယဂိုး ထပ်မံသွင်းယူခဲ့သည်။ ဒုတိယပိုင်းတွင် ဟံသာဝတီအသင်း ချေပဂိုးရရှိရန် တိုက်စစ်အားမြှင့်လာခဲ့ပြီး ၆၅ မိနစ်တွင် ဘမ်ဘာက ချေပဂိုးတစ်ဂိုး ပြန်သွင်းခဲ့သည်။ ယင်းနောက်ပိုင်းတွင် မကွေးအသင်းက အနိုင်ရလဒ်ကို ထိန်းပြီး သုံးမှတ်အပြည့် ရရှိသွားသည်။

အောင်ဆန်းကွင်း၌ ကျင်းပသောပွဲတွင် ချင်းယူနိုက်တက်နှင့် ဇေယျာရွှေမြေအသင်းတို့ တစ်ဂိုးစီသရေကျခဲ့သည်။ ကိုးမိနစ်တွင် အီဘရာဟင်မ်က ဇေယျာရွှေမြေအတွက် ဂိုးစတင်သွင်းယူခဲ့သော်လည်း ချင်းယူနိုက်တက်အတွက် ချေပဂိုးကို ၇၅ မိနစ်တွင် ဇော်ဝင်းက သွင်းယူခဲ့သည်။ ပွဲစဉ် (၁၁)အပြီးတွင် ရတနာပုံအသင်းက ၂၉ မှတ်ဖြင့် ထိပ်ဆုံးတွင် ဦးဆောင်နေပြီး ဟံသာဝတီအသင်းက ၂၁ မှတ်၊ ဧရာဝတီအသင်းက အမှတ် ၂၀၊ ရန်ကုန်နှင့် မကွေးအသင်းတို့က ၁၆ မှတ်စီ၊ ချင်းယူနိုက်တက်အသင်းက ၁၅ မှတ်၊ ဇွဲကပင်အသင်းက ၁၄ မှတ်၊ ဇေယျာရွှေမြေအသင်းက ၁၃ မှတ်၊ ရှမ်းယူနိုက်တက်အသင်းက ၁၂ မှတ်၊ ရခိုင်အသင်းက ၁၁ မှတ်၊ Horizon အသင်းက ငါးမှတ်၊ Southern အသင်းက လေးမှတ်ရရှိထားသည်။ ပထမအကျော့ပြီးဆုံးရန် တစ်ပွဲသာလိုတော့ပြီး ပွဲစဉ်(၁၀) ရွှေ့ဆိုင်းထားသော ရန်ကုန်-ဇွဲကပင်ပွဲကို ဧပြီ ၇ ရက်၌ ကျင်းပမည်ဖြစ်သည်။

**သတင်းနှင့်ဓာတ်ပုံ-ရှိုင်းထက်ဇော်**



မကွေးအသင်းနှင့် ဟံသာဝတီအသင်းတို့ အကြိတ်အနယ်ယှဉ်ပြိုင်နေစဉ်။

## မီးဘေးသင့်ပြည်သူများအတွက် အလှူငွေနှင့် ထောက်ပံ့ပစ္စည်းများပေးအပ်

**နေပြည်တော် မေ ၄**

လယ်ဝေးမြို့နယ် မီးဘေးသင့်ပြည်သူများအတွက် ကယ်ဆယ်ရေးစခန်းဖွင့်လှစ်ထားရှိသည့် လယ်ဝေးမြို့ အမှတ်(၁)ရပ်ကွက်ရှိ မြွေရိုးကြီးကျောင်းတိုက်သို့ မေ ၃ ရက် မွန်းတည့် ၁၂ နာရီက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး သွားရောက်၍ ဝန်ကြီးဌာနမှ ထောက်ပံ့ပေးအပ်သော တန်ဖိုးငွေ ၁၅၄၄၆၂ ကျပ်ရှိ ကယ်ဆယ်ရေးပစ္စည်းကိုးမျိုး၊ အိမ်ဆောက်ပစ္စည်းတန်ဖိုးငွေကျပ် ၄၅၀၀၀၀ နှင့် ဆန်ရိက္ခာထောက်ပံ့ငွေကျပ် ၆၃၀၀၀တို့ကို ထောက်ပံ့ပေးအပ်ခဲ့ပြီး မီးဘေးသင့်ပြည်သူများအား အားပေးစကားပြောကြားခဲ့ကြောင်း သိရသည်။



လယ်ဝေးမြို့နယ် အမှတ်(၁)ရပ်ကွက်တွင် မေ ၂ ရက် ညနေ ၃ နာရီခွဲခန့်က မီးလောင်မှုဖြစ်ပွားခဲ့ရာ သွပ်မိုး၊ ထရံကာ နေအိမ်နှစ်လုံး၊ သက်ငယ်မိုး၊ ထရံကာ နေအိမ်ငါးလုံး စုစုပေါင်းနေအိမ် ခုနစ်လုံး မီးလောင်ကျွမ်းခဲ့ပြီး အိမ်ထောင်စု ခုနစ်စု (လူဦးရေ ၃၀) မီးဘေးဒုက္ခကြုံတွေ့ခဲ့ရကြောင်း သိရသည်။ **(သတင်းစဉ်)**

## အိန္ဒိယကျေးလက်ရိုးရာယဉ်ကျေးမှုအကအဖွဲ့ မန္တလေး၌ အခမဲ့ဖျော်ဖြေမည်

**မန္တလေး မေ ၄**

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံသံရုံးတို့ပူးပေါင်း၍ အိန္ဒိယသမ္မတနိုင်ငံ ကျေးလက်ရိုးရာယဉ်ကျေးမှုအကအဖွဲ့၏ ဖျော်ဖြေတင်ဆက်ပွဲကို မေ ၅ ရက် ညနေ ၆ နာရီမှ ည ၈ နာရီအထိ မန္တလေးမြို့ အောင်မြေသာစံမြို့နယ် (၆၆)လမ်းရှိ အမျိုးသားကဇာတ်ရုံ၌ ကျင်းပမည်ဖြစ်ရာ မည်သူမဆိုအခမဲ့ လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

Rhythm Divine II အိန္ဒိယကျေးလက်ရိုးရာယဉ်ကျေးမှုအကအဖွဲ့သည် အိန္ဒိယနိုင်ငံ ယဉ်ကျေးမှုပွဲတော်အကပြိုင်ပွဲတွင် ရွှေတံဆိပ်ရရှိထားသောအဖွဲ့ဖြစ်ပြီး အာရှနှင့် ဥရောပနိုင်ငံများသို့ ယဉ်ကျေးမှုဖလှယ်ရန် ချစ်ကြည်ရေးဖျော်ဖြေပွဲများ သွားရောက်တင်ဆက်ခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။ **သီဟကိုကို(မန္တလေး)**





## လားရှိုး မန်ဆူရှမ်းကျောင်း၌ စပေါင်းရှင်ပြုပွဲကျင်းပ

**လားရှိုး မေ ၄**

ရှမ်းပြည်နယ်မြောက်ပိုင်း လားရှိုးမြို့ သီရိမင်္ဂလာမန်ဆူရှမ်းကျောင်းတိုက် ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပုညနန္ဒအားအမှူးထား၍ ဒေသခံရှမ်းတိုင်းရင်းသားများ၏ စပေါင်းရှင်ပြုပွဲကို မန်ဆူရှမ်းကျောင်း၌ မေ ၃ ရက် နံနက် ၈ နာရီက ကျင်းပခဲ့သည်။

ရှေးဦးစွာ ရှင်လောင်းများအား မန်ဆူရှမ်းကျောင်းဆရာတော်က ငါးပါးသီလချီးမြှင့်တော်မူပြီး ရှင်လောင်းများ၏ မိဘဆွေမျိုးများက ရှမ်းယဉ်ကျေးမှုဓလေ့ထုံးစံနှင့်အညီ ရှင်လောင်းများကို ပခုံးထမ်း၍ ရှမ်းအိုးစည်ဝိုင်းများဖြင့် ရှင်လောင်းလှည့်ပွဲကို နံနက် ၉ နာရီ တစ်ကြိမ်၊ မွန်းလွဲ ၁ နာရီတစ်ကြိမ်၊ ညနေ ၄ နာရီတစ်ကြိမ် သုံးကြိမ်တိုင်တိုင် တပျော်တပါးကျင်းပခဲ့ကြသည်။ ထို့နောက် မန်ဆူရှမ်းကျောင်းဆရာတော်က ရှင်လောင်းများအား ဆံချ၍ ရှင်သာမဏေများအဖြစ် သွတ်သွင်းချီးမြှင့်ပေးတော်မူခဲ့သည်။

**(သီပေါကိုလတ်)**

## လူထုအခြေပြု ငှက်ဖျားရောဂါကာကွယ်ရေးဆွေးနွေး

**မောက်မယ် မေ ၄**

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင် မောက်မယ်မြို့နယ်အတွင်းရှိ ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် အထောက်အကူပြုစေရန်အတွက် ကြက်ခြေနီစေတနာလုပ်အားရှင်များနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရန် လူမှုကရုဏာလုပ်ငန်းကိုအခြေခံ၍ ဆင်းရဲဒုက္ခ နည်းပါးသက်သာစေရန် ရည်ရွယ်လျက် မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ ကျန်းမာရေးဦးစီးဌာနနှင့် UNOPS/GF တို့မှ ပူးပေါင်းဆောင်ရွက်သည့် လူထုအခြေပြု ငှက်ဖျားရောဂါကာကွယ်ရေးစီမံချက်ဆွေးနွေးပွဲကို မောက်မယ်မြို့နယ် ပြည်သူ့ဆေးရုံ၌ မေ ၂ ရက် နံနက်ပိုင်းက ကျင်းပခဲ့သည်။

ဆွေးနွေးပွဲတွင် မြို့နယ်ဆရာဝန်ကြီး ဒေါက်တာမြမြသန်း၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ ဦးခိုင်စိုး(လက်ထောက်စီမံချက်)နှင့် ငှက်ဖျားဆရာမ ဒေါ်နန်းဆိုင်စံတို့က ကြက်ခြေနီစေတနာလုပ်အားရှင်များအား သင်တန်းပို့ချပေးပြီး ကျေးရွာများ၌ထားရှိရေး၊ ငှက်ဖျားရောဂါကာကွယ်ရေးစီမံချက်ကို ဝေးလံခေါင်းပါးသည့် ကျေးရွာပေါင်း ၁၅ ရွာအား ဦးစားပေးအဆင့်ထားရှိကြောင်း ဆွေးနွေးတင်ပြခဲ့သည်။

ဆွေးနွေးပွဲသို့ ကျန်းမာရေးကြီးကြပ်မှုကော်မတီဝင်များ၊ NGO အဖွဲ့အစည်းများ၊ ကြက်ခြေနီစေတနာလုပ်အားရှင် သင်တန်းသား သင်တန်းသူ ၂၆ ဦး တက်ရောက်ခဲ့ပြီး ဆွေးနွေးပွဲကို မေ ၄ ရက်အထိ သုံးရက်ကြာ ကျင်းပခဲ့ကြောင်း သိရသည်။

**စိုင်းမျိုးသန့်(ပြန်/ဆက်)**

## မုံရွာမြို့နယ်အတွင်း ထင်းအစားထိုးအခြားလောင်စာသုံး စံပြကျေးရွာများ တည်ထောင်လျက်ရှိ

**မုံရွာ မေ ၄**

ကျေးလက်နေပြည်သူများ ထင်းအသုံးပြုရာတွင် သစ်တော၊ သစ်ပင်များကို မှီခိုခြင်းမရှိဘဲ စိုက်ပျိုးရေး စွန့်ပစ်အမှိုက်များ၊ သစ်ရွက်များ အသုံးပြုနိုင်ရေး စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်အတွင်းရှိ ကျေးရွာများကို ထင်းအစားထိုး အခြားလောင်စာသုံး စံပြကျေးရွာများအဖြစ် ဘဏ္ဍာနှစ်အလိုက်တည်ထောင်ပေးလျက်ရှိကြောင်း မြို့နယ်အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ သိရသည်။

"စံပြကျေးရွာ ထူထောင်တဲ့အခါမှာ ကျေးရွာတွေကို သစ်တော၊ သစ်ပင်တွေက လူတွေအတွက် အကျိုးပြုပုံကို သိရှိပြီး သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းတတ်ဖို့၊ ထင်းအစားသုံးလောင်စာတွေ ရရှိနိုင်မယ့် နည်းလမ်းတွေ၊ အသုံးပြုပုံတွေကို အသိပညာပေးဟောပြောတယ်။ နောက်ပြီး အဲဒီလောင်စာတွေနဲ့ အသုံးပြုနိုင်မယ့် စွမ်းအားမြှင့်မီးဖိုတွေကို ဌာနကထောက်ပံ့ပေးတယ်။ အဓိကကတော့ အပူပိုင်းဒေသမှာ နေထိုင်တဲ့ပြည်သူတွေ သစ်တော၊ သစ်ပင်တွေရဲ့ တန်ဖိုးကိုသိရှိပြီး သဘာဝပတ်ဝန်းကျင်ကို တန်ဖိုးထားတတ်စေဖို့အတွက်ပါ" ဟု မုံရွာမြို့နယ် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးမှူးက ပြောသည်။

မုံရွာမြို့နယ်အတွင်း ထင်းအစားထိုး အခြားလောင်စာသုံး စံပြကျေးရွာများအဖြစ် ဗန်စီ၊ နိဗ္ဗာန်ဝ၊ ကြီးအုပ်၊ တောင်ကြား၊ လှည်းဒါး၊ သစ်ညိုပင်၊ တောင်မတော၊ ခတ္တကန်မြောက်၊ ထနောင်းဝင်း၊ ရွာတုံ(မြောက်)၊ သာယာစုကျေးရွာတို့တွင် ဘဏ္ဍာနှစ်အလိုက်လည်းကောင်း၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် အရှေ့ပုံကျကျေးရွာတွင် တည်ထောင်ပေးခဲ့ပြီး ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ကျောက်ခွက်ကျေးရွာတွင် ဆက်လက်တည်ထောင်ပေးသွားမည်ဖြစ်သည်။

အဆိုပါ ထင်းအစားအခြားလောင်စာသုံး စံပြကျေးရွာများတွင် ထင်းအဖြစ်အသုံးပြုရန်၊ သစ်တော၊ သစ်ပင်များကို မှီခိုမှုမရှိဘဲ သစ်တောများမှ ရရှိသည့် အကိုင်း၊ အခက်များ၊ သစ်ရွက်များ၊ စိုက်ပျိုးရေးလုပ်ငန်းများမှရရှိသည့် စွန့်ပစ်အမှိုက်များကို အသုံးပြုခြင်း၊ သစ်တော၊ သစ်ပင်များကို ပြုစုပျိုးထောင် ထိန်းသိမ်းပေးသည့်စနစ်ဖြစ်ကြောင်း သိရသည်။

**(ဖိုးချမ်း-မုံရွာ)**

## မဟာသင်္ကြန်ကာလအတွင်း မူးယစ်ဆေးဝါးအန္တရာယ်နှင့် ပတ်သက်၍ ပြည်သူများ သတိပြုရန် နှိုးဆော်ချက်

၁။ ရေပက်ခံကားယာဉ်မောင်းသူများ အရက်သေစာသောက်စားထားမှုနှင့် မူးယစ်ဆေးဝါးသုံးစွဲမှု မရှိစေရေး တားမြစ်ကြပါရန်။

၂။ မူးယစ်ဆေးဝါးများ၊ စိတ်ငြိမ်ဆေးဝါးများ၊ ထိန်းချုပ်ဆေးဝါးများနှင့် တံဆိပ်အမျိုးမျိုး၊ ပုံသဏ္ဌာန်အမျိုးမျိုးတို့ဖြင့် တရားမဝင်ရောက်ရှိလာသည့် ကာမဆန္ဒနှိုးဆွစေသော ဆေးဝါးများအား မိမိကိုယ်တိုင်သောက်သုံးခြင်းမှ ရှောင်ကြဉ်ကြပါရန်နှင့် မြူဆွယ်တိုက်ကျွေး၍ အန္တရာယ်ပေးနိုင်သည်ကိုလည်း သတိပြုဆင်ခြင်ကြပါရန်။

၃။ တာဝန်သိပြည်သူတစ်ယောက်ချင်းအနေဖြင့် မိမိတို့နိုင်ငံ၊ လူမျိုးတို့အမြတ်တနိုး တန်ဖိုးထားသည့် အတာသင်္ကြန်ပွဲတော် မညစ်နွမ်းစေရန် မိမိပတ်ဝန်းကျင်တွင် မူးယစ်ဆေးဝါးနှင့် အခြားအန္တရာယ်ရှိသော ဆေးဝါးများ၊ ကာမဆိုင်ရာဆေးဝါးသုံးစွဲရောင်းဝယ်မှုများတွေ့ရှိပါက အနီးဆုံး လုံခြုံရေးအဖွဲ့အစည်းများထံ သတင်းပေးပို့ တိုင်ကြားကြပါရန်။

၄။ အတာသင်္ကြန်ကာလအတွင်း လူငယ်များအနေဖြင့် ရိုးရာသင်္ကြန်ကို အရိုးရှင်းဆုံးပုံစံဖြင့် ပျော်ရွှင်စွာဆင်နွှဲကြပါရန်၊ အရက်မှအစပြု၍ မူးယစ်ဆေးဝါးအပါအဝင် အဆန်းထွင်သုံးစွဲ အပျော်လွန်ကျူးလျှင် ဘေးအန္တရာယ်များနှင့် ကြုံတွေ့ရမည်ကို သတိပြုကြပါရန်။

၅။ မြန်မာ့ရိုးရာအတာသင်္ကြန်ကာလအတွင်း လူသစ်စိတ်သစ်ဖြင့် နှစ်သစ်ကူးကာလကို ဘေးကင်းစွာနှင့် ပျော်ရွှင်စွာ ဖြတ်သန်းနိုင်ကြစေရန်အတွက် ရပ်မိရပ်ဖများ၊ မိဘအုပ်ထိန်းသူများနှင့် မဏ္ဍပ်တာဝန်ခံများ ဝိုင်းဝန်းထိန်းသိမ်း၍ ပူးပေါင်းဆောင်ရွက်ပေးနိုင်ကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

**မြန်မာနိုင်ငံရဲတပ်ဖွဲ့**

# တောင်ကိုရီးယားခရီးသွားလုပ်ငန်းရဲ့ ကိုယ်စားလှယ်ဖြစ်လာတဲ့ ဆောင်ဂျွန်ကီ



တောင်ကိုရီးယားရဲ့ တက်သစ်စ မင်းသားတစ်ဦးဖြစ်တဲ့ ဆောင်ဂျွန်ကီ ခေါင်းဆောင်ပါဝင်ထားတဲ့ တောင်ကိုရီးယား ရုပ်သံဇာတ်လမ်းတွဲ ဒရမ်မာရုပ်ရှင် "Descendants of the Sun"ဟာ တောင်ကိုရီးယားနဲ့ တရုတ်နိုင်ငံတွေမှာ တစ်ပြိုင်နက် ထုတ်လွှင့်ပြသခဲ့ရာ နှစ်နိုင်ငံစလုံးမှာ ကြည့်ရှုသူပရိသတ်အများဆုံးရုပ်ရှင်အဖြစ် စံချိန်သစ်တွေ တင်နိုင်ခဲ့ပါတယ်။ ယင်းရုပ်ရှင်ရဲ့ အောင်မြင်မှုနဲ့အတူ ခေါင်းဆောင်မင်းသား ဆောင်ဂျွန်ကီရဲ့ ကျော်ကြားမှုဟာလည်း တစ်ဟုန်ထိုး တိုးတက်လာခဲ့ပါတယ်။

ယခုလို အာရှမှာ အလွန်ကျော်ကြားလာတဲ့ မင်းသားဆောင်ဂျွန်ကီရဲ့ ပုံရိပ်တွေနဲ့ တောင်ကိုရီးယားရဲ့ ခရီးသွားလုပ်ငန်းကို အရှိန်အဟုန်မြှင့်ဆောင်ရွက်ဖို့ ဆောင်ဂျွန်ကီကို တောင်ကိုရီးယားခရီးသွားလုပ်ငန်းရဲ့ ကိုယ်စားလှယ်တစ်ဦးအဖြစ် တောင်ကိုရီးယားယဉ်ကျေးမှု၊ အားကစားနဲ့ ခရီးသွားလုပ်ငန်းဝန်ကြီးဌာနက ရွေးချယ်ခန့်အပ်ခဲ့ကာ မေ ၁ ရက်ကစတင်ပြီး တောင်ကိုရီးယား ခရီးသွားလုပ်ငန်းအတွက် ကြော်ငြာတွေကို "Descendants of the Sun" ရုပ်ရှင်ရိုက်ကူးခဲ့တဲ့ နေရာတွေမှာ သွားရောက်ရိုက်ကူးမှာဖြစ်ကြောင်း အဆိုပါဝန်ကြီးဌာနက ထုတ်ပြန်ပြောကြားခဲ့တာကို စွန်ပီဒေါ့ကွန်းမှာ ဖော်ပြခဲ့ပါတယ်။

# ဆယ်စုနှစ်နှစ်ခုအကြာမှ ပြန်လည်ဆုံစည်းဖြစ်တဲ့ "Guns N' Roses"

၁၉၈၀နဲ့ ၁၉၉၀ပြည့်နှစ်တွေအတွင်း အမေရိကန်ရဲ့ အကျော်ကြားဆုံးသော ရော့ခ်တေးဂီတအဖွဲ့အဖြစ်ရပ်တည်ခဲ့တဲ့ "Guns N' Roses"ဟာ ပြီးခဲ့တဲ့ မေ ၁ ရက်က ဝက်စ်ထ်ဟောလိဝုဒ်မှာရှိတဲ့ နိုက်ကလပ်တစ်ခုမှာ ဖျော်ဖြေပွဲတစ်ခုပြုလုပ်ခဲ့ကြောင်း စကိုင်းနယူးစ်ဒေါ့ကွန်းက ဖော်ပြခဲ့ပါတယ်။

အဆိုပါဖျော်ဖြေပွဲဟာ အဖွဲ့အတွက် နှစ်ပေါင်းနှစ်ဆယ်အတွင်း ပထမဦးဆုံးအကြိမ် ပြန်လည်ကျင်းပဖြစ်တဲ့ ပွဲလည်းဖြစ်ပါတယ်။ ယင်းတေးဂီတဖျော်ဖြေပွဲမှာ "Guns N' Roses"ရဲ့ အဆိုတော် ရို့စ်၊ လိဒ်ဂီတာပညာရှင် စလက်ရှ်နဲ့ ဘေ့စ်ဂီတာပညာရှင် မက်ကက်ဂန်တို့ ပါဝင်ဖျော်ဖြေခဲ့ကြပြီး သူတို့သုံးဦးဟာ လွန်ခဲ့တဲ့ ၁၉၉၃ ခုနှစ် ဇူလိုင် ၁၇ ရက်က နောက်ဆုံးအကြိမ် အတူတကွဖျော်ဖြေခဲ့ကြတာဖြစ်ကြောင်းလည်း သိရပါတယ်။

ယင်းဖျော်ဖြေပွဲကို ဟောလိဝုဒ်ရဲ့ နာမည်ကျော်အနုပညာရှင်တွေ တက်ရောက် အားပေးခဲ့ကြပြီး ဟောလိဝုဒ်ရဲ့ထိပ်တန်းကြယ်ပွင့်တစ်ဦးဖြစ်တဲ့ ဘရက်ဒ်လေကူးပါးလ်က သူ့ရဲ့မိခင်ဖြစ်သူနဲ့အတူ တက်ရောက်အားပေးခဲ့ကာ "Guns N' Roses "က အဖွဲ့ရဲ့ အကျော်ကြားဆုံးသော တေးသီချင်းတွေနဲ့ သီဆိုဖျော်ဖြေခဲ့ပါတယ်။

လာမယ့် ဇွန် ၂၃ ရက်က စတင်ပြီး "Guns N' Roses"ဟာ အဖွဲ့ရဲ့ မြောက်အမေရိကန် နယ်လှည့်ဖျော်ဖြေပွဲအစီအစဉ်တစ်ခုကို ပြုလုပ်သွားမှာဖြစ်ကြောင်း ထုတ်ပြန်ကြေညာခဲ့ကာ ယင်းအစီအစဉ်အရ မြောက်အမေရိကန်မှာရှိတဲ့ နေရာ ၂၀ ကို သွားရောက်ဖျော်ဖြေသွားမှာဖြစ်ကြောင်း သိရပါတယ်။ ယင်းနယ်လှည့်ဖျော်ဖြေရေးခရီးစဉ်ဟာ ဩဂုတ်လ ၂၂ ရက်မှာ အဆုံးသတ်မှာဖြစ်တဲ့အတွက် သုံးလခန့်ကြာမြင့်တဲ့ ဖျော်ဖြေရေးခရီးစဉ်တစ်ခုဖြစ်ပါတယ်။

# ဗြိတိန်တေးအယ်လ်ဘမ်ဇယားတွင် ဇေမာလိခ်၏တေးအယ်လ်ဘမ်သစ် ထိပ်ဆုံးမှရပ်တည်



ပြီးခဲ့သည့် မေ ၁ ရက်က ရရှိခဲ့သော အချက်အလက်များအရ"One Direction"အဖွဲ့ဝင်ဟောင်း ဇေမာလိခ်၏ ပထမဦးဆုံးသော တစ်ကိုယ်တော်တေးအယ်လ်ဘမ်သစ် "Mind of Mine" သည် ဗြိတိန်ထိပ်တန်း တေးအယ်လ်ဘမ်များစာရင်းတွင် ထိပ်ဆုံးက ရပ်တည်လျက်ရှိကြောင်း ဘီဘီစီဒေါ့ကွန်းက ဖော်ပြခဲ့သည်။

ဇေသည် ယင်းတေးအယ်လ်ဘမ်သစ်တွင် ပါဝင်သည့် တေးသီချင်းများကို ပြီးခဲ့သည့် ဖေဖော်ဝါရီလအတွင်းက စတင်ပြီး တစ်ပုဒ်ချင်းစီ ထုတ်လွှင့်လာခဲ့ကာ မတ် ၂၅ ရက်တွင် အပြီးသတ်ထုတ်လွှင့်ခဲ့သည်။ ယင်းတေးအယ်လ်ဘမ်တွင် တေးသီချင်းစုစုပေါင်း ၁၄ ပုဒ်ပါဝင်ကာ ယင်းတေးအယ်လ်ဘမ်၏ ခေါင်းစီးသီချင်းဖြစ်သည့် ပထမဦးဆုံး ထုတ်လွှင့်ခဲ့သော တေးသီချင်း "Pillowtalk" သည် စတင်ထုတ်လွှင့်ခဲ့သည့် ဖေဖော်ဝါရီလအတွင်း ဘေဘုတ်၏ အကျော်ကြားဆုံးသော တေးသီချင်း ၂၀၀စာရင်းတွင် ထိပ်ဆုံးမှ ရပ်တည်နိုင်ခဲ့သည်။

ဇေ၏ "Mind of Mine"တေးအယ်လ်ဘမ်သည် ယခင်က တေးအယ်လ်ဘမ်ဇယားတွင် ထိပ်ဆုံးမှ နေရာယူထားခဲ့သော ဗြိတိန်ပေါ့ပ်အဆိုတော် အဒဲလ်၏ တေးအယ်လ်ဘမ် “25” ထက် တေးအယ်လ်ဘမ်ပေါင်း လေးထောင်ကျော်ပိုမိုရောင်းချခဲ့ရပြီး ရောင်းအားအကောင်းဆုံးအဖြစ် တေးအယ်လ်ဘမ်ဇယားကို ဦးဆောင်နိုင်ခဲ့ခြင်းဖြစ်သည်။

ယခုလို ပထမဦးဆုံးထွက်ရှိခဲ့သော တေးအယ်လ်ဘမ်သစ်သည် ဗြိတိန်တေးအယ်လ်ဘမ်များ အနက် နံပါတ်တစ်နေရာကို ပိုင်ဆိုင်နိုင်ခဲ့ခြင်းအတွက် ဇေက “ဒီအခြေအနေဟာ ကျွန်တော့်အတွက် တကယ်ကို ကျေနပ်စရာပါပဲ။ ကျွန်တော်ဒီအောင်မြင်မှုအတွက် အထောက်အပံ့တွေလည်း မယူခဲ့ပါဘူး။ ကျွန်တော်အသက် (၂၃)နှစ်ပြည့်တဲ့အချိန်မှာ ဘဝဟာ အတော်ပြောင်းလဲသွားခဲ့ပါပြီ”ဟု သူ၏အောင်မြင်မှုနှင့်ပတ်သက်ပြီး ဝမ်းသာစကားဆိုခဲ့သည်။

ပေါ့ပ်အဆိုတော် ဂျက်စတင်ဘီဘာ၏ နောက်ဆုံးထွက်ရှိထားသော တေးအယ်လ်ဘမ် "Purpose"သည် ယင်းတေးအယ်လ်ဘမ်ဇယားတွင် ပဉ္စမနေရာတွင် ရပ်တည်လျက်ရှိပြီး ဂျက်စတင်၏ အဆိုပါတေးအယ်လ်ဘမ်သည် ဗြိတိန်၏ အကျော်ကြားဆုံးသော တေးအယ်လ်ဘမ် ငါးခုအတွင်း ပါဝင်ရပ်တည်နိုင်ခဲ့သည်မှာ သီတင်းပတ် ၂၀ ခန့်ပင် ရှိနေပြီဖြစ်ကြောင်း သိရသည်။

# Block B ၏ တေးအယ်လ်ဘမ်သစ် မကြာမီထွက်ရှိမည်



တောင်ကိုရီးယားရဲ့ အမျိုးသားပေါ့ပ်တေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ "Block B"ဟာ အဖွဲ့ရဲ့ ပဉ္စမမြောက် မီနီတေးအယ်လ်ဘမ်နဲ့အတူ ပရိသတ်ရှေ့မှောက်သို့ မကြာမီ ပြန်လည်ရောက်ရှိလာတော့မှာ ဖြစ်ကြောင်း အောကေပေါ့ပ် ဒေါ့ကွန်းက ဖော်ပြခဲ့ပါတယ်။

အဆိုပါ တေးအယ်လ်ဘမ်ကို "Blooming Period"လို့ အမည်ပေးထားပြီး ယင်းတေးအယ်လ်ဘမ်ရဲ့ ခေါင်းစီးတေးကတော့ "Toy" ဖြစ်ပါတယ်။ "Block B"ဟာ အဆိုပါမီနီတေးအယ်လ်ဘမ်ကို လာမယ့် မေ ၁၁ ရက်မှာ စတင်ထုတ်လွှင့်သွားဖို့ စီစဉ်ထားကာ ယင်းတေးအယ်လ်ဘမ်မှာ ပြန်လည်ပွင့်လန်းအောင်မြင်လာတော့မယ့် "Block B" အဖွဲ့ရဲ့ အနာဂတ်ကို ပွင့်လန်းလာတဲ့ ပန်းကလေးတွေရဲ့ပုံရိပ်နဲ့ ခိုင်းနှိုင်းရေးဖွဲ့ထားတဲ့ တေးသီချင်းတွေ ပါဝင်ကြောင်းလည်း သိရပါတယ်။

"Block B"တေးဂီတအဖွဲ့ကို အဖွဲ့ဝင် ခုနစ်ဦးနဲ့ ၂၀၁၁ ခုနှစ်အတွင်းက စတင်ဖွဲ့စည်းခဲ့ခြင်းဖြစ်ကာ ၂၀၁၂ ခုနှစ်မှစတင်ပြီး အာရှနိုင်ငံအသီးသီးကချီးမြှင့်တဲ့ ဂီတနဲ့ပတ်သက်တဲ့ ထူးချွန်ဆုတွေကို နှစ်စဉ် ပိုင်ဆိုင်ခွင့်ရခဲ့တဲ့ တေးဂီတအဖွဲ့တစ်ဖွဲ့လည်း ဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ၂၀၁၅ ခုနှစ်အတွင်းမှာတော့ ဆုရရှိခဲ့ခြင်းမရှိပေမယ့် ယခု ၂၀၁၆ ခုနှစ်အတွင်း ဂျပန်နိုင်ငံမှာကျင်းပတဲ့ ဂီတထူးချွန်ဆုပေးပွဲတစ်ခုမှာတော့ အာရှရဲ့ အကောင်းဆုံးမျိုးဆက်သစ် ဂီတပညာရှင်ဆုကို ဆွတ်ခူးနိုင်ခဲ့ပါတယ်။

**အေးပြည့် - စုစည်းဖော်ပြသည်**

# ရုပ်မြင်သံကြားအစီအစဉ်များ

[၅ - ၄ -၂၀၁၆ (အင်္ဂါနေ့)]

## မြန်မာ့ရုပ်မြင်သံကြား Entertainment Channel

ညပိုင်း
- ၆:၀၀ အဖွင့်
  - -မိုးလေဝသအစီအစဉ်
  - -တေးဂီတအစီအစဉ်
- ၆:၃၀ ပြည်သူ့နီတိ“ပြောလိုက်ပါ့မယ်”
- ၆:၄၀ ခါသကြံန်အဆိုအကများ
- ၇:၀၀ နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲ “လျှို့ဝှက်သော ပုစ္ဆာ” (အပိုင်း-၁၆)
- ၇:၄၀ နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲ “အချစ်စစ်ရဲ့ အလှတရား” (အပိုင်း -၁၆)
- ၈:၃၀ ကာတွန်းအစီအစဉ် "Alice in Wonderland"(Part-1)
- ၉:၁၀ တေးဂီတအစီအစဉ်
- ၉:၃၀ စိုင်းထီးဆိုင်နှင့် သူ၏ အနုပညာ
- ၉:၅၀ နိုင်ငံတကာရုပ်ရှင်တေးများ
- ၁၀:၀၀ မြန်မာဗီဒီယိုဇာတ်လမ်း “ရင်ခုန်သံတွေ ပြန်လျှော်ပေး”
- ၁၂:၀၀ အစီအစဉ်ပြီး၏။

**တစ်နေ့(၆)နာရီစာ(၄)ကြိမ်ပြသပါမည်။**

## MRTV- 4

- ၅:၀၀ ပဋ္ဌာန်းပါဠိတော်+မေတ္တာသုတ်
- ၅:၄၀ “မကွဲခင်က ခွဲနှင့်ပါ”တရားတော် [ဆရာတော်ဝနဝါသီ ဥယျာဉ်မွသာမိမဟာထေရ် (မဟာဗောဓိမြိုင်ဆရာတော်)]
- ၆:၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “ထာဝရချစ်သူသည်သာ” (အပိုင်း-၂၂)
- ၈:၀၀ “မင်္ဂလာပါ” The Morning Show
- ၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “အိမ်ရှင်မတို့ချစ်စကား” (အပိုင်း-၇၀)
- ၁၀:၁၀ ခေတ်သစ်ပျိုမေ
- ၁၀:၅၅ အနုပညာမိုးကောင်းကင်
- ၁၁:၂၀ သွားမယ် စားမယ် (Together Restaurant)
- ၁၁:၄၅ Forever Music Tribute ထူးအိမ်သင်(အပိုင်း-၆) (ဒုတိယပိုင်း)
- ၁၂:၀၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “ဂန္ထဝင်ကုန်သည်” (အပိုင်း-၄၈)
- ၁၂:၄၅ ရန်ကုန်မြင်ကွင်းကျယ် (Grand Opening of Skin Derella Aesthetic and Laser Clinic)
- ၂:၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ “မေတ္တာအသည်းမြွှာ” (အပိုင်း-၅၄)
- ၃:၃၅ Water Festival Make Up 2016
- ၄:၀၀ ပြန်လည်ခံစား အကယ်ဒမီဖက်ရှင်
- ၄:၂၀ Cartoon Series (Go Go Giggles)
- ၄:၄၀ သင်္ကြန်တေးသီချင်းများ
- ၄:၄၅ ဝိသာခါဖောင်ဒေးရှင်း Charity Cala
- ၆:၁၀ Health Fix
- ၆:၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “ထာဝရချစ်သူသည်သာ” (အပိုင်း-၂၃)
- ၇:၂၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “မေတ္တာအသည်းမြွှာ” (အပိုင်း-၅၅)
- ၈:၁၅ ရသစုံညွှန်းတမ်းများ
- ၈:၃၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “အိမ်ရှင်မတို့ ချစ်စကား” (အပိုင်း-၇၁)
- ၉:၂၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “ဂန္ထဝင်ကုန်သည်” (အပိုင်း-၄၉)
- ၉:၅၀ အနုပညာမိုးကောင်းကင်
- ၁၀:၁၀ MRTV-4 Stage
- ၁၀:၄၀ World of Knowledge (Don't Tell My Mother Indonesia)

## မြဝတီ

- ၆:၀၃ တရားတော်
- ၆:၁၅ မေတ္တာပို့
- ၆:၂၀ ဓမ္မပူဇာတေး
- ၆:၂၅ ကိုယ်လက်လှုပ်ရှားအားကစား
- ၆:၃၅ မျိုးချစ်တပ်မတော်
- ၆:၄၅ မှတ်တမ်း
- ၆:၅၅ မြန်မာသံစဉ်ချိုနားဝင်
- ၇:၁၀ အမျိုးသားရေးတေးကဗျာ
- ၇:၂၅ သင့်အတွက်တစ်နေ့တာ
- ၈:၀၀ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ စိုက်ပျိုးသုတ
- ၈:၂၅ မြတ်နိုးစရာရိုးရာလက်မှုပညာ
- ၈:၃၅ ခရီးလည်းသွားစကားလည်းဆို
- ၈:၄၅ မြဝတီနေ့စဉ်သတင်း
- ၉:၀၀ တည်ဆောက်ပြုပြင် မြို့တော်တစ်ခွင်
- ၄:၀၈ တစ်ပတ်အတွင်း စိုက်ပျိုးရေးသတင်း
- ၄:၁၅ အမျိုးသားရေးတေးကဗျာ
- ၄:၂၀ မျိုးချစ်တပ်မတော်
- ၄:၂၅ အလွမ်းတေးပန်းချီချစ်သူဆီ
- ၄:၃၅ အင်္ဂလိပ်စာသုတ
- ၄:၄၅ မြန်မာသံစဉ်ချိုနားဝင်
- ၅:၀၀ သာယာဦကြွေးခေတ်ဆန်းတေး
- ၅:၁၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - မင်းသမီးနဲ့ကျွန်တော် အပိုင်း(၁၀)
- ၅:၃၅ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - အရှက်ဦးရဲ့ချစ်ပန်းသခင် အပိုင်း(၉)
- ၆:၀၀ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ Let's Go
- ၆:၃၅ Dream Team
- ၇:၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ချစ်သူတို့စိတ်ဝမ်းအေးချမ်းပါစေ အပိုင်း(၁၈)
  - -မြဝတီရုပ်မြင်သံကြားသတင်း
  - -နိုင်ငံတကာသတင်း
  - -မိုးလေဝသသတင်း
  - -VOA အင်္ဂလိပ်စာသင်ခန်းစာ
  - -ဟာသရုပ်စုံ
  - -ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
  - -ရသစုံလင်ရုပ်မြင်ဇာတ်လမ်း ဟိုတယ်ဘုရင် အပိုင်း(၁၇)

## mitv

| | |
|---|---|
| 07:26 | Insight Myanmar: Library (Ep-1) Myanmar Library Survey |
| 07:47 | Natural Lake: Fish Breeding Business |
| 08:26 | Travelogue: Ngwe Saung Beach |
| 08:46 | Thingyan Songs & Dances |
| 09:26 | Culture Show: Abdication of King Thibaw |
| 09:43 | Today Myanmar: Online Shopping-Food Delivery Service |
| 09:53 | Art Students: Theatrical Art |
| 10:26 | Trend Of Kachin Dress |
| 10:51 | Black Gold (Part- I) |
| 07:26 | A Day Out With Sarah (EP-5) |
| 07:50 | Thingyan Songs & Dances |
| 08:26 | Discovering Tribes: Pre Kayaw (Their Life and Customs) (Part- II) |
| 08:52 | Culture Shows: Composer Ma Mya Lay |

**ရီးယဲလ်မက်ဒရစ်အသင်းကို ပြီးခဲ့တဲ့ ဇန်နဝါရီလကမှ စတင်ကိုင်တွယ်ခွင့်ရခဲ့တဲ့ ဇီဒန်းဟာ သူ့ရဲ့အရည်အချင်းအပေါ် သံသယရှိနေသူတွေကို နှုတ်ဆိတ်အောင် စွမ်းဆောင်ပြနိုင်ခဲ့ပါပြီ။ ရီးယဲလ်မက်ဒရစ်က ဘာစီလိုနာကို အဝေးကွင်းမှာ ဘင်ဇီမာ၊ စီရိုနယ်လ်ဒိုတို့ရဲ့ သွင်းဂိုးနှစ်ဂိုးနဲ့အတူ နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ကစားပြီး ဘာစီလိုနာနဲ့ အမှတ်ကွာဟနေမှုကို အတိုင်းအတာတစ်ခုအထိလျှော့ချပေးနိုင်ခဲ့ပါတယ်။ ရီးယဲလ်မက်ဒရစ် အသင်းက ဘာစီလိုနာကို အဝေးကွင်းမှာ အနိုင်မယူနိုင်ခဲ့တာ နှစ်အတော်ကြာနေပြီဖြစ်ပေမယ့် ဒီနှစ်မှာတော့ နည်းပြဇီဒန်းက သူ့အတွက် အယ်လ်ဂလက်စီကို အဖွင့်ပွဲစဉ် အဖြစ်ကိုင်တွယ်ခွင့်ရတဲ့ပွဲမှာပဲ အနိုင်ရရှိအောင် စွမ်းဆောင်ပြနိုင်ခဲ့ပါပြီ။**



# ရီးယဲလ်မက်ဒရစ်ရဲ့ အနာဂတ်ကို ဦးဆောင်နိုင်မယ့်သူလို့ အခိုင်အမာသက်သေပြနိုင်ခဲ့တဲ့ ဇီဒန်း

မေလှသင်း ရေးသားသည်

ဇီဒန်း ရီးယဲလ်ကို စတင်တာဝန်ယူချိန်မှာ အများစုက ဘာနေသူမှ အတွေ့အကြုံမရှိတဲ့ နည်းပြတစ်ဦးကို တာဝန်ယူခိုင်းတာက အလောင်းအစားဆန်လွန်းပြီး ဘယ်လိုမှ အောင်မြင်နိုင်မှာ မဟုတ်ဘူးလို့ ယူဆခဲ့ပါတယ်။ ဥက္ကဋ္ဌ ပီရက်ဇ် တာဝန်ယူနေသရွေ့ ရီးယဲလ်မက်ဒရစ် နည်းပြဆိုတာ ဘောလုံးလောကမှာ အခက်ခဲဆုံးအလုပ်ဖြစ်နေမှာပါပဲ။ ဒါကြောင့် အတွေ့အကြုံလုံးဝမရှိတဲ့ နည်းပြနဲ့ နည်းပြတစ်ဦးရဲ့ အရည်အချင်းကို အောင်မြင်မှုနဲ့ပဲတိုင်းတာတဲ့ ဥက္ကဋ္ဌတို့ရဲ့ ဆုံစည်းမှုဟာ ဒီလိုထင်မြင်ချက်တွေကို ထွက်ပေါ်လာစေခဲ့တာပဲဖြစ်ပါတယ်။ ဥက္ကဋ္ဌ ပီရက်ဇ်ဟာ အန်စလော့တီကို ကာလကြာရှည်ကိုင်တွယ်ဖို့ ရွေးချယ်ခန့်အပ်ခဲ့ပေမယ့် နှစ်ရာသီလောက်နဲ့ လမ်းခွဲခဲ့တာ၊ ဘင်နီတက်ဇ်လည်း ၂၅ ပွဲလောက် ဦးဆောင်ခွင့်ရပြီးနောက် ထုတ်ပယ်ခံရတာတွေ၊ ဒါတွေကို စဉ်းစားလို့ရှိရင် နည်းပြသက်တမ်း သုံးလလောက် အကြာမှာ အယ်လ်ဂလက်စီကိုလို ပြိုင်ဆိုင်မှုအပြင်းထန်ဆုံးပွဲကို ကိုင်တွယ်ရတဲ့ ဇီဒန်းအတွက် ဘယ်လောက်ခက်ခဲခဲ့မလဲဆိုတာ တွက်ကြည့်လို့ရပါတယ်။

ဇီဒန်း ဂျူဗင်တပ်ကစားသမားဘဝကျင်လည်နေစဉ်က နည်းပြဖြစ်ခဲ့သူ လစ်ပီကတော့ “ ကျွန်တော် ဒက်ချမ့်စ်(ယခု ပြင်သစ်လက်ရွေးစင်နည်းပြ)ကိုတော့ တစ်နေ့နည်းပြဖြစ်လာမယ့်သူလို့ ခန့်မှန်းမိပေမယ့် ဇီဒန်းကိုတော့ နည်းပြ ဘယ်တော့မှမဖြစ်နိုင်ဘူးလို့ ထင်ခဲ့မိတယ်။ သူက အခုတော့ နည်းပြအလုပ်ကို အောင်အောင်မြင်မြင်ဖော်ဆောင်နေနိုင်ပြီ” လို့ ဆိုခဲ့ပါတယ်။ အန်စလော့တီကတော့ ဘင်နီတက်ဇ်ကိုင်တွယ်နေတဲ့ ကာလကတည်းကပဲ ဇီဒန်းဟာ နည်းပြအဖြစ် ဆောင်ရွက်ဖို့ လုံလောက်တဲ့ အတွေ့အကြုံ၊ ဥပမိရုပ်၊ အရည်အသွေးတွေ အားလုံးပြည့်စုံနေတဲ့သူလို့ ဟောကိန်းထုတ်ထားခဲ့ပါတယ်။

အသင်းတစ်သင်းက အခြားအသင်းတစ်သင်းကို အနိုင်ယူနိုင်ခဲ့တာ မဆန်းပေမယ့် ဘာစီလိုနာအသင်းဆိုတာ ပြီးခဲ့တဲ့အောက်တိုဘာ ၃ ရက်နောက်ပိုင်းကတည်းက ရှုံးပွဲမရှိတော့ဘဲ ၃၉ ပွဲဆက် ရှုံးပွဲမရှိစံချိန်ကို စိုက်ထူထားနိုင်တဲ့အသင်းပါ။ ဒ့ါအပြင် ဘာစီလိုနာရဲ့ တိုက်စစ်အတွဲဖြစ်တဲ့ မက်ဆီ-ဆွာရက်ဇ်-နေမာတို့ဟာ ဘယ်လောက်အားကြီးတဲ့ပြိုင်ဘက်ကိုမဆို သက်သောင့်သက်သာ အနေအထားနဲ့ နေရာစုံက ဂိုးသွင်းနိုင်တဲ့ တိုက်စစ်မှူးတွေလည်း ဖြစ်ပါတယ်။

ဒါပေမယ့် ရီးယဲလ်မက်ဒရစ်ကတော့ တိုက်စစ်ကို ဦးဆောင်နေတဲ့ စီရိုနယ်လ်ဒိုရဲ့ အသက်အရွယ်အနည်းငယ်ထောက်လာမှု၊ ဘင်ဇီမာ၊ ဂါရတ်ဘေးလ်တို့ရဲ့ ဒဏ်ရာပြဿနာ မကြာခဏ ကြုံတွေ့နေရမှု၊ ဂျိမ်းစ်ရိုဒရီဂွက်ဇ်နဲ့ အစ္စကိုတို့ရဲ့ ခြေစွမ်းကျဆင်းလာမှုတွေက ကလပ်အသင်းကို အကြပ်ရိုက်စေခဲ့ပါတယ်။ အန်စလော့တီလက်ထက်က ဝယ်ယူထားခဲ့တဲ့ ကစားသမားတွေအပြင် ကစားသမားသစ်ထပ်မံဝယ်ယူအားဖြည့်မှုမရှိခဲ့ဘဲ အသင်းတည်ငြိမ်ရေးကို ဆက်လက်ထိန်းကျောင်းဖို့ကြိုးပမ်းခဲ့တဲ့ ရီးယဲလ်တာဝန်ရှိသူတွေရဲ့ မူဝါဒကလည်း သူ့နေရာကို ဆက်ခံခဲ့တဲ့ ဘင်နီတက်ဇ်၊ ဇီဒန်းတို့ကို ပိုပြီး ခက်ခဲခဲ့တာဖြစ်ပါတယ်။

ဇီဒန်းနဲ့ ဘင်နီတက်ဇ်တို့ကွာခြားမှုကို အနိုင်အရှုံးဆိုတဲ့ ရလဒ်နဲ့ မဆုံးဖြတ်ရင်တောင် ဘင်နီတက်ဇ်လက်ထက် အသင်းရဲ့ကစားဟန်ဟာ အတင်းရုန်းကန်နေရတဲ့ပုံပေါ်ခဲ့ပေမယ့် ဇီဒန်းစတင်ကိုင်တွယ်ချိန်ကစလို့ တိုက်စစ်၊ ခံစစ်ပိုပြီးမျှတလာသလို ပွဲတိုင်းကိုစီးပြီး ကစားနိုင်ခဲ့တာကို တွေ့ရပါတယ်။ဘာစီလိုနာကို ရင်ဆိုင်ခဲ့တဲ့ပွဲမှာ အဘက်ဘက်က အသာရအောင် မစွမ်းနိုင်ခဲ့ပေမယ့် ခံစစ်ကနေ တိုက်စစ်ကို လျင်လျင်မြန်မြန်ပြောင်းကစားပြီး ခရူးစ်၊ စီရိုနယ်လ်ဒို၊ မာဆယ်လ်လို၊ ဘင်ဇီမာတို့ရဲ့ တွဲလုံးတွေဟာ ဘယ်လောက် အလုပ်ဖြစ်ခဲ့သလဲဆိုတာကိုတော့ သက်သေပြနိုင်ခဲ့ပါတယ်။ ဒီထက်ပိုပြီး ချီးကျူးစရာကောင်းတာက ဇီဒန်းဟာ ဘင်နီတက်ဇ်လက်ထက်မှာနေရာပျောက်နေခဲ့တဲ့ ကာဇာဂျယ်ကို ဒန်နီလိုနေရာမှာ ရဲရဲဝံ့ဝံ့ပြောင်းလဲကစားစေခဲ့တဲ့ သူ့ရဲ့နည်းဗျူဟာက ဘာစီလိုနာရဲ့ တိုက်စစ်ကို ဖြတ်တောက်နိုင်ခဲ့တာကြောင့်လည်း နေမာ၊ မက်ဆီ၊ဆွာရက်ဇ်တို့ ဘယ်လိုမှ လှုပ်မရခဲ့တာဖြစ်ပါတယ်။

အဲဒီပွဲမှာ ရီးယဲလ်နောက်ခံလူ ရာမို့စ် ထုတ်ပယ်ခံခဲ့ရပေမယ့် ၁၀ ယောက်ကျန် ရီးယဲလ်မက်ဒရစ်ဟာ ခံစစ်ချည်းသက်သက်မကစားခဲ့ဘဲ တန်ပြန်တိုက်စစ်နဲ့ ဘာစီလိုနာနောက်တန်းကို အလုပ်ရှုပ်စေခဲ့ပါတယ်။ ဒါပေမယ့် ရာမို့စ်ကို ထုတ်ပြီး နှစ်မိနစ်အကြာ စီရိုနယ်လ်ဒိုက အနိုင်ဂိုးသွင်းယူနိုင်ခဲ့တာဖြစ်ပါတယ်။ ဒါတောင် ဂါရတ်ဘေးလ်သွင်းတဲ့ဂိုးကို မှားယွင်းခွင့်မပြုခဲ့တာကြောင့်သာ ဘာကာတို့ သက်သာရာရခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် အခုဆိုအားကစား အွန်လိုင်းမီဒီယာအများစုက ရီးယဲလ်မက်ဒရစ်ဟာ သူတို့ရဲ့ မာန်၊ သူတို့ရဲ့ ဂုဏ်သတ္တိကို ပြသနိုင်ပြီး ဇီဒန်းသာ ရီးယဲလ်အတွက် အသင့်လျော်ဆုံး နည်းပြဖြစ်တယ်လို့ အလေးပေးဖော်ပြနေကြပါတယ်။

ဒါပေမယ့် ဇီဒန်းကတော့ “အယ်လ်ဂလက်စီကိုမှာ အနိုင်ရတာ တကယ့်ကို ဂုဏ်ယူစရာဖြစ်ခဲ့ပေမယ့် အခုထိ ကျွန်တော်တို့ ဘာချန်ပီယံဆုမှ မရသေးသလို အောင်ပွဲအတွက် ရုန်းကန်နေရဆဲပါပဲ” လို့သာ တုန့်ပြန်ခဲ့ပါတယ်။ ရီးယဲလ်ဘက်ကတော့ ဒီပွဲမှာ သူ့ရဲ့ကောင်းဖြစ်ခဲ့တဲ့ စီရိုနယ်လ်ဒိုဟာ ကစားသမားတစ်ဦးမျှသာဖြစ်ပြီး ဇီဒန်းကတော့ အသင်းရဲ့ အနာဂတ်ပါလို့ အလျှင်စလိုပဲ ထုတ်ပြန်လိုက်ပါတယ်။

ဇီဒန်းဟာ အင်းနရစ်၊ ဂွါဒီယိုလာတို့လို နည်းပြဘဝကို အောင်အောင်မြင်မြင် ဖန်တီးနိုင်မယ့်သူဆိုတာ သူ့ရဲ့စွမ်းဆောင်ရည်တွေနဲ့ မှတ်ကျောက်တင်ခံနိုင်ခဲ့တာကြောင့် သူရီးယဲလ်မက်ဒရစ်ကို ကာလကြာရှည်ကိုင်တွယ်သွားမယ့်သူလို့ ယေဘုယျသုံးသပ်ရမှာ ဖြစ်ပါတယ်။

## လက်စတာအသင်းပရီမီယာလိဂ်ချန်ပီယံဖိအားဒဏ်ကို အကောင်းဆုံးထိန်းကျောင်းနိုင်သည်ဟု ရာနီရေရီ ဖွင့်ဟ

လက်စတာအသင်းသည် ပရီမီယာလိဂ်ပွဲစဉ်(၃၂)တွင် ဆောက်သမ်တန်အား တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ကစားပြီးနောက် လက်စတာနည်းပြ ရာနီရေရီက မိမိတို့အသင်းအနေဖြင့် ပရီမီယာလိဂ်ချန်ပီယံ ဖိအားဒဏ်ကို အကောင်းဆုံးနည်းလမ်းဖြင့် ထိန်းကျောင်းနိုင်ခဲ့ကြောင်း ဖွင့်ဟပြောကြားလိုက်သည်။ လက်စတာအသင်းသည် ဝက်စ်မော်ဂန်၏ တစ်လုံးတည်းသောသွင်းဂိုးဖြင့် အနိုင်ရရှိခဲ့သောကြောင့် ဒုတိယနေရာရှိ စပါးအား ခုနစ်မှတ်အထိဖြတ်ထားနိုင်ခဲ့ပြီဖြစ်သည်။

ထို့ကြောင့် လက်စတာအနေဖြင့် နောက်ဆုံးလက်ကျန် ခြောက်ပွဲတွင် ၁၂ မှတ်ရရှိရုံမျှဖြင့် ပရီမီယာလိဂ်ဆုဖလား ဆွတ်ခူးနိုင်တော့မည်ဖြစ်သည်။ ရာနီရေရီက “စပါး သရေ ရလဒ်ထွက်ပေါ်ပြီးနောက် အားလုံးက ကျွန်တော်တို့အတွက် မျှော်လင့်နေကြတယ်။ ဒါပေမယ့် အကောင်းဆုံးရလဒ်ကို ကျွန်တော်တို့ ဆောင်ကြဉ်းနိုင်ခဲ့ပါတယ်။ ဒါပေမယ့် နောက်နှစ်မှာ ဒီပုံစံအတိုင်း တစ်ထပ်တည်းပြန်လည်လုပ်ဆောင်ပြဖို့ မလွယ်လောက်ပါဘူး။ ဒီရာသီက ကျွန်တော်တို့အသင်းအတွက် မှော်ဆန်တဲ့ရာသီပါ”ဟု ပြောကြားခဲ့သည်။

လက်စတာအသင်းသည် ပြီးခဲ့သည့် ၂၀၁၅ ခုနှစ် ဩဂုတ်လတွင် ပထမဦးဆုံး တန်းဆင်းရနိုင်မည့်အသင်းအဖြစ် ရေပန်းစားခဲ့သော်လည်း ယခုမူ ပရီမီယာလိဂ် ချန်ပီယံအဖြစ် အောင်ပွဲခံနိုင်ရန် အကောင်းဆုံးစီမံခန့်ခွဲမှုပြုနိုင်သောအသင်းအဖြစ် ရပ်တည်နေနိုင်ဆဲဖြစ်သည်။ လက်စတာအသင်းသည် ဒုတိယနေရာမှ စပါးအား ခုနစ်မှတ်ဖြတ်ထားနိုင်သလို တတိယနေရာရှိအာဆင်နယ်အားလည်း ၁၁ မှတ်အထိဖြတ်ထားနိုင်ဆဲဖြစ်သည်။သို့သော် လက်စတာအသင်း၏ လက်ကျန်ပွဲစဉ်ခြောက်ပွဲတွင် မန်ယူ၊ ဝက်စ်ဟမ်း၊ ချယ်လ်ဆီးတို့ကဲ့သို့ ကစားရခက်သောအသင်းများ ပါဝင်နေသလို ဆန်းဒါးလန်း၊ ဆွမ်ဆီး၊ အဲဗာတန်တို့လို ရုန်းအားကောင်းသောအသင်းများနှင့်လည်း တွေ့ဆုံရမည်ဖြစ်ရာ ချန်ပီယံဆုအတွက် ထင်သလောက်လွယ်မည်မဟုတ်ပေ။

ပရီမီယာလိဂ် ချန်ပီယံဆုကို စိန်ခေါ်နိုင်သည့် အသင်းသုံးသင်း၏ လက်ကျန်ပွဲစဉ်များကို ဇယားဖြင့် ဖော်ပြအပ်ပါသည်။




| လက်စတာ | စပါး | အာဆင်နယ် |
|---|---|---|
| ဆန်းဒါးလန်း(အဝေး) ဧပြီ ၁၀ ရက် | မန်ယူ(အိမ်) ဧပြီ ၁၀ ရက် | ဝက်စ်ဟမ်း(အဝေး) ဧပြီ ၉ ရက် |
| ဝက်စ်ဟမ်း(အိမ်) ဧပြီ ၁၇ ရက် | စတုတ်(အဝေး) ဧပြီ ၁၈ ရက် | ခရစ္စတယ်ပဲလေ့စ်(အိမ်) ဧပြီ ၁၇ ရက် |
| | | ဝက်စ်ဘရွန်း(အိမ်) ဧပြီ ၂၁ ရက် |
| ဆွမ်ဆီး(အိမ်) ဧပြီ ၂၄ ရက် | ဝက်စ်ဘရွန်း(အိမ်) ဧပြီ ၂၅ ရက် | ဆန်းဒါးလန်း(အဝေး) ဧပြီ ၂၄ ရက် |
| မန်ယူ(အဝေး) မေ ၁ ရက် | ချယ်လ်ဆီး(အဝေး) မေ ၂ ရက် | နော့ဝှစ်ချ်(အိမ်) ဧပြီ ၃၀ ရက် |
| အဲဗာတန်(အိမ်) မေ ၇ ရက် | ဆောက်သမ်တန်(အိမ်) မေ ၇ ရက် | မန်စီးတီး(အဝေး) မေ ၇ ရက် |
| ချယ်လ်ဆီး(အဝေး) မေ ၁၅ ရက် | နယူးကာဆယ်(အဝေး)မေ ၁၅ ရက် | အက်စတွန်ဗီလာ(အိမ်) မေ ၁၅ ရက် |



ကျော်ငွေ၊ မပိုင်းစိန်(ခ)ရွှန်းလဲ့မေ(ခ)သော်တာ၊ စိုင်းအောင်(ခ)ရဲဘော်(ခ) စောထွန်းဦး၊ မတင်တင်ယု(ခ)မယုနှင့် မုန်းအားပင်တို့ ငါးဦးအား သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများနှင့်အတူတွေ့ရစဉ်။

# ယာဉ်လိုင်းပေါ်မှ ခါးပိုက်နှိုက်သူများအား ရဲတပ်ဖွဲ့က လိုက်လံဖမ်းဆီး

**မန္တလေး ဧပြီ ၄**

မန္တလေးတိုင်းဒေသကြီး ရဲအကူ တပ်ဖွဲ့ခွဲမှ ရဲအုပ်ဖြိုးမင်းသောင်းနှင့် အဖွဲ့သည် ဧပြီ ၂ ရက် မွန်းတည့် ၁၂ နာရီက သတင်းစုံစမ်းနေစဉ် ခါးပိုက်နှိုက်မှုဖြင့် ပြစ်ဒဏ်ကျခံဖူးသူ ပြည်ကြီးတံခွန်မြို့နယ် သင်ပန်းကုန်းရပ်ကွက်နေ ထွန်းမြင့်သန်း(၃၅)နှစ်၊ ချမ်းအေးသာစံမြို့နယ် ဒေးဝန် အနောက်ရပ်ကွက်နေ အောင်နိုင်တိုး (၃၈)နှစ်နှင့် မောင်စိုး၊ ချမ်းမြသာစည်မြို့နယ်နေ မောင်ဦးတို့ လေးဦးအား ကွဲဆည်ကန်မီးပွိုင့်တွင် တွေ့သဖြင့် စောင့်ကြည့်စဉ် ထွန်းမြင့်သန်း၊ အောင်နိုင်တိုး၊ မောင်စိုးတို့သုံးဦးသည် စက်မှုမှဈေးချိုသို့ ပြေးဆွဲသော လိုင်းကားပေါ်သို့လိုက်ပါ၍ မောင်ဦးက ဆိုင်ကယ်ဖြင့် နောက်မှလိုက်သွားခဲ့သည်။

၎င်းတို့ထံသို့ ရဲအုပ်ဖြိုးမင်းသောင်းနှင့်အဖွဲ့က နောက်မှလိုက်ခဲ့ရာ ချမ်းမြသာစည်မြို့နယ် (၇၈)လမ်းနှင့် ပညာပျိုးခင်းလမ်းထောင့်တွင် ၎င်းတို့သုံးဦးပြန်ဆင်းလာပြီး မောင်ဦးနှင့် တွေ့ဆုံစဉ် ရဲအုပ်ဖြိုးမင်းသောင်းနှင့်အဖွဲ့က လိုက်လံဖမ်းဆီးရာ ထွန်းမြင့်သန်းနှင့် အောင်နိုင်တိုးအား ဖမ်းဆီးရမိပြီး မောင်စိုးနှင့်မောင်ဦးမှာ ထွက်ပြေးသွားခဲ့သည်။

ထွန်းမြင့်သန်းနှင့် အောင်နိုင်တိုးတို့အား ဆက်လက်စစ်ဆေးရာ လိုင်းကားပေါ်ရှိ အမျိုးသားတစ်ဦးထံမှ နှိုက်ယူခဲ့သော ငွေကျပ် ၈၁၀၀၀ နှင့် ခါးပိုက်နှိုက်ရာတွင် အသုံးပြုသည့် ဓားနှစ်ချောင်းနှင့် အတူတွေ့ရှိသဖြင့် ထွန်းမြင့်သန်းပါ လေးဦးအား အမှတ်(၁၁) နယ်မြေရဲစခန်းက အမှုဖွင့်ပြီး မောင်ဦးနှင့် မောင်စိုးတို့အား ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မောင်ပြည်သူ(မန္တလေး)**

# မကွေးမြို့တွင် ဘိန်းဖြူနှင့်စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် ဧပြီ ၄**

မကွေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မတ် ၃၁ ရက်က မကွေး-ရေနံချောင်းသွားကားလမ်း မိုင်တိုင်(၃၃၆/၇)အနီးတွင် ကျော်ငွေမောင်းနှင်ပြီး မပိုင်းစိန်လိုက်ပါလာသည့် ဆိုင်ကယ်ကို ရှာဖွေရာ ဘိန်းဖြူ ၃၆ ဒသမ ၉ ဂရမ် သိမ်းဆည်းရမိပြီး မကွေးမြို့ ပြည်တော်သာမြို့ဦးရပ်ရှိ ၎င်းတို့၏ နေအိမ်ကို ရှာဖွေရာ စိုင်းအောင်၊ မတင်တင်ယုနှင့် မုန်းအားပင်တို့အားတွေ့ရှိပြီး မတင်တင်ယုထံမှ ဘိန်းဖြူ ၁၆ ဒသမ ၂ ဂရမ်၊ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၅ ပြားနှင့် မုန်းအားပင်ထံမှ ဘိန်းဖြူ သုည ဒသမ ၂ ဂရမ်တို့ကို သိမ်းဆည်းရမိသည်။

စစ်ဆေးဖော်ထုတ်ချက်အရ မကွေးမြို့ အောင်မေတ္တာရပ်ကွက်နေ စိုင်းအောင်နှင့် မတင်တင်ယုတို့၏ နေအိမ်ကို ရှာဖွေရာ ဘိန်းဖြူ ၁၁ ဂရမ်၊ စိတ်ကြွရူးသွပ်ဆေးပြား ၈၈၉ ပြားတို့ကို ထပ်မံသိမ်းဆည်းရမိသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **(ကြေးမုံ)**

# ဘေးမဲ့တောနယ်မြေအတွင်း အမဲလိုက်သူများအား အရေးယူ

**နေပြည်တော် ဧပြီ ၄**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် ရွှေစက်တော်ဘေးမဲ့တောအတွင်း ဧပြီ ၂ ရက် နံနက် ၉ နာရီခန့်က မြို့နယ်သစ်တောဦးစီးဌာနမှဝန်ထမ်းများ ကင်းလှည့်ထိန်းသိမ်းရေးဆောင်ရွက်နေစဉ် နွားကုတ်တောင်ကြောအရှေ့ဘက်အစပ်၌ ပွင့်ဖြူမြို့နယ် ရေတွင်းဖြူကျေးရွာနေ ဝင်းခိုင်(၃၂)နှစ်၊ တစ်ရွာတည်းနေ အောင်ကိုဇင်(၂၄)နှစ်နှင့် လှိုင်မင်းဌေး(၂၁)နှစ်တို့ သုံးဦးအား ကားတာယာသံနန်းကြိုးများဖြင့် ပြုလုပ်ထားသော အရှည် ပေ ၂၀ ခန့်ရှိ ထောင်ချောက်ကွင်း ၄၃ ခုဖြင့် ဘေးမဲ့တောနယ်မြေအတွင်းရှိ ရွှေသမင်များအား လိုက်လံခြောက်လှန့်၍ အမဲလိုက်နေသည်ကို တွေ့ရှိရသဖြင့် အရေးယူပေးရန်တိုင်တန်းရာ ဝင်းခိုင်ပါသုံးဦးအား ပွင့်ဖြူမြို့မရဲစခန်းက တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များကာကွယ်ထိန်းသိမ်းရေးဥပဒေပုဒ်မဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **(ရဲပြန်ကြား)**

# ချဲထီလောင်းကစားပြုလုပ်သူများအား ဖမ်းဆီးအရေးယူ

**နေပြည်တော် ဧပြီ ၄**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ ဒေါနခြံရပ်ကွက်နေ မသဇင်ဦး(၃၅)နှစ်၏ နေအိမ်တွင် ချဲထီလောင်းကစားပြုလုပ်နေကြောင်း သတင်းအရ ဧပြီ ၁ ရက် နံနက် ၁၁ နာရီ ၁၅ မိနစ်ခန့်က မုံရွာမြို့မရဲစခန်းမှ အမျိုးသမီးရဲတပ်ဖွဲ့ဝင် ပါဝင်သော ပူးပေါင်းအဖွဲ့ဖြင့် ၎င်းနေအိမ်အား ဝင်ရောက်ရှာဖွေရာ မသဇင်ဦးအား ချဲထီလောင်းကစားရာတွင်အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ လောင်းကြေး ငွေကျပ် ၂၂၅၁၀၀ တို့နှင့်အတူတွေ့ရှိဖမ်းဆီးရမိခဲ့သဖြင့် မုံရွာမြို့မရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

အလားတူ စစ်ကိုင်းတိုင်းဒေသကြီး မြောင်မြို့နယ် ဇရပ်ကုန်းကျေးရွာနေ ထွန်းထွန်းနိုင် (၃၂)နှစ်၏နေအိမ်နှင့် အောင်မြင့်ရှိန်(၄၁)နှစ်၏ နေအိမ်တို့တွင် ချဲထီလောင်းကစားပြုလုပ်နေကြောင်း သတင်းအရ ယင်းနေ့ နံနက် ၁၀ နာရီ ၄၅ မိနစ်နှင့် ၁၁ နာရီ ၁၅ မိနစ်တို့တွင် မြောင်မြို့မရဲစခန်းမှ အမျိုးသမီးရဲတပ်ဖွဲ့ဝင်များ ပါဝင်သည့် ပူးပေါင်းအဖွဲ့က အဖွဲ့များခွဲ၍ ရှာဖွေရာ ထွန်းထွန်းနိုင်၏နေအိမ်၌ ၎င်းနှင့် ဇနီးဖြစ်သူ သူဇာနွယ်(၂၂)နှစ်တို့အား ချဲထီလောင်းကစားရာတွင် အသုံးပြုသည့် Laptop ကွန်ပျူတာ နှစ်လုံး၊ Printer တစ်လုံး၊ စာရွက်စာတမ်းများ၊ လောင်းကြေးငွေကျပ် ၁၈၆၂၀၀တို့နှင့် အတူ တွေ့ရှိဖမ်းဆီးရမိခဲ့သည်။ ထို့ပြင် အောင်မြင့်ရှိန်၏နေအိမ်၌ အောင်မြင့်ရှိန်၊ တစ်ရွာတည်းနေ ကျော်မိုးထက်(၂၃)နှစ်နှင့် ဦးအောင်သွင် (၆၂)နှစ်တို့သုံးဦးအား ချဲထီလောင်းကစားရာတွင် အသုံးပြုသည့် ဘောက်ချာစာအုပ်/စာရွက်များ၊ ဆက်စပ်ပစ္စည်းများ၊ လောင်းကြေး ငွေကျပ် ၄၂၉၆၀၀ တို့နှင့်အတူ တွေ့ရှိဖမ်းဆီးရမိခဲ့သဖြင့် ၎င်းတို့အားလောင်းကစားဥပဒေပုဒ်မဖြင့် အသီးသီး အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **(ရဲပြန်ကြား)**

# ၂၀၁၆ ပထမသုံးလပတ်အတွင်း အမြန်လမ်းမကြီး၌ ယာဉ်မတော်တဆမှု ၁၇၄ မှုဖြစ်ပွားခဲ့

**နေပြည်တော် ဧပြီ ၄**

ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး၌ ၂၀၁၆ ခုနှစ်ပထမ သုံးလပတ်ကာလအတွင်း ယာဉ်မတော်တဆမှု စုစုပေါင်း ၁၇၄ မှုဖြစ်ပွားခဲ့ကြောင်း အမြန်လမ်းမကြီး ရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။

အဆိုပါ ယာဉ်တိုက်မှု ၁၇၄ မှုဖြစ်ပွားခဲ့ရာတွင် သေဆုံးသူ ၄၁ ဦးအထိရှိခဲ့ပြီး ဒဏ်ရာရရှိသူ ၂၈၀ အထိ ရှိခဲ့သည်။ ယင်းမှာ ၂၀၁၅ ခုနှစ် ပထမသုံးလပတ်ကာလနှင့် နှိုင်းယှဉ်ပါက ၉၈ မှုအထိ ပိုမိုဖြစ်ပွားခဲ့ကြောင်း သိရသည်။ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးတွင် ၂၀၁၅ ခုနှစ် ပထမသုံးလပတ်ကာလအတွင်း ယာဉ်တိုက်မှု စုစုပေါင်း ၇၆ မှုဖြစ်ပွားခဲ့ပြီး သေဆုံးသူဦးရေ ၃၂ ဦးနှင့် ဒဏ်ရာရသူဦးရေ ၂၀၉ ဦး အထိရှိခဲ့ကြောင်း အမြန်လမ်းမကြီး ရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။

၂၀၁၆ ခုနှစ် ပထမသုံးလပတ်ကာလအတွင်း ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးပေါ်တွင် ဖြစ်ပွားခဲ့သည့် ယာဉ်တိုက်မှုများတွင် ယာဉ်ငယ်များ အများဆုံး ဖြစ်ပွားခဲ့ပြီး ကိုယ်ပိုင်ယာဉ်များနှင့် လိုက်ထရပ်ယာဉ်၊ ဟိုက်ဂျက်ယာဉ်များသည် အမြန်လမ်း၏ သတ်မှတ်အမြန်နှုန်းထက်ပိုမိုမောင်းနှင်မှုကြောင့် ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း၊ ယာဉ်ငယ်များဖြစ်သော်လည်း အရက်သေစာသောက်စားမောင်းနှင်ခြင်းနှင့် အကူယာဉ်မောင်းမပါဘဲ မောင်းနှင်ခြင်းတို့ မပြုလုပ်သင့်ကြောင်း အမြန်လမ်းမကြီး ရဲတပ်ဖွဲ့မှူးရုံးမှ ဒု-ရဲအုပ်စိုးဝင်းက ပြောကြားသည်။

၂၀၁၄ ခုနှစ် ပထမသုံးလပတ်ကာလအတွင်း ယာဉ်မတော်တဆမှုစုစုပေါင်း ၁၀၃ မှုဖြစ်ပွားခဲ့ပြီး သေဆုံးသူ ဦးရေ ၃၃ ဦးနှင့် ဒဏ်ရာရသူဦးရေ ၁၈၀ အထိရှိခဲ့သည်။ မြန်မာနိုင်ငံအတွင်းသို့ မော်တော်ယာဉ်တင်သွင်းမှု များပြားခဲ့သော်လည်း ၂၀၁၄ ခုနှစ်နှင့် ၂၀၁၅ ခုနှစ် ပထမသုံးလပတ်ကာလတို့ကို နှိုင်းယှဉ်ပါက ၂၀၁၅ ခုနှစ်တွင် ယာဉ်မတော်တဆမှုလျော့နည်းခဲ့သော်လည်း ၂၀၁၅ ခုနှစ်နှင့် ၂၀၁၆ ခုနှစ် ပထမသုံးလပတ်ကာလတို့ကို နှိုင်းယှဉ်ပါက ယခုနှစ်ပထမသုံးလပတ်ကာလတွင် ၂၀၁၅ ခုနှစ်ထက် ပိုမိုဖြစ်ပွားခဲ့သည်။

ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးပေါ်တွင် ၂၀၁၄ ခုနှစ် တစ်နှစ်လုံးတွင် ယာဉ်မတော်တဆမှုပေါင်း ၄၁၂ မှု ဖြစ်ပွားခဲ့ပြီး သေဆုံးသူ ၁၅၇ ဦးနှင့် ဒဏ်ရာရသူ ၇၆၆ ဦး၊ ၂၀၁၅ ခုနှစ် တစ်နှစ်လုံးတွင် ယာဉ်မတော်တဆမှုပေါင်း ၄၅၃ မှုဖြစ်ပွားခဲ့ပြီး သေဆုံးသူ ၂၄ ဦးနှင့် ဒဏ်ရာရရှိသူ ဦးရေမှာ ၁၀၃၃ ဦးအထိရှိခဲ့ကြောင်း အမြန်လမ်းမကြီး ရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။

**(နိုင်လင်းကြည်)**


## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
## ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၅-၂၀၁၆ခု ဘဏ္ဍာရေးနှစ်အတွင်း ဂျပန်ချေးငွေ(ODA Loan)ဖြင့် ဆောင်ရွက်မည့် အောက်ဖော်ပြပါ မြို့(၈)မြို့ ရေရရှိရေးလုပ်ငန်းအတွက် လိုအပ်သော အောက်ဖော်ပြပါလုပ်ငန်းများအား တင်ဒါစနစ်ဖြင့် လုပ်ငန်းအပ်လိုပါသဖြင့် ဈေးနှုန်းအဆိုပြုလွှာ တင်သွင်းနိုင်ပါသည်-

(က) ဖျာပုံမြို့ရေရရှိရေးလုပ်ငန်း- Lot(2)Pump procurement and installation work

(ခ) ဖျာပုံမြို့ရေရရှိရေးလုပ်ငန်း Lot(3)Power Supply Work

(ဂ) မြစ်ကြီးနား၊ မုံရွာ၊ မကွေး၊ စစ်တွေ၊ ဘားအံ၊ ထားဝယ်၊ မြိတ်မြို့ ရေရရှိရေးလုပ်ငန်း Lot(5)Civil Construction Work

၂။ ဖျာပုံမြို့ ရေရရှိရေးလုပ်ငန်း Lot(2)နှင့် Lot(3)၏ နည်းပညာစံချိန်စံညွှန်းအဆိုပြုလွှာ (Technical Proposal)နှင့် ဈေးနှုန်းအဆိုပြုလွှာ (Financial Proposal) များကို ၁၈-၅-၂၀၁၆ ရက် နံနက် ၉း၃၀နာရီ နောက်ဆုံးထား၍ တင်သွင်းရမည်ဖြစ်ပြီး တင်ဒါဖွင့်ပွဲအား ၁၈-၅-၂၀၁၆ရက် နံနက် ၁၀း၀၀ နာရီတိတိတွင် ဆောင်ရွက်မည်ဖြစ်ပါသည်။

၃။ မြစ်ကြီးနား၊ မုံရွာ၊ မကွေးနှင့် စစ်တွေမြို့ ရေရရှိရေးလုပ်ငန်း(Lot-5) Civil Construction Work များ၏ နည်းပညာစံချိန်စံညွှန်းအဆိုပြုလွှာ(Technical Proposal)နှင့် ဈေးနှုန်းအဆိုပြုလွှာ (Financial Proposal)များကို ၁၉-၅-၂၀၁၆ ရက် နံနက် ၉း၃၀ နာရီ နောက်ဆုံးထား၍ တင်သွင်းရမည်ဖြစ်ပြီး တင်ဒါဖွင့်ပွဲအား ၁၉-၅-၂၀၁၆ရက် နံနက် ၁၀း၀၀ နာရီတိတိတွင် ဆောင်ရွက်မည်ဖြစ်ပါသည်။

၄။ ဘားအံ၊ ထားဝယ်နှင့် မြိတ်မြို့ရေရရှိရေးလုပ်ငန်း(Lot-5) Civil Construction Workများ၏ နည်းပညာ စံချိန်စံညွှန်းအဆိုပြုလွှာ (Technical Proposal)နှင့် ဈေးနှုန်းအဆိုပြုလွှာ(Financial Proposal)များကို ၂၀-၅-၂၀၁၆ ရက် နံနက် ၉း၃၀ နာရီ နောက်ဆုံးထား၍တင်သွင်းရမည်ဖြစ်ပြီး တင်ဒါဖွင့်ပွဲအား ၂၀-၅-၂၀၁၆ ရက် နံနက် ၁၀း၀၀ နာရီတိတိတွင် ဆောင်ရွက်မည်ဖြစ်ပါသည်။

၅။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ရုံးအမှတ်(၁၄)၊ နေပြည်တော်(တယ်လီဖုန်းအမှတ်-၀၆၇-၄၀၉၄၀၇၊ ၄၀၉၂၁၅)တွင် ဆက်သွယ်ရယူနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**



**သင့်ကြောင့် မီးမလောင်ပါစေနှင့်**



**ညှိနှိုင်းဈေးဖြင့်ရောင်းမည်**
ထောက်ကြံ့၊ မေတ္တာနန္ဒကျောင်းဘေးရှိ ပေ(၈၀/၁၀၀)မြေကို ညှိနှိုင်းဈေးဖြင့် ရောင်းမည်။
**ဆက်သွယ်ရန်**
**ဖုန်း-၀၉-၂၅၀၀၂၁၉၀၅**



**ညှိနှိုင်းဈေးဖြင့်ငှားမည်**
ပေ(၆၀/၁၄၀)ရှိ တက္ကသိုလ်ရိပ်သာလမ်းသစ်နှင့် ဆရာစံလမ်းထောင့် အနီးရှိဆိုင်နှင့် အဆောက်အအုံပါသော မြေကို ညှိနှိုင်းဈေးဖြင့် ငှားရမ်းလိုသည်။
**ဆက်သွယ်ရန်ဖုန်း-၀၉-၂၅၀၀၂၇၇၇၄**



**တစ်ဦးတည်းဖြစ်ပါကြောင်း**
ပဲခူးမြို့ မဟာစေတီလမ်းမတန်း အမှတ်(၁၅၉၀)နေ မပိုင်းရီစိုး ၇/ပခန(နိုင်)၂၂၀၈၁၅နှင့် မပိုင်းမှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။ **မပိုင်းရီစိုး**



**စစ်တက္ကသိုလ်အမှတ်စဉ်(၄၁)ဗိုလ်လောင်းသင်တန်း (၁၆)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနား အလှူတော်မင်္ဂလာနှင့်မိတ်ဆုံညစာစားပွဲ ဖိတ်ကြားလွှာ**

အမှတ်စဉ်(၄၁)ဗိုလ်လောင်းသင်တန်းသည် အမိစစ်တက္ကသိုလ်တွင် လေးနှစ်တာကာလ စာပေပညာ၊ စစ်ပညာသင်ကြားခဲ့ပြီး တိုင်းပြည်တာဝန်ကိုကျရာ အခန်းကဏ္ဍအလိုက် ထမ်းဆောင်ခဲ့ရာ ၂၀၁၆ခုနှစ်၊ ဧပြီလ ၇ရက်တွင် (၁၆)နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်ပါသည်။ နှစ်ပတ်လည် အထိမ်းအမှတ်အဖြစ် အနယ်နယ်အရပ်ရပ်မှ သူငယ်ချင်းများ စုစည်းပြီး ရန်ကုန်မြို့တွင် အောက်ဖော်ပြပါ နေ့ရက်အလိုက် အစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ သူငယ်ချင်းများအားလုံး တက်ရောက်နိုင်ပါရန် ဖိတ်ကြားအပ်ပါသည်။

**(အစီအစဉ်)**

၇-၄-၂၀၁၆ရက်(ကြာသပတေးနေ့) ၁၀နာရီမှ ၁၂နာရီထိ ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်မြတ်ကြီးတွင် လှူဒါန်းထားသော ကျောက်ဆင်းတုတော်ဘုရားအား အနေကဇာတင်ခြင်းနှင့် သံဃာတော်များအား ဆွမ်းဆက်ကပ်လှူဒါန်းခြင်း။

၉-၄-၂၀၁၆ရက်(စနေနေ့)၊ ၈နာရီတွင် မင်္ဂလာဒုံ ခရေပင်လမ်းခွဲ ဘောလုံးကွင်း၌ ချစ်ကြည်ရေးဘောလုံးပွဲ ကျင်းပခြင်း၊ ၁၂နာရီတွင် တပ်မတော်ဂေါက်ကွင်း၌ ဂေါက်သီးရိုက်ပြိုင်ပွဲကျင်းပခြင်း၊ ၁၉း၀၀နာရီမှ ၂၂း၀၀နာရီထိ မြရိပ်ညိုဟိုတယ် မြက်ခင်းပြင်တွင် မိတ်ဆုံညစာစားပွဲ ကျင်းပခြင်း။

**ဆက်သွယ်ရန်ဖုန်း-၀၉-၉၇၇၈၉၉၁၈၈၊ ၀၉-၄၀၁၅၉၇၉၇၇၊ ၀၉-၉၇၇၂၆၄၉၄၇၊ ၀၉-၉၇၁၉၇၉၄၉၁**



# ကျေးဇူးဥပကာရတင်ရှိခြင်း

ဖေဖေ ကိုစွမ်းပြည့်အောင်နှင့် မေမေ မမွန်မြတ်သန့်စင်အောင်တို့၏ သမီးဦးရတနာအား ၄-၄-၂၀၁၆ရက်တွင် အောင်မြင်စွာ မွေးဖွားသန့်စင်ပေးပါသော တပ်မှူး ပါမောက္ခ ဗိုလ်မှူးကြီး ဒေါ်အေးအေးနှင့် ပါရဂူကြီးများ၊ စေတနာအပြည့်ဖြင့် ဝိုင်းဝန်းကူညီပေးကြသော ဆရာဝန်၊ သူနာပြု၊ ဝန်ထမ်းများအားလုံးကိုလည်းကောင်း၊ ဝမ်းမြောက်ကြောင်း သတင်းမေးမြန်းကြသူများကိုလည်းကောင်း လှိုက်လှဲစွာ ကျေးဇူးဥပကာရ တင်ရှိပါသည်။

**နှစ်ဖက်သော ဘိုးဘိုး၊ဘွားဘွားများ**
**ဖေဖေ-ကိုစွမ်းပြည့်အောင်**
**မေမေ-မမွန်မြတ်သန့်စင်အောင်**

# စာကြည့်တိုက်ဝန်ဆောင်မှုမြှင့်တင်ရေးအလုပ်ရုံဆွေးနွေးပွဲ ဘူးသီးတောင်မြို့၌ကျင်းပ

**ဘူးသီးတောင် ဧပြီ ၄**

လူ့စွမ်းအားအရင်းအမြစ် ပိုမိုဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူလူထု အသိပညာ ဗဟုသုတ တိုးတက်ပြီး စာဖတ်ရှိန်မြှင့်မားလာစေရေးအတွက် ရည်ရွယ်၍ မတ်လ ၃၀ ရက် နံနက် ၉ နာရီက ဘူးသီးတောင်မြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ အခမ်းအနားတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးနိုင်လင်းအောင်နှင့် မောင်တောခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဒေါ်စမ်းစမ်းအောင်တို့က အဖွင့်အမှာစကား ပြောကြားခဲ့သည်။

ယင်းနောက် ဘူးသီးတောင်မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဖြူဖြူဝင်းက ပြည်သူ့စာကြည့်တိုက်များ အောင်မြင်ရေး၊ ရပ်ကွက်၊ ကျေးရွာစာကြည့်တိုက်များ ရေရှည်ရှင်သန်ရေး၊ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် ဆွေးနွေးပွဲသို့ တက်ရောက်လာကြသည့် စာကြည့်တိုက်မှူးများ၊ ကော်မတီဝင်များနှင့် စာပေဝါသနာရှင်များက စာကြည့်တိုက်တွင် စာဖတ်သူတိုးပွားရေး၊ ရန်ပုံငွေ၊ စာအုပ်စာစောင်နှင့် စာကြည့်တိုက်များ ရေရှည်ရှင်သန်ရေးတို့နှင့်ပတ်သက်၍ အုပ်စုလိုက်ဖွဲ့၍ ဆွေးနွေးခဲ့ကြသည်။ ဆွေးနွေးပွဲအပြီးတွင် ဆွေးနွေးပွဲသို့ တက်ရောက်လာ ကြသူများက ခင်းကျင်းပြသထားသော စာအုပ်ပြပွဲကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြသည်။

အဆိုပါဆွေးနွေးပွဲသို့ ဘူးသီးတောင်မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးနိုင်လင်းအောင်၊ မောင်တောခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဒေါ်စမ်းစမ်းအောင်နှင့် မြို့နယ်မှ တာဝန်ရှိသူများ၊ စာကြည့်တိုက်မှူးများ၊ ကော်မတီဝင်များနှင့် စာပေဝါသနာရှင်များ တက်ရောက်ခဲ့ကြသည်။

**ဘူးသီးတောင်မြို့နယ် ပြန်/ဆက်**

# မဟာဗောဓိတစ်ထောင်ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးစိုက်ခင်းများတည်ထောင်စိုက်ပျိုးထား

**မုံရွာ ဧပြီ ၄**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ် ခတက္ကန်ကျေးရွာရှိ မဟာဗောဓိတစ်ထောင် သာသနာ့နယ်မြေ တောင်တန်းစိမ်းလန်းစိုပြည်ရေးအတွက် မြို့နယ်အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ စိုက်ခင်းများ နှစ်စဉ်တည်ထောင်ပေးလျက်ရှိကြောင်း သိရသည်။

"ဗောဓိတစ်ထောင် တောင်တန်းစိမ်းလန်းစိုပြည်ရေးအတွက် ပထမဆုံး ရှိပြီးသား သစ်ပင်တွေကို ထိန်းသိမ်းတယ်။ နောက်ပြီး လိုအပ်တဲ့နေရာတွေမှာ နှစ်စဉ်တောင်တန်းစိုက်ခင်းဧက ၁၀၀ ကို ယူကလစ်၊ မြန်မာရှား၊ သစ်မာမျိုး အပင် ၂၀၀၀၀ စိုက်တယ်။ တောင်စောင်းတွေမှာတော့ ကွန်တောင်ပေါင် ၅၀ ကို အပင် ၂၅၀ နဲ့စိုက်တယ်။ စိုက်ပြီးအပင်တွေ ရှင်သန်ရေးအတွက် ပြုစုပျိုးထောင်ခြင်းလုပ်ငန်းတွေ၊ ကွက်လပ်ဖြည့် စိုက်ပျိုးခြင်းကိုလည်း တမာ၊ သဘော်၊ ငုစပ်၊ စိန်ပန်း၊ မဟော်ဂနီ၊ ပိတောက်၊ မြန်မာကုက္ကိုလ်၊ မယ်ဇလီ၊ ခရေစတဲ့ ၄၅၀၀ ပင်ကို နှစ်စဉ်စိုက်ပျိုးပါတယ်။ သစ်ပင်များအတွက် စိုက်ပျိုးရေကိုတော့ ဗောဓိတစ်ထောင်ဆည်က ရေကို ရေစုပ်စက်တွေနဲ့တင်ပြီး ရေပိုက်တွေ၊ ရေဖျန်းပိုက်တွေနဲ့ ဖျန်းပေးတယ်" ဟုမြို့နယ် အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာန တာဝန်ရှိသူတစ်ဦးက ပြောသည်။

ဗောဓိတစ်ထောင်တောင်တန်း စိမ်းလန်းစိုပြည်ရေးအတွက် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင်လည်း တောင်တန်းစိုက်ခင်းဧက ၁၀၀ ၊ ကွန်တောင်ပေါင် ၅၀ နှင့် အပင် ၄၀၀၀ ကို ကွက်လပ်ဖြည့် ထပ်မံစိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

**ဖိုးချမ်း(မုံရွာ)**



# မကွေးသတင်းစာဆရာများဒေသတွင်းဂျာနယ်ထုတ်ဝေရန်စီစဉ်နေ

**မကွေး ဧပြီ ၄**


မြန်မာနိုင်ငံ သတင်းစာဆရာအသင်း (မကွေးတိုင်းဒေသကြီး)၊ သတင်းစာဆရာ Journalists များ ဦးဆောင်ထုတ်ဝေမည့် ဒေသတွင်းအပတ်စဉ်ဂျာနယ်တစ်စောင်အား ၂၀၁၆ ခုနှစ် ဇွန်လဆန်းပိုင်းတွင် ထုတ်ဝေနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းအနုပညာ ပေါင်းစည်းတင်ဆက်မည့် ဂျာနယ်တစ်စောင် ထုတ်ဝေနိုင်ရေးအတွက် အယ်ဒီတာအဖွဲ့ဖွဲ့စည်းခြင်း၊ မူဝါဒနှင့် ရှေ့လုပ်ငန်းစဉ်ရေးဆွဲခြင်းများ ဆောင်ရွက်လျက်ရှိပြီး ဧပြီလအတွင်း စည်းမျဉ်း၊ စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ ထုတ်ဝေခွင့်ရရှိ ရန် တင်ပြဆောင်ရွက်မှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း အသင်းတာဝန်ရှိသူတစ်ဦးက ပြောသည်။

အများပြည်သူသိရှိပိုင်ခွင့်ကို အခြေခံသည့် သတင်းရယူတင်ဆက်မှုများသည် ပြည်သူများ၏ မြင်နိုင်စွမ်း၊ ကြားနိုင်စွမ်း နယ်နိမိတ်စည်းများကို ချဲ့ထွင်နေခြင်းဖြစ်ပြီး ဧပြီလဆန်းပိုင်းတွင် မကွေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးမြင့်လွင်နှင့် မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ်သစ် ဒေါက်တာအောင်မိုးညိုတို့က မီဒီယာများနှင့် တွေ့ဆုံအင်တာဗျူးမှုများ ပြုလုပ်ပြီးနောက်ပိုင်း မီဒီယာများ၏ အခန်းကဏ္ဍကို တာဝန်ရှိသူများဘက်မှ ပိုမိုအလေးထားလက်ခံလာသည်ဟု ထင်မြင်ကြောင်း အသင်းဥက္ကဋ္ဌက ဆက်လက်ပြောကြားသည်။

ထုတ်ဝေမည့် ဒေသတွင်းဂျာနယ်၌ နိုင်ငံတစ်ဝှမ်းမှ အရေးကြီးသတင်းများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူများ၏လိုလားတောင့်တမှုများ၊ ထူးခြားဖြစ်စဉ်များ၊ ရသနှင့် သုတစာပေများကို အလေးထားတင်ဆက်သွားမည်ဖြစ်ပြီး ပြည်သူ့အသံထင်ဟပ်စေသော၊ သတင်းကျင့်ဝတ်နှင့်ညီသော တိကျမှု၊ ဘက်မလိုက်မှု၊တာဝန်ယူမှု၊ တာဝန်ခံမှုရှိသည့် ဂျာနယ်တစ်စောင်ကို ပြည်သူ့လက်သို့ အပ်နှံပေးမည်ဖြစ်ကြောင်း အယ်ဒီတာအဖွဲ့ဝင်တစ်ဦး၏ ပြောကြားချက်အရ သိရသည်။

**ဇေယျတု(မကွေး)**



# အယ်လ်နီညိုရာသီဥတုနှစ်ဖြစ်၍ သင်္ကြန်ရေကစားပစ္စည်းများအရောင်းကျဆင်း

**မန္တလေး ဧပြီ ၄**

မြန်မာ့ရိုးရာ သင်္ကြန်ပွဲတော်ကြီး မကြာမီရောက်ရှိလာတော့မည်ဖြစ်ရာ မန္တလေးမြို့ ဈေးချိုတော်၌ သင်္ကြန်ရေကစားပစ္စည်းများ ယခုနှစ်တွင် သိသိသာသာ အရောင်းအဝယ်အေးလျက်ရှိကြောင်း သိရသည်။

"သင်္ကြန်ကာလက တစ်ပတ်ကျော်လောက်လိုတော့ ရေကစားပစ္စည်းတွေက ဒီနှစ်ရောင်းမကောင်းဘူး။ ရေပြွတ်တို့ သင်္ကြန်ပန်းကုံးတို့၊ အရုပ်ခေါင်းတို့၊ သင်္ကြန်မျက်မှန်တို့၊ အစရှိတဲ့ ရေကစားပစ္စည်းအစုံ ရောင်းချပါတယ်။ အရင်နှစ်တွေလို ရောင်းမကောင်းဘူး။ အရင်နှစ်တွေက ဒီအချိန်ဆို မြို့ပေါ်မှ လာဝယ်သူတွေရော၊ တစ်ဆင့်ပြန်ရောင်းချသူတွေရော၊ နယ်ဝယ်လက်တွေရော၊ တော်တော်လေးရောင်းနေရပြီး ဒီနှစ်က နယ်ဝယ်လက်ကလည်း မတက်သလောက်ပဲ။ မြို့ပေါ်က အနည်းအကျဉ်းလောက်ပဲရောင်းရတယ်။ ဒီနှစ်က သင်္ကြန်ရေကစားပစ္စည်းတွေ သိသိသာသာ အရောင်းအဝယ်အေးတယ်။ သင်္ကြန်နားနီးတော့ ဈေးချိုတော်မှာ ဈေးလာဝယ်သူတွေ ခါတိုင်းနှစ်လိုပဲများပါတယ်။ သင်္ကြန်ရေကစားပစ္စည်းကသာ ခါတိုင်းနှစ်လိုရောင်းမကောင်းတာ" ဟု ဈေးချိုတော် သံဖြူတန်း ရေကစားပစ္စည်းအရောင်းဆိုင်မှ ဆိုင်ရှင်တစ်ဦးက ပြောသည်။



မြန်မာနိုင်ငံသည် ယခုနှစ်တွင် အယ်လ်နီညိုရာသီဥတုနှစ်ဖြစ်ပေါ်နေသောကြောင့် သင်္ကြန်ရေကစားပစ္စည်းများ အရောင်းအဝယ်အေးလျက်ရှိပြီး မြန်မာ့ရိုးရာယဉ်ကျေးမှု အတာသင်္ကြန်ပွဲတော်ကြီး မကြာမီရောက်ရှိလာတော့မည်ဖြစ်ရာ ယခုနှစ်တွင် မန္တလေးမြို့ဈေးချိုတော်၌ သင်္ကြန်ရေကစားပစ္စည်းများ သိသိသာသာ အရောင်းအဝယ်အေးလျက်ရှိကြောင်း သိရသည်။

**သန်းဇော်မင်း(ပြန်/ဆက်)**

# မီးဘေးကြိုတင်ကာကွယ်ရေး ပြင်ဆင်ထားရှိမှု စစ်ဆေးပညာပေး

**မိုးကောင်း ဧပြီ ၄**

ကချင်ပြည်နယ် မိုးကောင်းမြို့ မီးဘေးလုံခြုံရေးအတွက် မြို့နယ်အရန်မီးသတ်တပ်ရင်း ဒုတိယတပ်ရင်းမှူး ဦးဆိုင်းနော်ဦးဆောင်သော အရန်မီးသတ်တပ်ဖွဲ့ဝင် ၁၅ ဦးသည် မတ် ၂၈ ရက်က မြို့ဦးရပ်ကွက်နှင့် နတ်ကြီးကုန်းရပ်ကွက်တို့အတွင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးများ ရပ်မိရပ်ဖများနှင့် ပူးပေါင်း၍ တစ်အိမ်တက်ဆင်း မီးချိတ်မီးကပ်၊ သဲပုံး ရေပုံး၊ အရေးပေါ်မီးသတ်ဆေးဘူးများ အသင့်ပြင်ဆင်ထားမှုရှိ-မရှိနှင့် မီးဖိုမီး လျှပ်စစ်မီး စနစ်တကျအသုံးပြုမှုရှိ-မရှိတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး ရပ်ကွက်နေပြည်သူများအား မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေး ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

**(၄၉၉)**

# မွန်ပြည်နယ် ရေးမြို့ ရွှေဆံတော်ဓမ္မာရုံ၌ စုဋ္ဌဘွဲ့နှင်းသဘင်အခမ်းအနား ကျင်းပ

**ရေး ဧပြီ ၄**

မွန်ပြည်နယ် ရေးမြို့ ရွှေဆံတော်ဓမ္မာရုံ၌ ဧပြီ ၃ ရက် နံနက် ၉ နာရီက စုဋ္ဌဘွဲ့နှင်းသဘင်အခမ်းအနားကျင်းပခဲ့ကြောင်း သိရသည်။ အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆိုဖွင့်လှစ်ပေးကြပြီး မြို့နယ်သံဃာနာယကဥက္ကဋ္ဌဆရာတော် ဘဒ္ဒန္တတေဇောဘာသထံမှ ငါးပါးသီလခံယူဆောက်တည်ပြီး ရွှေကျောင်းဆရာတော် ဘဒ္ဒန္တမာဃိန္ဒဆရာတော်ထံမှ ဩဝါဒခံယူကြသည်။

မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်ညွန့်မှ သာသနာရေးဆိုင်ရာများအား လျှောက်ထားတော်မူသည်။ ဆက်လက်ပြီး ၂၀၁၅ ခုနှစ်က အောင်မြင်ခဲ့ကြသော စာအောင်သံဃာတော်များမှာ ပထမအကြီးတန်း ၁၂ ပါး၊ အလတ်တန်း ၃၃ ပါး၊ အငယ်တန်း အပါး ၅၀၊ ဓမ္မာစရိယ ၃ ကျမ်းအောင် နှစ်ပါး၊ ဓမ္မာစရိယနှစ်ကျမ်းအောင် လေးပါး၊ ဓမ္မာစရိယ ၁ ကျမ်းအောင် လေးပါး အောင်မြင်တော်မူခဲ့သည့် စာအောင်သံဃာတော်များအား အောင်လက်မှတ်နှင့် နဝကမ္မဆက်ကပ်လှူဒါန်းပေးကြသည်။

ယင်းနောက် ပထမပြန်နှင့် ဓမ္မစရိယစာပြန်ပွဲ ဩဝါဒစရိယဆရာတော်များနှင့် ကြီးကြပ်ရေးဆရာတော်များအား တာဝန်ရှိသူများက နဝကမ္မ ဆက်ကပ်လှူဒါန်း ပေးခဲ့ကြကြောင်း သိရသည်။

**ထွန်းထွန်း(ရေး)**

# ပခုက္ကူစက်မှုဇုန် (၄)လမ်း အနောက်ခြမ်းတွင် မီးလောင်မှုဖြစ်ပွား

**ပခုက္ကူ ဧပြီ ၄**

ပခုက္ကူမြို့ မြို့နယ်မီးသတ်စခန်း၏ အရှေ့မြောက်ဘက် ၅ မိုင်ခန့်အကွာ စက်မှုဇုန် (၄) လမ်း အနောက်ခြမ်းတွင် ဧပြီ ၂ ရက် ည ၁၂ နာရီခန့်တွင် မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

အခင်းဖြစ်ပွားရာနေရာသို့ ပခုက္ကူခရိုင်မီးသတ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်နိုင်ဦးစီး၍ သန္နွေတပ်ဖွဲ့ဝင် ၂၉ ဦး၊ ရပ်ကွက်အရန်မီးသတ်တပ်ဖွဲ့ဝင် ၂၀၊ မီးငြိမ်းသတ်ယာဉ်ငါးစီး၊ မီးသတ်ရေသယ်ယာဉ်နှစ်စီးဖြင့် သွားရောက်၍ ည ၁၂ နာရီ ၂၅ မိနစ်တွင် မီးငြိမ်းသတ်နိုင်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ပခုက္ကူမြို့နယ် စက်မှုဇုန်(၄)လမ်းနေ ဦးအောင်နိုင် အသက် ၄၀ နှစ်၏ (၁၀ပေ× ၁၅ ပေ) ဝါးကပ်မိုး၊ ထရံကာ၊ မြေစိုက် စားဆီကြိတ်လုပ်ငန်းနားနေဆောင်အတွင်း တီဗွီဖွင့်ထားခဲ့ပြီး မီးခလုတ်မပိတ်ဘဲထားခဲ့ရာမှ တီဗွီဖြင့်သွယ်တန်းထားသော ပလပ်ခုံအပူလွန်ကဲ၍ အနီးရှိထရံကာသို့ ကူးစက်လောင်ကျွမ်းခဲ့ကာ (၁၀ ပေ × ၁၅ ပေ) ဝါးကပ်မိုး၊ ထရံကာ၊ မြေစိုက်စားဆီကြိတ်ဆုံ နားနေဆောင်တစ်လုံးနှင့် တီဗွီ (၁၈ လက်မ) တစ်လုံး မီးလောင်ကျွမ်းခဲ့သည်။ အဆိုပါမီးလောင်မှုနှင့်ပတ်သက်၍ ပခုက္ကူမြို့မရဲစခန်းမှ (ပ၊၁၁၄/၂၀၁၆) ပုဒ်မ ၁၈၅ ဖြင့် အမှုဖွင့် အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**


## ပါဝင်လှူဒါန်းနိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ အင်ကြင်းကုန်းကျေးရွာတွင် သိပ္ပါလယ အင်ကြင်းကုန်းတောရတရားရိပ်သာကို မည်သည့်နည်းနှင့်မဆို ရာသက်ပန်တရားအားထုတ်လိုသော ရဟန်းရှင်လူ သူတော်စင်များအတွက် တည်ဆောက်နေပြီဖြစ်သောကြောင့် အောက်ပါအလှူများကို လှူဒါန်းနိုင်ပါသည်။

၁။ စုပေါင်းတရားထိုင်ရန် သိပ္ပါလယဓမ္မသာလာဓမ္မာရုံ ပေ (၁၁၀×၅၀)
နံရံတစ်ခန်း - (၉)သိန်း၊ မျက်နှာကြက် (၁၀)သိန်း
တိုင်(၁)လုံး- (၈)သိန်း၊ ဝရန်တာ(၅)သိန်း၊ လှေကား (၁၅)သိန်း
၂။ သံဃာတော်များ ကျောင်းဆောင် ပေ(၅၀×၅၀)
ရေချိုးခန်း၊ ကုဋီအပါအဝင် သိန်း(၁၀၀)
၃။ ယောဂီအမျိုးသား/သမီး(၈)ယောက်ဆောင် ပေ(၁၀၀×၁၃) သိန်း(၁၀၀)
ရေချိုးခန်း၊ အိမ်သာအပါအဝင်
၄။ ယောဂီအမျိုးသား/သမီး(၁)ယောက်ဆောင် ပေ(၁၅×၁၃)
ရေချိုးခန်း၊ အိမ်သာအပါအဝင် သိန်း(၃၀)
၅။ ရေကန်သေး ၇၅၀၀၀ဝိ/- ၆။ မဟာရံအုတ်တံတိုင်း ၈၀၀၀ဝိ/-
၇။ အလင်းမီးတိုင် ၈၀၀၀ဝိ/- ဆွမ်းစားဆောင် ပေ(၈၀×၄၀) စုပေါင်းအလှူ
နံရံ(၁)ခန်း (၅)သိန်း၊ တိုင်(၁)လုံး (၅)သိန်း၊ မျက်နှာကြက် (၅)သိန်း
ဆေးရုံ ပေ(၅၀×၃၀) သိန်း(၃၀၀) ပိဋကတ်တိုက် ပေ(၃၀×၂၅) သိန်း(၂၀၀)

**ဆက်သွယ်လှူဒါန်းလိုပါလျှင် -**

ဘဒ္ဒန္တကန္ဒောဘာသာ (Eindobatha. Thipalaya. Monastery)
သိပ္ပါလယ ပရိယတ္တိစာသင်တိုက်နှင့် တောရရိပ်သာ
အမှတ်(၁၄/၂)ရပ်ကွက်၊ ဟသ်ာလမ်း၊ တောင်ဥက္ကလာပမြို့နယ်။
ဖုန်း ၀၉-၂၅၄၀၆၈၁၉၄၊ ၀၉-၃၂၀၃၈၉၆၈



## အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဈေးကြီးအရှေ့ရပ်ကွက်၊ ကွမ်းခြံတန်းလမ်း၊ အမှတ်(၇၂)နေ ဒေါ်ဇင်မေကျော့ရှင်း [၅/တမန(နိုင်) ၀၀၈၂၉၁]၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဈေးကြီးအရှေ့ရပ်ကွက်၊ အုန်းပင်အထက်လမ်း၊ အမှတ်(၈၅)နေ ဒေါ်ခင်မမအောင်[၁၂/ကမတ(နိုင်)၀၀၁၀၆၁]ထံမှ ၇-၃-၂၀၁၄ ရက်တွင် ၅၀၀၀၀၀၀ဝိ/(ကျပ်သိန်းငါးဆယ်တိတိ)ကို ရယူခဲ့ပါသည်။ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ဇင်မေကျော့ရှင်းသည် ၃၀-၃-၂၀၁၆ ရက်စွဲပါ စာချုပ်ချုပ်ဆို၍ နှစ်ဦးနှစ်ဖက် လက်မှတ်ရေးထိုးပြီး ဒေါ်ခင်မမအောင်ထံသို့ ၅၀၀၀၀၀၀ဝိ/(ကျပ်သိန်းငါးဆယ်တိတိ)ကို တစ်လုံးတစ်ခဲတည်း ပြန်လည်ပေးအပ်ပြီးဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်သင်းယုရွှေ (LL.B,D.B.L)** | **ဒေါ်ရီရီသိန်း B.A(Law), LL.B** |
| **အထက်တန်းရှေ့နေ(စဉ်-၃၄၃၆၇)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၂၅၅၄)** |
| **အမှတ်(၁၀/၁၂)၊ အေ(၅)၊** | **အမှတ်(၅၃)၊ ကွမ်းခြံတန်းလမ်း၊** |
| **၃၆လမ်း၊ ကျောက်တံတားမြို့နယ်၊** | **ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့။** |
| **ရန်ကုန်မြို့။** | **ဖုန်း-၃၀၁၄၉၁၀၃** |
| **ဖုန်း-၇၃၁၆၈၀၀၃** | |



## (၁၃)ကြိမ်မြောက် (၅)ရက်တရားစခန်း
## (မြန်မာနှစ်ဦးအထူးတရားစခန်း)

မဟာသဒ္ဓမ္မ ဇောတိကဓဇ ဆရာကြီး ဦးဌေးအောင်၏ ဥပနိဿယအတိုင်း ဗုဒ္ဓနည်း၊ နာမ်-ရုပ်လေ့ကျင့်ရေးတရားအလုပ်စခန်းအား အောက်ပါအတိုင်း ကျင်းပပါမည်။

နေ့ရက် - ၁၈-၄-၂၀၁၆ ရက်မှ ၂၂-၄-၂၀၁၆ ရက် (တနင်္လာနေ့မှ သောကြာနေ့)
အချိန် - နံနက် ၈း၃၀ နာရီမှ ၁၂း၀၀ နာရီထိ
နေရာ - ကျေးလက်ဦးစီးဓမ္မာရုံ(ယခင် နယ်စပ်စည်ပင်ဓမ္မာရုံ)၊ အာဇာနည်လမ်း၊ ရွှေတိဂုံဘုရားမြောက်ဘက်မုခ်အနီး၊ သွေးဆေးကန်ရှေ့။

**ထေရဝါဒဗုဒ္ဓဒေသနာနှင့် ဝိပဿနာ**
**ပြန့်ပွားရေးအသင်း(ရန်ကုန်)**
**ဖုန်း-၀၉-၂၅၀၂၇၉၂၉၀၊ ၀၁-၆၅၅၉၄၃၊ ၀၉-၇၃၀၇၈၃၉၄၊ ၀၉-၄၅၀၀၆၃၇၀၅**



## ဒီကရီအတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ
## (တရားမကျင့်ထုံးကိုဒဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)
## ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး
## ၂၀၁၁-ခုနှစ်၊ တရားမကြီးမှုအမှတ်-၇၄၉ နှင့်ဆက်နွယ်သည့် ၂၀၁၅ ခုနှစ်၊ တရားမဇာရီမှုအမှတ်-၂၀၈

| | | |
|---|---|---|
| ၁။ ဒေါ်နွဲ့နွဲ့ရီ | | ၁။ ဒေါ်အုန်းခင်ခင် |
| ၂။ ဒေါ်လှလှထွေး | **နှင့်** | ၂။ ဦးမာမက်ဟူစိန် |
| ၃။ ဒေါ်မြဝင်း | | |
| ၄။ ဦးခင်မောင်မြင့် | | |
| ၅။ ဦးရဲအောင် | | |
| ၆။ ဦးတင်ထွန်း | | |
| **ဒီကရီအနိုင်ရသူ** | | **တရားရှုံးများ** |

အမှတ်-၁၀၅၊ မြင်တော်သာလမ်း၊ ၃/မာန်ပြေရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးနေ အမှတ်(၂) တရားရှုံး ဦးမာမက်ဟူစိန် (ယခုနေရပ်လိပ်စာမသိ)သူ သိစေရမည်။

၂၀၁၁ ခုနှစ်၊ တရားမကြီးမှုအမှတ်-၇၄၉ တွင် ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ဒေါ်နွဲ့နွဲ့ရီ ပါ-၆ ဦးတို့က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကို မထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေသို့မဟုတ် အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ ၂၀၁၆ ခုနှစ် မေလ ၂ ရက် (၁၃၇၈ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၀ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် ဤရုံးတော်ရှေ့ လာရောက်ရမည်။

၂၀၁၆ ခုနှစ်၊ ဧပြီလ ၁ ရက်တွင် ဤရုံးတော်တံဆိပ် ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဥမ္မာအေး)**
**ဒုတိယခရိုင်တရားသူကြီး(၅)**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး**



## ယခင် အထက(၅)အင်းစိန်(လှော်ကား)၊ ယခုအထက(၂)ရွှေပြည်သာ (လှော်ကား) ကျောင်းသား/သူဟောင်းများ၏ စတုတ္ထအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲ အခမ်းအနားကို

၈-၅-၂၀၁၆ ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် အမိကျောင်းတော်ကြီး၌ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ယခင်အထက(၅)အင်းစိန်နှင့် ယခုအထက(၂) ရွှေပြည်သာတွင် (၂၀၁၀)ခုနှစ်ထိ တာဝန်ထမ်းဆောင်ခဲ့ကြသော ဆရာကြီး၊ ဆရာမကြီးများနှင့် ဆရာ၊ ဆရာမများအား အပူဇော်ခံကြွရောက်ကြပါရန်နှင့် ရပ်နီးရပ်ဝေးနေ ကျောင်းသား/သူဟောင်းတို့မှလည်း ကျေးဇူးကြီးလှသော မြတ်ဆရာ၊ ဆရာမတို့အား ပူဇော်ကန်တော့ရန်အတွက် ကြွရောက်ကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

အောက်ပါဖုန်းနံပါတ်များသို့

ဆရာကြီး၊ ဆရာမကြီးများနှင့် ဆရာ/ဆရာမများမှ အမြန်ဆုံးဆက်သွယ်ပေးပါရန်နှင့်


ကျောင်းသား/သူဟောင်းများမှလည်း ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

| | | | |
|---|---|---|---|
| ဦးထွန်းအောင်ကြိုင် | ၀၉-၄၂၀၁၀၀၅၇၄ | ဦးလှသန်း | -၀၉-၇၃၁၂၄၉၃၀ |
| ဦးမင်းမင်းသက် | ၀၉-၄၃၀၃၉၁၉၈ | ဦးလှိုင်မိုး | -၀၉၃၂၁၄၂၂၅၄ |
| ဦးဝေလင်းအောင် | ၀၉-၅၀၉၅၅၇၉ | မဟာန်နီထက် | -၀၉၉၇၅၅၁၂၅၇၆ |

**မြတ်ဆရာပူဇော်ပွဲ ဖြစ်မြောက်ရေးအဖွဲ့**


မီး သတိပြု


**ပျောက်ဆုံးကြောင်း**
ကျွန်တော်ဦးတင်မောင်မြ[၁၂/သဃက (နိုင်)၀၀၀၅၄၁]၏ Advanced Chemical Tanker ကျွမ်းကျင်မှုလက်မှတ်မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉ ၇၉၃၅၈၁၇၉၇**

# သဲစုပ်လုပ်ငန်းများကြောင့်နှစ်ပေါင်းတစ်ရာကျော်ကြာသက်တမ်းရှိ တံတားတစ်စင်းပြိုကျဖွယ်ရှိ

**ကျောက်တံခါး ဧပြီ ၄**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ပဲနွယ်ကုန်းမြို့ရှိ တုံကန်ချောင်းကြီးအတွင်းရှိသဲများအား အင်ဂျင်အားကြီးမားသော စက်ကြီးများဖြင့် နေ့ရောညပါ တရားမဝင် စုပ်ထုတ်ရောင်းချမှုများကြောင့် နှစ်ပေါင်းတစ်ရာကျော်ကြာသက်တမ်းရှိ တံတားတစ်စင်း ပြိုကျဖွယ်ရှိနေသည်။

ယင်းအပြင် လူနေရပ်ကွက်အတွင်းရှိ ခြံစည်းရိုးများပျက်စီးသည်အထိ ကမ်းပါးပြိုခြင်း၊ တရားဝင်လျှောက်ထားစိုက်ပျိုးထားသော ကျွန်း၊ ပျဉ်းကတိုးပင်စိုက်ခင်းများ ရေနစ်သေဆုံးခြင်း သဲစုပ်စက်မှကျယ်လောင်စွာထွက်ပေါ်လာသော အင်ဂျင်သံများကြောင့် ရပ်ကွက်အတွင်းရှိ သက်ကြီးရွယ်အိုများ ကောင်းစွာအိပ်စက်မရခြင်းများ ဖြစ်ပေါ်လျက်ရှိကြောင်း ဒေသခံများကပြောသည်။

"အဓိကကတော့ သံတံတားကြီးပေါ့လေ။ အင်္ဂလိပ်ခေတ်ကတည်းက တည်ဆောက်ထားခဲ့တဲ့ တံတားကြီးပါ။ ရန်ကုန်-မန္တလေးကားလမ်းမကြီးကို ဆက်သွယ်ပေးထားတဲ့ အဓိကတံတားကြီးလေ။ သဲစုပ်လုပ်ငန်းက တံတားနဲ့ကိုက်တစ်ရာလောက်ပဲကွာတယ်။ ပြီးတော့ သဲစုပ်တင်တဲ့အခါ ရေတွေဝင်လာတော့ အနားမှာရှိတဲ့ သစ်ပင်စိုက်ခင်းကကျွန်း၊ ပျဉ်းကတိုးပင်တွေ ရေဝင်ပြီး သေဆုံးကုန်တယ်။ သက်ဆိုင်ရာမြို့နယ် တိုင်းခရိုင်ကို တင်ပြထားပေမဲ့ အရေးယူဆောင်ရွက်ခြင်းမရှိဘူး။ မြို့နယ်က လာကြည့်တယ်။ ပြန်သွားတယ်။ " ဟု ရပ်ကွက်တွင်းနေ ပြည်သူတစ်ဦးက ပြောသည်။

"သဲတင်တဲ့ကားတွေက ရပ်ကွက်ထဲကနေ နေ့ည အမြဲမောင်းတယ်။ လေစက်သံတွေကြောင့် ပတ်ဝန်းကျင်ကလည်း နားမခံနိုင်တော့ဘူး။ သက်ဆိုင်ရာကို လက်မှတ်တွေထိုးပြီး တိုင်တော့လည်း အရေးမယူဘူး။

ဘယ်သူ့ကို အားကိုးရမှန်းမသိတော့ဘူး။ ပြီးတော့ ဒီတံတားကြီးဟာ မြန်မာပြည်အထက်ပိုင်းနဲ့အောက်ပိုင်း ကုန်စည်သယ်ယူပို့ဆောင်ရာတံတားဖြစ်တဲ့အတွက် ရေရှည်မှာ သဲစုပ်လုပ်ငန်းကြောင့်ပြိုကျနိုင်တယ်။ အခုတောင် သူတို့သဲစုပ်ထားတဲ့ကျင်းချိုင့်ကြီးကနေ ရေတိုက်စားပြီးကမ်းပါးတွေပြိုကျနေပြီ" ဟု သဲစုပ်လုပ်ငန်းအနီး နေထိုင်သူက ပြောသည်။

"သက်ဆိုင်ရာကခွင့်ပြုထားတယ်ဆိုလည်း လူနေရပ်ကွက်နဲ့ဝေးတဲ့နေရာတွေမှာ ခွင့်ပြုသင့်တယ်။ ခုဟာက ရပ်ကွက်ထဲမှာကို လုပ်နေတော့ ပတ်ဝန်းကျင်ကပြည်သူတွေလည်း တစ်နည်းမဟုတ်တစ်နည်း စိတ်အနှောင့်အယှက်ဖြစ်နေရတယ်။ ပြီးတော့ တခြားမြို့နယ်တွေက ကမ်းပါးပြိုမှုကာကွယ်နေချိန်မှာ ကျွန်တော်တို့ဆီမှာကတော့ ကမ်းပါးပြိုအောင်လုပ်နေသလိုပါပဲ" ဟု ဒေသခံဦးသိန်းနိုင်က ပြောသည်။

**ဖြိုးကိုလင်း(ညောင်ဝိုင်း)**

# တိုင်းဒေသကြီးအဆင့် KG (သူငယ်တန်း) သင်ရိုးသစ် နည်းပြသင်တန်း မုံရွာမြို့တွင် ဖွင့်လှစ်သင်ကြား

**မုံရွာ ဧပြီ ၄**

လာမည့်ပညာသင်နှစ်တွင် သင်ရိုးသစ် စတင်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် တိုင်းဒေသကြီးအဆင့် KG (သူငယ်တန်း) သင်ရိုးသစ် နည်းပြသင်တန်းကို စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းတွင် မတ်လတတိယပတ်မှ စတင်ပြီး ဖွင့်လှစ်သင်ကြားလျက်ရှိကြောင်း သိရသည်။

" KG သင်ရိုးသစ်ကို လာမယ့် ၂၀၁၆-၂၀၁၇ စာသင်နှစ်မှာ စတင်အကောင်အထည်ဖော်နိုင်ဖို့အတွက် နည်းပြသင်တန်းကို ယခုလို လာရောက်တက်ခြင်းဖြစ်ပါတယ်။ ဒီနည်းပြဖြစ်သင်တန်းတွေ တက်ရောက်ပြီးလို့ သက်ဆိုင်ရာမြို့နယ်နဲ့ ကျောင်းတွေကိုရောက်ရင် သင်ရိုးသစ်သင်ကြားမည့် ဆရာ၊ ဆရာမတွေကို ထပ်မံပြီး ဆင့်ပွားပို့ချပေးရမှာဖြစ်ပါတယ်။ KG သင်တန်း သင်ကြားမည့်နည်းစနစ်မှာ ကလေးတွေရဲ့ စိတ်ဓာတ်နှင့် ရုပ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုတို့ကို ဦးစားပေးမယ့် သင်ကြားနည်း (သို့မဟုတ်) ကစားရင်းသင်ယူရတဲ့ စနစ်သစ်ဖြစ်ပါတယ်။

ယခင်ကဲ့သို့ အလွတ်ကျက်စာသင်ခြင်းနှင့် စမလုပ်တော့ဘဲ သင်ရိုးသစ်တွင် ဆော့ကစားတာကနေ သင်ကြားသွားပါမယ်။ သင်ရိုးအသစ်မှာ ကလေးတွေက စာပေကိုသာ သင်ကြားရမှာမဟုတ်ဘဲ ဖွံ့ဖြိုးရေးကိုဦးတည်သော သင်ခန်းစာနယ်ပယ်ခြောက်ခုဖြစ်တဲ့ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာခြင်း၊ စာရိတ္တ၊ မိတ္တနှင့် စိတ်လှုပ်ရှားမှုဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ခြင်း၊ အပြန်အလှန်ပြောဆိုဆက်ဆံခြင်း၊ သင်္ချာအခြေခံများကို စူးစမ်းလေ့လာခြင်း၊ အနုပညာခံစားမှုနှင့် ဖန်တီးခြင်း၊ ပတ်ဝန်းကျင်လောကကို စူးစမ်းလေ့လာခြင်းတွေကို သင်ကြားပေးသွားမှာဖြစ်ပါတယ်။ လာမည့် သင်ရိုးသစ်မှာ သင်ထောက်ကူပစ္စည်းလေးတွေ ချထားပေးပြီး ကလေးငယ်တွေကို ကစားနည်းတွေနဲ့ စိတ်ကူးပုံဖော်ခိုင်းမယ်။ ဒါ့အပြင် ရင်သွေးငယ်လေးတွေ စနစ်တကျဖြင့် စည်းကမ်းလိုက်နာတတ်စေဖို့ အပြုသဘောနဲ့ဆိုင်တဲ့ စည်းကမ်းလေးတွေ သတ်မှတ်ပေးမယ်။ နောက်တစ်ခုက KG တန်းသင်မယ့် ဆရာ၊ ဆရာမတွေအနေဖြင့် ရင်သွေးငယ်လေးတွေနဲ့ ထိတွေ့ရာမှာ မိဘနှင့်မခြား သူနာပြုဆရာမတွေလို ကြင်နာရမယ်။ ဒါ့အပြင် အဆိုတော်တွေလိုလည်း ကဗျာတွေ၊ သီချင်းတွေ သီဆိုပြ၊ ကပြရမယ်ဆိုတော့ သင်ရတဲ့ ဆရာတွေတင်မကပဲ ရင်သွေးငယ်လေးတွေပါ စိတ်ဝင်တစ်စား ပျော်ရွှင်စွာနဲ့ ပါဝင်ကြမယ်လို့ ယုံကြည်ပါတယ်" ဟု သင်တန်းသူ ကျောင်းဆရာမတစ်ဦးက ပြောသည်။



အဆိုပါ KG တန်း သင်ရိုးသစ် နည်းပြဖြစ်သင်တန်းအား စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိမြို့နယ်များမှ သင်တန်းသား၊ သင်တန်းသူ ၇၄၆ ဦးကို သင်တန်းဆရာ ၄၁ ဦးက မတ်လ ၂၂ ရက်မှ ဧပြီ ၇ ရက်ထိ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**ဖိုးချမ်း(မုံရွာ)**

# ယာဉ်စည်းကမ်း၊လမ်းစည်းကမ်းပညာပေးဆောင်ရွက်

**ကြံခင်း ဧပြီ ၄**

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် ကြံခင်းမြို့နယ်ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီအဖွဲ့မှ ပြည်သူများသိရှိစေရန် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဆောင်ရွက်မှုကို သိပ္ပံလမ်းထောင့်နှင့် ဗိုလ်ချုပ်လမ်းထောင့်တို့တွင် အဖွဲ့နှစ်ဖွဲ့ခွဲ၍ ဧပြီ ၃ ရက် နံနက် ၈ နာရီက ဆောင်ရွက်ခဲ့သည်။ အဆိုပါ ယာဉ်စည်းကမ်း၊လမ်းစည်းကမ်း အသိပညာပေးပြုလုပ်ရခြင်း ရည်ရွယ်ချက်မှာ မဟာသင်္ကြန်ပွဲတော်ကာလတွင် မှုခင်းများလျော့နည်းကျဆင်းရေးအတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာရေး၊ ယာဉ်အန္တရာယ် ကင်းရှင်းစေရေးအတွက် အသိပညာပေးလုပ်ငန်းများကိုအရှိန်အဟုန်မြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့နယ်ရဲတပ်ဖွဲ့မှူးရဲမှူးက ပြောသည်။


**မြို့နယ်(ပြန်/ဆက်)**





## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-ကြီးပွားရေး(မြောက်)၊ မြေကွက်အမှတ်(၂၁၁/ခ)၊ မြေကွက်တည်နေရာအမှတ်(၂၁၁/ခ)၊သမိန်ဗရမ်းလမ်း၊ ကြီးပွားရေးရပ်ကွက်၊ သဃ်န်းကျွန်း(ဦးလှငြိမ်း KTN-၀၀၁၅၂) အမည်ပေါက်ပါမစ်မူရင်းနှင့် အမည်ပေါက် ဦးလှငြိမ်းထံမှ ဝယ်ယူခဲ့သည့် ၇-၇-၂၀၀၀ရက်စွဲပါ အရောင်းအဝယ်ကတိစာချုပ်တင်ပြ၍ (၁)ဦးမြင့်ဝေ(၁၂/သဃက(နိုင်)၀၅၇၁၅၅)၊ (၂)ဒေါ်ခင်မျိုးသက်(၁၂/သဃက(နိုင်)၁၇၄၇၀၉)တို့က ဂရန်သစ်လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**






သရဖူ မြတ်နိုးသူ Travels & Tours Co.,Ltd
Ph: 01-551453, 09-5156297, 09-5014517, 09-450053758

| မဟာသင်္ကြန်အားလပ်ရက် အထူးခရီးစဉ်များ | April | Scania |
|---|---|---|
| မြဝတီ၊မဲဆောက်၊ ဗန်ကောက်၊ပတ္တရား၊ အယုဒ္ဓရ | 12/20 (Flight) | 420/500 $ |
| မန်း၊စစ်ကိုင်း၊အလောင်းတော်ကဿပ၊မုံရွာ၊ပြင်ဦးလွင်/ ရွှေဘို(အောင်မြေဇွှာန) | 12 | 170000/200000 |
| မန်း၊ပြင်ဦးလွင်၊လားရှိုး၊မူဆယ်၊ရွှေလီ၊ဝမ်တိန်၊မံစီ | 12 | 230000 |
| စစ်တွေ၊ မြောက်ဦး၊ ကျောက်တော်၊ ဝေသာလီ | 12 | 190000 |
| မြိတ်၊ကော့သောင်း၊ ရနောင်း၊ သူ့ရွှေးကျွန်း | 12,13 | 320000 |

## စစ်တက္ကသိုလ်အမှတ်စဉ်(၁၇)ဗိုလ်လောင်းသင်တန်း နှစ်(၄၀)ပြည့်အထိမ်းအမှတ် ဆွမ်းကပ်လှူဒါန်းခြင်း နှင့် ညစာစားပွဲဖိတ်ကြားခြင်း

စစ်တက္ကသိုလ်အမှတ်စဉ်(၁၇)ဗိုလ်လောင်းသင်တန်းနှစ်(၄၀)ပြည့် အထိမ်းအမှတ် ဆွမ်းကပ်လှူဒါန်းခြင်းနှင့် ညစာစားပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ် မည်ဖြစ်ပါ၍ ကျောင်းဆင်းအရာရှိများနှင့် မိသားစုဝင်များ မပျက်မကွက်တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

(၁) ၉-၄-၂၀၁၆ရက် (စနေနေ့) ၇း၀၀နာရီ - ရွှေတိဂုံဘုရား၊ ထီးတော်ရုံတန်ဆောင်းတွင် သံဃာ(၁၇)ပါးအား ဆွမ်းကပ်လှူဒါန်း၍ ကျဆုံး/ကွယ်လွန်သွားသော သူငယ်ချင်းများအား ရေစက်ချအမျှအတန်း ပေးဝေခြင်း။

(၂) ၉-၄-၂၀၁၆ရက် (စနေနေ့) ၁၈း၀၀နာရီ - Gandamar Grand Ballroomခန်းမ (ဝေဇယန္တာလမ်းနှင့်ဂန္ဓမာလမ်းထောင့်)တွင် ညစာစားပွဲကျင်းပခြင်း။

**သာရေးနာရေးကော်မတီ**






"ရွှေမင်္ဂလာ" စားသောက်ဆိုင်နှင့် စက်သုံးဆီ အရောင်းဆိုင်ကို အားပေးကြသော ရပ်ဝေးရပ်နီးမှ မိတ်ဆွေများကို နှစ်သစ်သင်္ကြန်မှာချမ်းမြေ့ပျော်ရွှင် သာယာပါစေကြောင်းရွှေမင်္ဂလာ မိသားစုမှ တောင်းဆုပြုပါသည်။



"ရွှေမင်္ဂလာ" စားသောက်ဆိုင်နှင့် စက်သုံးဆီ ကို သင်္ကြန်အကြိုနေ့ (၁၂-၄-၂၀၁၆) မှ (၁၆-၄-၂၀၁၆) နေ့အထိခေတ္တပိတ်ထားမည်ဖြစ်ပြီး နှစ်ဆန်း (၁) ရက်နေ့မှ စတင်၍ ပုံမှန်ပြန်လည် ရောင်းချသွားမည် ဖြစ်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

အထူးလေးစားလျက်

**ရွှေမင်္ဂလာမိသားစု**





# နိုင်ငံတော် သမ္မတကြီး ဦးထင်ကျော် အား ထောက်ခံကြိုဆိုဂုဏ်ပြုခြင်း

မြန်မာနိုင်ငံ တစ်နံတစ်လျားမှ ပြည်သူလူထုအပေါင်းတို့ ၏ အသည်းကြားမှ မဲတစ်ပြားဖြင့် ရွေးချယ်တင်မြှောက်လိုက်ကြသော ပြည်သူ့ကိုယ်စားလှယ်များက တစ်ခဲနက် အားပေးထောက်ခံကြပါသော


## နိုင်ငံတော် သမ္မတကြီး ဦးထင်ကျော်

နိုင်ငံတော်၏ တာဝန်ကို စတင်ထမ်းဆောင်သောနေ့ မှစ၍ မြန်မာနိုင်ငံတော်ကြီးသည် အေးချမ်းသာယာ ဝပြောကာ နိုင်ငံတကာနှင့် ရင်ဘောင်တန်းနိုင်သော တိုင်းပြည်ကြီးအဖြစ်သို့ ရောက်ရှိနိုင်ရန် ဦးဆောင်ဦးရွက်ပြုနိုင်ပါစေကြောင်း ယုဇနပလာဇာ ဈေးသူဈေးသားများက ဆုတောင်းမေတ္တာပို့သလျက် လှိုက်လှိုက်လှဲလှဲ ထောက်ခံကြိုဆိုဂုဏ်ပြုအပ်ပါသည်။

I'DEA CLUB
LadNLass
ပြည့်ကျော် ELECTRONICS
GI FASHION ZONE
SAN YING Timepiece Store
Telefono MOBILE HOUSE
HAPPY FootWear
CAMP FASHION
FASHION EYE SHOES SHOP
KYAW MOBILE
Dr. G Mobile Whole Sales, Retail & Linecard
SMILE MOBILE GSM, CDMA, ACCESSORIES
JAZZ fashion shop




ကွန်ပျူတာ စနစ်ဖြင့်ထိန်းသော
MECHINICAL CAR PARKING










TPW
No. (31), Room (5), 7 Miles, Pyay Road, Yangon
T: 09.259.81.36.36
: 09.259.81.37.37
: 09.259.81.46.46

အမှတ်(၃၁)၊ အခန်း (၅)၊ ၇မိုင်၊ ပြည်လမ်း၊ ရန်ကုန်။



## သရုပ်ဆောင်သစ်များလျှောက်လွှာခေါ်ယူခြင်း

Dana Chan Thar Services Co.,Ltd မှ ရိုက်ကူးမည့်

**မီးမုန်တိုင်း၊ မိုးကြိုးမုန်တိုင်း၊ ရသမုန်တိုင်း**

ဇာတ်ကားတို့အတွက်သရုပ်ဆောင်သစ်ရွေးချယ်ပွဲကို MWD Documentry နှင့် ပူးပေါင်း၍ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး၌ ၂၃.၄.၂၀၁၆၊ ၂၄.၄.၂၀၁၆ ရက်နေ့တို့တွင် နံနက် ၉ နာရီမှစ၍ လူရွေးပွဲကို ကျင်းပမည်ဖြစ်ပါသည်။ လျှောက်လွှာများကို

- မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး
  [အမှတ်(၁၆)၊ ဝက်ဘာလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့] ဖုန်း ၀၁-၅၄၄၂၇၁
- MWD Documentry ရုံးချုပ်[တပ်မတော်မှတ်တမ်းရုံး၊ ဘောက်ထော်] ဖုန်း ၀၁-၅၅၉၄၆၀
- Dana Chan Thar Services Co., Ltd (အမှတ် ၁၁ A ၊ သံသုမာလမ်း၊ သုဝဏ္ဏ အိမ်ရာ၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့) ဖုန်း ၀၁ ၅၇၉၁၆၈ တို့တွင် အခမဲ့လာရောက် ထုတ်ယူနိုင်ပါသည်။

ရွေးချယ်ခံရသော ခေါင်းဆောင် မင်းသားများကို အနုပညာကြေး ချီးမြှင့်ငွေ ကျပ်သိန်း ၂၀ တိတိ ချီးမြှင့်မည်ဖြစ်ပြီး၊ ရွေးချယ်ခံရသော ခေါင်းဆောင်မင်းသမီးကို အနုပညာကြေး ငွေကျပ် ၁၅ သိန်း ချီးမြှင့်မည် ဖြစ်ပါသည်။

မှတ်ချက် - လျှောက်လွှာများကို ၂၀.၄.၂၀၁၆ တွင် ညနေ နောက်ဆုံးထား၍ ပေးပို့ပါရန်။



University skills
@ Think in English
essay writing
critical thinking
presentation skills

Lessons to help you prepare for university and use **English with confidence**. Lessons begin in May. Register before Thingyan to save your place. Experienced Foreign teachers.
Tel: 09425026102. 3 U Weik Zar Street, Pazundaung Tsp, Yangon



## မိုနဲဒါဖက်ရှင်

- ကြော်ငြာ၊ လက်ဆောင်၊ ပရိုမိုးရှင်း၊ အမှတ်တရနှင့် ဝန်ထမ်း Uniform များအတွက် အရောင်စုံ၊ အသားစုံ၊ Designစုံ ကြိုက်ရာယူ
- ချည်သား T.Shirt - 1200 ကျပ်
  Sport Shirt - 3250 ကျပ်
  Shirt လက်တို - 3200 ကျပ်
  ဦးထုပ် - 1100 ကျပ် (မှစ၍)
- အထည်(၁၀၀)အထက်ယူလျှင် လိပ်စာအရောက် ပို့ပေး၊ ပြပေးသည်။
- **အမှတ်-၇၉၊ မြေညီထပ်၊ ၁၂၄ လမ်း၊ မင်္ဂလာဈေးမှတ်တိုင်အနီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်။**
- **Ph:01-292129, 01-9000260, 09-250388594**
- **Email:kyonedoe@gmail.com**



✓ တိုင်းရင်းဆေးအရည်အသွေး ကမ္ဘာ့ရွှေကြယ်ပွင့်ဆု (ဂျီနီဗာ - ၂၀၁၀) ရွှေတံဆိပ်ဒိုင်းဆုရ
✓ နိုင်ငံတကာ ခေါင်းဆောင်မှု စွမ်းရည်ကြယ်ပွင့်ဆု (ပဲရစ် - ၂၀၁၁) နှင့် Certificate ရ
✓ ကမ္ဘာ့အရည်အသွေးပြည့် ထိပ်သီးဆု (USA-2012) နှင့် Certificate ရ
✓ ကမ္ဘာ့အရည်အသွေးစိန်ပွင့်ဆု (ဖြင်သစ် - ၂၀၁၃) နှင့် Certificate ရ
✓ ကမ္ဘာ့အရည်အသွေး သရဖူစိန်ပွင့်ဆု (လန်ဒန် - ၂၀၁၄) နှင့် Certificate ရ

ဖျံ-၅-ကောင် အမှတ်တံဆိပ်
သွေးချို-ဆီးချိုကျဆေးနှင့် သွေးတိုးကျဆေးကို တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပါပြီ။

ဒေါက်တာစိုးမြင့်အောင်(ဝါးခယ်မ) Ph.D (Alternative Medicines)

ဖျံ-၅-ကောင် တိုင်းရင်းဆေးခန်း၊ အမှတ်-၁၂၄၊ ၄၂ လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁ ၃၇၀၁၇၅၊ ၃၉၂၉၆၄



**ဒဂုံမြို့သစ်**
အရှေ့ပိုင်း
ဆိပ်ကမ်းမြို့နယ်
တောင်ပိုင်း၊ မြောက်ပိုင်း
များရှိ မြေကွက်များကို
ဈေးကောင်း ပေးဝယ်သည်။
09-6809893
09-5120620



**BOSS** အဆင့်မြင့် ပါကေးအရောင်းဆိုင်ခန်းမ

အဆင့်မြင့် Laminate Flooring ကြမ်းခင်းပြားများနှင့် 100% ရေစိုခံ ဒွိနိုင်းကြမ်းခင်းပြားများကို ဈေးနှုန်းချိုသာစွာဖြင့် တိုက်ရိုက်ရောင်းချပေးနေပါသည်။

အရောင်းခန်းမ(၁)-အမှတ်(၂၈၁)၊ အလယ်ရွှေဂုံတိုင်လမ်းမကြီး၊ ရွှေဂုံတိုင်ဟိုတယ်ဘေး၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။
Ph : 01-8603151, 01-8603389, 09-8626261, 09-5426261, 09-73152381
အရောင်းခန်းမ(၂)-တိုက်(အေ-၂)၊ အခန်း(၀၀၄)၊ ယုဇနပလာဇာဘေး၊ အောင်မင်္ဂလာမှတ်တိုင်အနီး၊ ဗညားဒလလမ်း။
Ph : 09-5425251, 09-73225484

" ကမ္ဘောဇဘဏ်လီမိတက်အတွက် ဂုဏ်ယူဝမ်းမြောက်ခြင်း "

- ကမ္ဘောဇဘဏ်လီမိတက်သည် World Finance 100 တွင် ရွေးချယ်၊ ဆုချီးမြှင့်ခံရခြင်း ။
- နိုင်ငံတော်နှင့်ပြည်သူများ အကျိုးစီးပွားအတွက် ဘဏ်ပေါင်းစုံမှ ကူညီပံ့ပိုးခြင်း ။
- သဘာဝဘေးအန္တရာယ် ကျရောက်သည့် ဒေသအသီးသီးမှ ပြည်သူများအတွက် အများအကျိုးပြု ပရဟိတ လုပ်ငန်းများကို စွမ်းစွမ်းတမံ ဆောင်ရွက်ပေးခြင်း၊ထောက်ပံ့ကူညီပေးခြင်း ။
- ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာနမှ၁၈. ၃. ၂၀၁၆ရက်နေ့ သတင်းထုတ်ပြန်ချက်အရ-မြန်မာတစ်နိုင်ငံလုံးဝင်ငွေခွန်အများဆုံး ထမ်းဆောင်သူလုပ်ငန်းရှင်(၁၀၀၀)ဦးအနက်မှ ကမ္ဘောဇဘဏ်လီမိတက် ဥက္ကဋ္ဌ-ဦးအောင်ကိုဝင်း သည် ပထမနေရာမှ ဝင်ငွေခွန်အများဆုံး ထမ်းဆောင်သူအဖြစ်(၄)နှစ်ဆက်တိုက် ထမ်းဆောင်နိုင်ခဲ့ခြင်း တို့အတွက်

အလွန်ဂုဏ်ယူဝမ်းမြောက်မိပါသည်။

| ဦးသိန်းဟန် | ဦးထွန်းလွင် | ဦးကျော်အောင် | ဦးအုန်းဆိုင် |
|---|---|---|---|
| **Tokyo Pipe** | **Shwe Me` Co.,Ltd** | **Benhur** | **ခေတ်သစ်ပွဲရုံ** |

| ဦးအောင်သိန်း | ဦးကျော်ခိုင်၊ဦးငြိမ်းအောင် | ဦးအေးသောင်း |
|---|---|---|
| **အောင်သီဟပွဲရုံ** | **Asia Myanmar Consortium Development Co.,Ltd** | **ရွှေအိုးကြီးပွဲရုံ** |



# ၂၀၁၄ – ၂၀၁၅ ခုနှစ် အခွန်စည်းကြပ်နှစ်အတွက် ဝင်ငွေခွန် ကျပ်ငွေ (၂၂) ဘီလီယံကျော် ထမ်းဆောင်ခဲ့ပြီး ဝင်ငွေခွန်အများဆုံးပေးဆောင်သူ ပထမနေရာအား (၄) နှစ်ဆက်တိုက် ရရှိခဲ့သည့်

## ကမ္ဘောဇဘဏ်လီမိတက် ဥက္ကဌ ဦးအောင်ကိုဝင်း အတွက်

## ဂုဏ်ယူဝမ်းမြောက်ခြင်း

### ကမ္ဘောဇဘဏ်လီမိတက်အနေဖြင့်

- ၂၀၁၁ - ၂၀၁၂ ခုနှစ် အခွန်စည်းကြပ်နှစ်အတွက် ဝင်ငွေခွန် ကျပ်ငွေ (၆. ၀၁၅) ဘီလီယံကျော် ပေးဆောင်ခဲ့ပြီး နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းရည်ဆုနှင့် ဝင်ငွေခွန်ပထမဆု
- ၂၀၁၂ - ၂၀၁၃ ခုနှစ် အခွန်စည်းကြပ်နှစ်အတွက် ဝင်ငွေခွန် ကျပ်ငွေ (၁၀. ၈၂၇) ဘီလီယံကျော် ပေးဆောင်ခဲ့ပြီး နိုင်ငံတော်သမ္မတ၏ အထူးဂုဏ်ထူးဆောင် နိုင်ငံ့စွမ်းရည်ဆုနှင့် ဝင်ငွေခွန် ပထမဆု
- ၂၀၁၃ - ၂၀၁၄ ခုနှစ် အခွန်စည်းကြပ်နှစ်အတွက် ဝင်ငွေခွန် ကျပ်ငွေ (၁၇. ၀၆၂) ဘီလီယံကျော် ပေးဆောင်ခဲ့ပြီး နိုင်ငံတော်သမ္မတ၏ အထူးဂုဏ်ထူးဆောင် နိုင်ငံ့စွမ်းရည်ဆုနှင့် ဝင်ငွေခွန် ပထမဆု
- ၂၀၁၄ - ၂၀၁၅ ခုနှစ် အခွန်စည်းကြပ်နှစ်အတွက် ဝင်ငွေခွန် ကျပ်ငွေ (၂၂) ဘီလီယံကျော် ပေးဆောင်ခဲ့ပြီး ပထမနေရာ (၄) နှစ်ဆက်တိုက် ဝင်ငွေခွန်အများဆုံး ထမ်းဆောင်ခဲ့ခြင်း

မြန်မာတစ်နိုင်ငံလုံးတွင် ဝင်ငွေခွန်အများဆုံးထမ်းဆောင်သူ လုပ်ငန်းရှင် (၁၀၀၀) ဦး အနက်မှ "ကမ္ဘောဇဘဏ်လီမိတက်" သည် "ပထမ"နေရာမှ ဝင်ငွေခွန်အများဆုံး (၄) နှစ်ဆက်တိုက် ထမ်းဆောင်ခဲ့သူ ဖြစ်ပါသဖြင့် ဘဏ်ဥက္ကဌကြီး ဦးအောင်ကိုဝင်း ကို အထူးလေးစားအားကျ၊ အတုယူထိုက်သူ၊ ချီးကျူးဂုဏ်ပြုထိုက်သည့် ပုဂ္ဂိုလ်တစ်ဦးအဖြစ် ဂုဏ်ယူစွာ ဖော်ပြအပ်ပါသည်။

MYANMAR SEILONE
**Myanmar Seilone Company Limited**

NILAH
**Nilar Alliance Company Limited**

# အထူးလှိုက်လှဲစွာ ကြိုဆိုဂုဏ်ပြုခြင်း

လူထုခေါင်းဆောင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတ ဦးထင်ကျော် ဦးဆောင်သော ပြည်ထောင်စုအစိုးရအဖွဲ့အား နိုင်ငံသူနိုင်ငံသားအားလုံးနှင့်အတူ အထူးလှိုက်လှဲစွာကြိုဆိုဂုဏ်ပြုအပ်ပါသည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီး ခေတ်မီဖွံ့ဖြိုးတိုးတက်ရေး၊ စည်ပင်သာယာ ဝပြောရေး၊ အမျိုးသားရင်ကြားစေ့ရေး၊ ပြည်တွင်းငြိမ်းချမ်းရေးနှင့် စစ်မှန်သော ဒီမိုကရေစီနိုင်ငံတော်သစ် ဖြစ်ပေါ်လာရေး တို့ကို ဦးဆောင်နိုင်ပါစေကြောင်း လေးစားစွာ ဆုမွန်ကောင်း တောင်းအပ်ပါသည်။

မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာလုပ်ငန်းရှင်များအသင်း
MCEA




မဟာသင်္ကြန် အထူးအစီအစဉ်
ဧပြီလ(၁)ရက် မှ (၁၁)ရက်နေ့အထိ
Up to 50% off
ရွှေနန်းတော် စိန်ရွှေရတနာဆိုင် (၂၂)နှစ်ပြည့် အထူးအစီအစဉ်
နိုင်ငံတကာအဆင့်မီ
ရွှေနန်းတော်
စိန်ရွှေရတနာဆိုင်
Forever
Gems by
ရွှေနန်းတော်
သိန်းပေါင်း (2500) ကျော်ချီးမြှင့်ပေးမည့် Lucky Draw Program
၂၀၁၆ ဇန်နဝါရီ (၁၈)ရက် မှ မေ (၂၉)ရက်နေ့အထိ
Grand Lucky Draw Prizes
(၁) MAZDA3 Brand New ကား (၂) စီး
(၂) ၅ကျပ်သား ရွှေဆွဲကြိုး (၅) ကုံး
(၃) ၃ကျပ်သား ရွှေဆွဲကြိုး (၅) ကုံး
(၄) ၁ကျပ်သား ရွှေဆွဲကြိုး (၁၀) ကုံး
(၅) ငါးမူးသား ရွှေဆွဲကြိုး (၂၀) ကုံး
Grand Lucky Draw ဖွင့်မည့်ရက် (၂၉-၅-၂၀၁၆) တနင်္ဂနွေနေ့
ညနေ ၄း၀၀ မှ ၆း၀၀ နာရီ Myanmar Plaza (HAGL Group)
နိုင်ငံကျော်အနုပညာရှင်များ မှ ရွေးချယ်ချီးမြှင့်ပေးမည်။
၁-၃-၂၀၁၆ မှ ၃၀-၁၂-၂၀၁၆ အထိ
အများဆုံးဝယ်ယူသူ (၂၅)ဦးအတွက်
ထပ်ဆင့်အထူးလက်ဆောင်နှင့်
ရွှေ (၁၀)ကျပ်သား (၁) ဆု
ရွှေ (၇)ကျပ်သား (၁) ဆု
ရွှေ (၅)ကျပ်သား (၃) ဆု
ရွှေ (၃)ကျပ်သား (၅) ဆု
ရွှေ (၂)ကျပ်သား (၅) ဆု
ရွှေ (၁)ကျပ်သား (၅) ဆု
ငါးမူးသား (၅) ဆု
ကံစမ်းရန် မလိုပါ
ချက်ချင်းပေါက် ချက်ချင်းယူ
ဗလာမပါ ကံစမ်းမဲ
(၁) ၂ ကျပ်သား ရွှေဆွဲကြိုး (၄) ကုံး
(၂) ၁ ကျပ်သား ရွှေဆွဲကြိုး (၁၀) ကုံး
(၃) ၁၂ ပဲ ရွှေဆွဲကြိုး (၁၀) ကုံး
(၄) ၈ပဲ မှ ၁ပဲသား ရွှေထည်ပစ္စည်း
(၁၀၀) နှင့် အခြားအဖိုးတန်ပစ္စည်းများ
၁၈.၁.၂၀၁၆ မှ ၂၉.၅.၂၀၁၆ ထိ
ကုမ္ပဏီများအတွက် အမှတ်တရဆွဲသီး၊ ရင်ထိုးနှင့်
လက်ဝတ်ရတနာမျိုးစုံကို သင့်တင့်မျှတသော
ဈေးနှုန်းဖြင့် တစ္ဆာ့အဆင့်မီ အရည်အသွေးအတိုင်း
(3D CAD/ CAM) ဖြင့် ဒေါ်ဇိုင်းများ လက်ခံ
ဆောင်ရွက်ပေးနေပါပြီ။
Super Diamond Card
Customers အတွက်
Silver Card အကျိုးခံစားခွင့်
Gold Card အကျိုးခံစားခွင့်
Diamond Card အကျိုးခံစားခွင့်
GIA/HRD Certificate Available
Hongkong လက်ရာစိန်ထည်များ
(3D CAD/CAM) Designs
KBZ Bank Hire Purchase
MPU/Visa/Master/Debit Cards
Golden Palace Super Diamond Card
ဆိုင်(၁)- အမှတ်-၇၄၃၊မဟာဗန္ဓုလလမ်းနှင့်လမ်းမတော်လမ်းထောင့်၊ယဲချေးမီးပွိုင့်အနီး PH: 01-210572,01-229409,01-227212
ဆိုင်(၂)- အမှတ်-၆၈၅၊ဗိုလ်ချုပ်လမ်းနှင့်မဟာဗန္ဓုလလမ်းထောင့် PH:01-211728, 01-226977,01-228751
ဆိုင်(၃)- မြေညီထပ်၊ JUNCTION SQUARE SHOPPING CENTRE PH:01-211728, 09-731 45462,09-731 45463
ဆိုင်(၄)- (G-05A),မြေညီထပ်၊ MYANMAR PLAZA (HAGL GROUP) NEAR SEDONA HOTEL), PH: 09-2653 99966, 09-2653 99977

## ကြော်ငြာ

**မြန်မာ့မီးရထား**

**အိတ်ဖွင့်တင်ဒါ(Open Tender) ခေါ်ယူခြင်း**

တင်ဒါအမှတ်– ၀၃/ မမ/ ပတ/ ဘူတာသန့်ရှင်းရေးလုပ်ငန်းများ(CTM)

၁။ မြန်မာ့မီးရထား၊မန္တလေးဘူတာကြီး၊နေပြည်တော်ဘူတာကြီး၊ရန်ကုန်ဘူတာကြီး၊မော်လမြိုင်ဘူတာနှင့် ပုဂံဘူတာများတွင် သန့်ရှင်းရေး လုပ်ငန်းများကို လုပ်ငန်းအပ်နှံဆောင်ရွက်လိုပါ သဖြင့် အိတ်ဖွင့်တင်ဒါများ ပေးသွင်းရန် ဖိတ်ခေါ် အပ်ပါသည်။

တင်ဒါပိတ်မည့်နေ့/ အချိန် –၄.၅.၂၀၁၆(ဗုဒ္ဓဟူးနေ့)(၁၂:၃၀)နာရီ

၂။ တင်ဒါပုံစံများကိုအောက်ဖော်ပြပါဌာနတွင်(၄.၄.၂၀၁၆)ရက်နေ့မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ၎င်းဌာနသို့မေးမြန်းနိုင်ပါသည်။

ဒုတိယအထွေထွေမန်နေဂျာ၊ထောက်ပံ့ဌာန၊မြန်မာ့မီးရထား၊
(၅၁)လမ်းနှင့်ကုန်သည်လမ်းထိပ်၊ဗိုလ်တထောင်မြို့နယ်၊ရန်ကုန်မြို့၊
ဖုန်း -294352, 291994.



























**အိမ်ငှားရန်ရှိသည်**

(သစ္စာလမ်းမပေါ်၊ ဘဏ်လုပ်ငန်းနှင့် အခြားစီးပွားရေးလုပ်ကိုင်ရန်နေရာကောင်း)
အမှတ်(၄၆၄)၊ ထောင့်ကွက်၊ သစ္စာလမ်း၊ (၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ပေ(၄၀×၆၀)၊ ၂ ထပ်ခွဲတိုက်၊ ပါဝါမီတာပါ၊ လုပ်ငန်းမျိုးစုံလုပ်ကိုင်နိုင်ပါသည်။
Ph:09-974503730, 09-782792547



**ရွှေနဂါး** ကျိုက်ထီးရိုး(နေ့စဉ်)
❖ ချောင်းသာ/ငွေဆောင်(နေ့စဉ်)
ဟိုတယ်/စရိတ်ငြိမ်း စီစဉ်ပေးသည်။ ကားစီးလုံးငှားသည်။
Ph: 209077, 209388, 09-73167000, 09-73168000

ထက်အောင်လင်း 09-73040151
**H.A.L** TRAVELS
**ချောင်းသာ**
09-49215713, 09-440471633

**မိုးမြင့်ကြယ်** ကားမျိုးစုံစင်းလုံးငှား ဆောင်ရွက်ပေးသည်။
သင်္ကြန်အတွက် ချောင်းသာ/ငွေဆောင် Hotel, Guest အခန်းစီစဉ်ပေးသည်။
ချောင်းသာ (Hotel+ငြိမ်း) 40000/50000 | ငွေဆောင် (Hotel+ကား) 45000
01-549380, 09-5093704, 09-450012971

**GOLDEN STAR** Travels & Tours
- ပုဂံ(ရွှယ်တော်လေးဆူ)-ပုပ္ပါး-ပခုက္ကူ Apr-11,12,17
- ရွှေစက်တော်-ပုဂံ(ရွှယ်တော်လေးဆူ)-ပုပ္ပါး Apr-12
- မန္တလေး-ပြင်ဦးလွင်-အလောင်းတော်ကဿပ Apr-11
- တောင်ကြီး-အင်းလေး-ပင်းတယ-ကက္ကူ Apr-9,11,12,17
- ပုဂံ-ပုပ္ပါး-တောင်ကြီး-အင်းလေး-ပင်းတယ Apr-11,12
- တောင်ကြီး-အင်းလေး-ပင်းတယ-လွိုင်ကော် Apr-12
- ငွေဆောင်(Hotel + Car) Apr-11,12,13,14

Ph;09-5081580, 09-5036640, 09-5080860, 703448

**နန်းဦးလှိုင်** သင်္ကြန်ခရီးစဉ်များ ဧပြီ(၁၁)ထွက်မည် • ကြိုတင်လက်မှတ်ရောင်းပြီ
- တောင်ကြီး၊ အင်းလေး၊ ထမ်းဝမ်းဂူ၊ မွေတော်ကက္ကူ(၄)ရက်-ဆက်၍ လွိုင်ကော်ပါ(၆)ရက်။
- ထားဝယ်ရှင်ကိုးရှင်၊ မောင်းမကန်၊ ကျိုက်ထီးရိုး၊ စက်စဲ(၅)ရက်-ဆက်၍ မြိတ်(ဘိတ်)ပါ(၇)ရက်။
- ရွှေစက်တော်ဘုရားနှင့် ပုဂံဘုရားစုံဖူး၊ ပုပ္ပါး၊ ရွှယ်တော်လေးဆူ၊ ပခုက္ကူ သီဟိုဠ်ရှင်(၅)ရက်။
- ရွှေစက်တော်၊ ပုဂံ၊ ပုပ္ပါး၊ မန္တလေး၊ စစ်ကိုင်း၊ မုံရွာ၊ ပြင်ဦးလွင်၊ အလောင်းတော်ကဿပ(၈)ရက်။
- ရခိုင်၊ မြောက်ဦးဘုရားစုံ၊ စစ်တွေဘုရားစုံ၊ ကျောက်တော်မဟာမုနိ၊ ငပလီကမ်းခြေ(၇)ရက်။
- အလောင်းတော်ကဿပ၊ စစ်ကိုင်း၊ မုံရွာ၊ မန္တလေး၊ ပြင်ဦးလွင်၊ ကျောက်စိမ်းစေတီ(၅)ရက်။

ပန်းဆိုးတန်း 01-391577, သန်လျင် 09-5122961, 09-254340569, ကျောက်မြောင်း 09-254821597

**နှယ်းရွှေလမ်း** ၏ သင်္ကြန်အငှားခရီးစဉ်များ
- မန်းရွှေစက်တော်၊ ပုဂံ၊ ညောင်ဦး၊ ပုပ္ပါး(ရွှယ်တော်လေးဆူ)
- မန္တလေး၊ ပြင်ဦးလွင်၊ စစ်ကိုင်း၊ မုံရွာ၊ အလောင်းတော်၊ ကျောက်စိမ်း
- တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ကလော၊ ကဲ့လုံ၊ ကက္ကူ၊ ထမ်ဖမ်း

ခရီးစဉ်အားလုံး April 11,17 ထွက်မည်။

09-250515335, 09-258888973, 09-258889910, 09-250755503

**မြာပိုသား** မြန်မာ့နှစ်သစ်ကူးအခါနေ့အတွက်ခရီးစဉ်

Ph:09425334456,0949323965,0949578205

**POSSIBLE** Travels & Tours

| | | |
|---|---|---|
| တောင်ကြီး-အင်းလေး-ကလော-ပင်းတယ | Royal Class | 320000/- |
| | VIP Class 270000/- Normal Class | 180000/- |
| တောင်ကြီး-အင်းလေး-ကလော-ပင်းတယ-လွိုင်ကော်-ဒီမော်ဆိုးလ် | (5N/6D) April 12 | 270000/- |
| ကယားပြည်နယ်-ဒီမော်ဆိုးလ်-ပန်ပက်ရွာ | (3N/4D) April 13 | 170000/- |
| ပုဂံ-ညောင်ဦး-ပုပ္ပါး-ပခုက္ကူ | | 170000/- |
| မန္တလေး-မုံရွာ-အလောင်းတော်ကဿပ-ပြင်ဦးလွင် | (5N/6D) April 12 | 220000/- |
| ထားဝယ်-မောင်းမကန်-လောင်းလုံဘုတ်ကျွန်း | (4N/5D) April 9,12,14,16 | 230000/- |
| ကရင်ပြည်နယ်-ကျုံဆော်-ဆဒ္ဒန်ဂူ-မော်လမြိုင်-ကျိုက္ခမီ-စက်စဲ | (3N/4D) April 12,16 | 145000/- |

Contact Ph : 01-706716, 01-9010327, 09-259257822-23,09250790919

**ဒေါင်းမင်း** 09-425355758,255913926,252990976
- အလောင်းတော်ကဿပ၊ မုံရွာ၊ စစ်ကိုင်း၊ မန္တလေး(၃)ရက်။ ပြင်ဦးလွင်ပါ(၅)ရက်။
- မန်းရွှေစက်တော်၊ မင်းဘူး၊ မကွေး၊ ပြည် လမ်းဘုရားစုံ(၃)ရက်။ ပုဂံ-ညောင်ဦး ပုပ္ပါးပါ(၅)ရက်။
- မန်းရွှေစက်တော်၊ အလောင်းတော်ကဿပ(၅)ရက်။ ပုဂံ-ညောင်ဦးပါ(၇)ရက်။
- မန်းရွှေစက်တော်၊ ရခိုင်၊ မြောက်ဦး၊ စစ်တွေ၊ ကျောက်တော်၊ ငပလီ(၇)ရက်။
- တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ကဲ့လုံ၊ ထမ်ဖမ်း၊ ကက္ကူ(၅)ရက်။ လွိုင်ကော်ပါ(၅)ရက်။
- မော်လမြိုင်၊ ကျိုက္ခမီ၊ စက်စဲ(၃)ရက်။ ဆက်၍-ထားဝယ်ရှင်ကိုးရှင်၊ မောင်းမကန်(၆)ရက်။
- ထားဝယ်ရှင်ကိုးရှင်၊ မောင်းမကန်၊ ကန်ချူနာ့ပူရိ၊ ယိုးဒယား၊ ဘန်ကောက်၊ မြဘုရား(၇)ရက်။
- မန္တလေး၊ ကျောက်စိမ်းဘုရား၊ စစ်ကိုင်း၊ ပြင်ဦးလွင်(၃)ရက် 45000/65000
- ပုဂံ(ရွှယ်တော်လေးဆူ)၊ ပုပ္ပါး၊ ပခုက္ကူ၊ သီဟိုဠ်ရှင် (၃)ရက် 50000/70000

**RUBY** ကားစီးလုံးငှားသည်
519100
09-51-77212, 535100
(ယာဉ်ပိုင်ရှင်များဆက်သွယ်ပါ)

**NT** Car Rental 09 73139320 01 661668
(သင်္ကြန် ကားအမျိုးမျိုး)
ခရီးစဉ်မျိုးစုံ နှင့် လချုပ်
ကားမျိုးစုံ ငှားရန် ရှိသည်
ယာဉ်ပိုင်ရှင်များ အားဖိတ်ခေါ်ပါသည်

**Flowery Land Travels & Tours**
သင်္ကြန်ကာလ ပြည်တွင်းခရီးစဉ်များ
- ➤ တောင်ကြီး-အင်းလေး-ပင်းတယ-ကလော (5D/4N) 170,000/-
- ➤ မန္တလေး(ရေပြာအိုင်)-မင်းကွန်း-ပြင်ဦးလွင် (5D/4N) 170,000/-
- ➤ ထားဝယ်ရှင်ကိုးရှင်-လောင်းလုံဘုတ်ကျွန်း-မောင်းမကန်ကမ်းခြေ (6D/5N) 220,000/-

01-523077, 01-525856, 09-73129785,
09-420023148,09-795555650,09-425309581

## အသိပေးကြေညာချက်

ဂျပန်နိုင်ငံမှ မော်တော်ယာဉ်များ တင်ဆောင်လာသည့် M.V OCEAN BLUE V.327 သင်္ဘောသည် ၆-၄-၂၀၁၆ ရက်ခန့်တွင် ရန်ကုန်ဆိပ်ကမ်းသို့ ဆိုက်ကပ်၍ ကုန်ချလုပ်ငန်းဆောင်ရွက်မည် ဖြစ်ပါသည်။

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါ ပစ္စည်းများကို ORIGINAL BILL OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့်အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါ တယ်လီဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။ **ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈**

**ကိုယ်စားလှယ်လုပ်ငန်းဌာန၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

## အသိပေးကြေညာချက်

ဂျပန်နိုင်ငံနှင့် စင်ကာပူနိုင်ငံတို့မှ မော်တော်ယာဉ်များ တင်ဆောင်လာသည့် M.V CITY OF MUMBAI V.29 သင်္ဘောသည် ၆-၄-၂၀၁၆ ရက်ခန့်တွင် ရန်ကုန်ဆိပ်ကမ်းသို့ ဆိုက်ကပ်၍ ကုန်ချလုပ်ငန်းဆောင်ရွက်မည် ဖြစ်ပါသည်။

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါ ပစ္စည်းများကို ORIGINAL BILL OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့်အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါ တယ်လီဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။ **ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈**

**ကိုယ်စားလှယ်လုပ်ငန်းဌာန၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**





ယမန်နှစ် နှစ်ကူးအတာသင်္ကြန်ပွဲတော်၌ ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ မဏ္ဍပ်တစ်ခုတွင် နိုင်ငံခြားသားများ ပျော်ရွှင်စွာပါဝင်ဆင်နွှဲခဲ့သည်ကို တွေ့ရစဉ်။ (ငွေးအောင်)

# စီးပွားရေးဆန်သော သင်္ကြန်မဏ္ဍပ်များ ခွင့်မပြုသော်လည်း လက်တစ်လုံးခြားလုပ်လာနိုင်ဟု မဏ္ဍပ်စီစဉ်သူများထံမှသိရ

**စနိုး**

**ရန်ကုန် မေ ၄**

ယခုနှစ် သင်္ကြန်ပွဲတော်ကာလတွင် စီးပွားဖြစ်လုပ်ကိုင်မည့်ရေကစားမဏ္ဍပ်များကို ခွင့်မပြုသော်လည်း လုပ်ငန်းရှင်အချို့က လက်တစ်လုံးခြားလုပ်ကိုင်ဆောင်ရွက်လာနိုင်ကြောင်း ရေကစားမဏ္ဍပ်ဆောက်ရန် စီစဉ်နေသူများထံမှ သိရသည်။

"မိသားစုမဏ္ဍပ်အဖြစ်နဲ့ ကိုယ့်အိမ်တွေ၊ ခြံတွေရှေ့မှာပဲ ခွင့်ပြုမယ်ဆိုတော့ လုပ်ငန်းရှင်တချို့လည်း နေရာငှားရမ်းပြီး လုပ်ကိုင်ဖို့ စီစဉ်နေတာတွေရှိတယ်။ အဲဒီလိုအခြေအနေတွေကြောင့်လည်း မဏ္ဍပ်မှာ ရေကစားချင်သူတွေအတွက်တော့ ရေကစားခွင့်ရမယ့် လက်မှတ်ခက ကြီးမြင့်လာနိုင်တယ်"ဟု ကုမ္ပဏီမိသားစုမဏ္ဍပ်ဆောက်ရန် စီစဉ်နေသူတစ်ဦးကပြောသည်။

ရန်ကုန်မြို့၏ အချက်အချာကျသော လမ်းမကြီးများပေါ်တွင် မြေနေရာ၊ အိမ်ရာခြံဝင်းများ ပိုင်ဆိုင်ထားသူများက မိမိတို့ကုမ္ပဏီလုပ်ငန်း၏ မိသားစုရေကစားမဏ္ဍပ်ဆောက်ရန် စီစဉ်မှုများရှိသလို အချို့မှာ ပွဲစားများက တစ်ဆင့် လိုက်လံစုံစမ်း၍ ငှားရမ်းရန် ပြင်ဆင်မှုများရှိနေပြီး ငှားရမ်းခသည်လည်း သင်္ကြန်မတိုင်မီ မဏ္ဍပ်ဆောက်ရန် တစ်ရက်၊ ရေကစားရန် ငါးရက်၊ မဏ္ဍပ်ဖျက်သိမ်းရန် တစ်ရက်တို့ အပါအဝင် ခုနစ်ရက်စာ အတွက် ငှားရမ်းသွားရန် စီစဉ်နေကြခြင်းဖြစ်သည်။

ထို့ကြောင့် မြေနေရာ၊ အိမ်ရာခြံဝင်းပိုင်ရှင်များက ယင်းခုနစ်ရက်စာကို ငှားရမ်းခ ကျပ်သိန်းရာဂဏန်းအထိ ဈေးခေါ်မှုများရှိနေကြောင်း ပွဲစားတစ်ဦးက ပြောသည်။ "ကျွန်တော့်မိတ်ဆွေက ရှာခိုင်းလို့ ငှားဖို့လိုက်ရှာတာ ဈေးတွေက အရမ်းများတယ်။

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ❖

# နှစ်သစ်ကူးရုံးပိတ်ရက်များတွင် သတင်းစာများ အလှည့်ကျထုတ်ဝေမည်

**နေပြည်တော် မေ ၄**

မြန်မာ့နှစ်သစ်ကူးရုံးပိတ်ရက်များအတွင်း ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ နေ့စဉ်ထုတ်သတင်းစာများကို အလှည့်ကျထုတ်ဝေမည်ဖြစ်သည်။

မေပြီ ၁၁၊ ၁၂၊ ၁၃၊ ၁၄၊ ၁၅ ရက်တို့တွင် မြန်မာ့အလင်းသတင်းစာကို ထုတ်ဝေသွားမည်ဖြစ်ပြီး ကြေးမုံ သတင်းစာနှင့် ဂလိုဘယ်နယူးလိုက်အော့ဖ်မြန်မာသတင်းစာတို့ကို ခေတ္တရပ်နားသွားမည်ဖြစ်သည်။

မေပြီ ၁၆၊ ၁၇၊ ၁၈၊ ၁၉၊ ၂၀ ရက်တို့တွင် ကြေးမုံသတင်းစာနှင့် ဂလိုဘယ်နယူးလိုက်အော့ဖ်မြန်မာသတင်းစာတို့ကို ထုတ်ဝေသွားမည်ဖြစ်ပြီး မြန်မာ့အလင်းသတင်းစာကို ခေတ္တရပ်နားသွားမည်ဖြစ်သည်။

ထို့အတူ ကိုယ်ပွားသတင်းစာတိုက်(မန္တလေး)မှ ထုတ်ဝေလျက်ရှိသည့် မန္တလေးကဏ္ဍစာမျက်နှာကိုလည်း သင်္ကြန်ရုံးပိတ်ရက်ကာလများဖြစ်သည့် မေပြီ ၁၃၊ ၁၆၊ ၂၀ ရက်တို့တွင်လည်းကောင်း၊ ကိုယ်ပွားသတင်းစာတိုက် (မော်လမြိုင်)မှ ထုတ်ဝေလျက်ရှိသည့် တိုင်းရင်းသားဘာသာအချပ်ပိုကို မေပြီ ၁၇ ရက်တွင်လည်းကောင်း ရပ်နားမည်ဖြစ်ပြီး ရုံးပိတ်ရက်ကျော်လွန်ပါက ပုံမှန်ပြန်လည်ထုတ်ဝေသွားမည်ဖြစ်သည်။

သတင်းစာကြော်ငြာများကိုမူ သတင်းစာတိုက်များ၏ အလှည့်ကျပိတ်ရက်ကာလများတွင် ပိတ်ရက်မရှိ လက်ခံပေးသွားမည်ဖြစ်ပြီး မေပြီ ၂၁ ရက်မှစ၍ သတင်းစာများအားလုံး ပုံမှန်အတိုင်း ဆက်လက်ထုတ်ဝေသွားမည်ဖြစ်သည်။ **(သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း)**

ယနေ့ ၀

**မာတိကာ**

မျှော်လင့်ချက်တွေကို သတိတရားနဲ့ ဆုပ်ကိုင်ကြမယ် စာမျက်နှာ - ၃

လက်ဆောင်ပစ္စည်း လက်ခံခြင်းနှင့်ပတ်သက်သည့် နိုင်ငံတော်သမ္မတရုံး၏ လမ်းညွှန်ချက်ထုတ်ပြန် စာမျက်နှာ - ၇

# မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်ပွဲ၏ နောက်ဆက်တွဲဂယက်

**သီသီမင်း**

ရုပ်ရှင်ချစ်ပရိသတ်များနှင့် ရုပ်ရှင်လောကသားများ ရင်ခုန်စွာမျှော်လင့်စောင့်စားခဲ့သည့် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲကြီး မေပြီ ၃ ရက်က အောင်မြင်စွာကျင်းပပြီးစီးခဲ့ပြီဖြစ်သည်။

သို့သော် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်ပွဲတွင် ပေးအပ်သည့်ဆုများထဲမှ အမျိုးသားဇာတ်ဆောင်ဆုနှင့် အမျိုးသားဇာတ်ပို့ဆု ပေးအပ်ချီးမြှင့်မှုနှင့် စပ်လျဉ်းပြီး ရုပ်ရှင်ချစ်ပရိသတ်များနှင့် အနုပညာရှင် ရုပ်ရှင်လောကသားများအကြား နောက်ဆက်တွဲ ဝေဖန်မှုဂယက်ရိုက်ခတ်မှုများရှိခဲ့သည်။

ဒါရိုက်တာ မောင်သီ၏ လူမှုကွန်ရက်စာမျက်နှာတွင် "အားလုံးကထင်ထားတဲ့ ခင်လှိုင်ကိုမပေးဘဲ ဗေလုဝကို ပေးလိုက်တဲ့နောက်ကွယ်မှာ အကြောင်းရှိမယ်လို့ ယူဆမိပါတယ်။ ဗေလုဝကိုပေးချင်ရင် နေတိုးကိုဖြုတ်ပြီး ၂၀၁၅ ဇာတ်ဆောင်ဆုပေးရမှာပါ။ ဇာတ်ကားအရ ဗေလုဝဟာ အဓိကဇာတ်ဆောင်ဖြစ်ပါတယ်"ဟု အကယ်ဒမီရွေးချယ်ရေးအဖွဲ့သို့

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ❑


ရုပ်ရှင်သရုပ်ဆောင် ခင်လှိုင်အား အနုပညာရှင် များက နှစ်သိမ့် အားပေးစဉ်။
ဓာတ်ပုံ-ငွေးအောင်

